Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.66 (1123-1137) သခြေင်း၊ရှင်ခြင်း

တိုက်ပွဲ

၁၁၂၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၁၂၃ - ဘယ်သူကလုပ်ရဲတာလဲ

ထိုစဉ် ဟောင်ရှုအိုင်က အခန်းထဲကို
ရုတ်တရက်
ဝင်လာပြီး ယန်ယွဲ့ သတိပြန်ရလာကြောင်း
မြင်သောအခါ ဝမ်းသာသွားသည် "သူဌေး!
မင်းအဆင်ပြေရဲ့လား"

ယန်ယွဲ့က အနည်းငယ်ခေါင်းညိတ်ပြီး
"မင်းဘာလို့ဒီလောက်အလျင်လိုနေတာလဲ။
တစ်ခုခုဖြစ်သွားလို့လား”

ဟောင်ရှုအိုင်က  ခဏတာတုံ့ဆိုင်းသွားပြီး “သူဌေး… အဲဒါတွေ… လှျို့ဝှက်ခြံဝန်းရဲ့ အပေါင်းအပါတွေက အဝါရောင်ဝတ်လူငယ်နဲ့ ဝံပုလွေဖြူကို မြို့ရိုးကနေ ဆွဲထုတ်ပြီး သိမ်းသွားကြတယ်။ တစ်စုံတစ်ခုအတွက် အဝါရောင်ဝတ်လူငယ်နဲ့ ဝံပုလွေဖြူ လိုအပ်နေတယ်လို့ သူတို့က ပြောတယ်….”

ဘမ်း!

ယန်ယဲ့ထံမှ အနီရောင်အလင်းတန်းများ ရုတ်တရက် ထွက်ပေါ်လာပြီး အခန်းသည် ချက်ချင်းဆိုသလို ကွဲအက်သွားခဲ့သည်။

"ငါ့ရဲ့အကျဉ်းသားတွေကို ဘယ်လို လွှတ်ပေးရဲတာလဲ" ယန်ယဲ့၏ဒေါသသံက ပဲ့တင်ထပ်ဘာကာ အနီရောင် အလင်းတန်းများ ကောင်းကင်သို့ ပစ်လွှတ်လိုက်သည် ။

တိမ်ပင်လယ်မြို့တော်၏မြို့ရိုးအောက်တွင်
ရှန်ချင်းယင်က
အတွင်းစည်းကျောင်းသားအဖွဲ့တစ်ဖွဲ့ကို
ဦးဆောင်ကာ
ခရမ်းရောင်ရွှေရောင်ဝတ်ထားသည့် လူငယ်
၁၀ ဦး၏လမ်းကြောင်းကို
ပိတ်ဆို့ထားခဲ့သည်။

ဤကျောင်းသား ၁၀ ဦးအနက် အများစုမှာ
သူတော်စင်တစ်ပိုင်းအဆင့်များ ဖြစ်ကာ
အားအနည်းဆုံးသူပင်

အထွက်အထိပ်အဆင့်သိုင်းကျောင်းဖြစ်သ
ည်။

"ရဲကိုင်ယင်! အဲဒီအဝါရောင် ဝတ်စုံနဲ့
ဝံပုလွေဖြူကို ငါတို့ဖမ်းထားတာ။
နင့်ရဲ့လျှို့ဝှက်တရားရုံးနဲ့ ဘာမှမဆိုင်ဘူး။
နင်တို့အားလုံး ဒီကိုရောက်လာပြီး
အတင်းခေါ်သွားတာဟာ
တရားမျှတတာတော့မဟုတ်ဘူးမလား "
ရှန်ချင်းယင်က အနည်းငယ်
သုန်မှုန်နေသောအမူအရာကို ထုတ်ပြရင်း

အဖွဲ့ကို ဦးဆောင်သူအား
စိုက်ကြည့်နေသည်။

ရဲကိုင်ယင် ဟုခေါ်သောလူက ရယ်မောပြီး
“ဆရာမရှန်၊ အဲဒါ မမှန်ဘူး။ ငါတို့အားလုံးက
အကယ်ဒမီက ဆိုတော့ ငါတို့ကြားက
ကွာခြားချက်ရှိသလား။
ဒီအဝါရောင်ဝတ်လူငယ်နဲ့ ဝံပုလွေဖြူက
နည်းနည်းလေးထူးခြားတယ်။ အထူးသဖြင့်
ဝံပုလွေဖြူ ဘဲ။ သူက
ရွှေနတ်ဆိုးဝံပုလွေဘုရင်ရဲ့

သား(၅)ယောက်ထဲက တစ်ယောက်လေ။
ဒါကြောင့် သူ့ကိုသေဖို့ ခွင့်မပြုနိုင်ဘူး။
ငါတို့က ရွှေနတ်ဆိုးဝံပုလွေဘုရင်နဲ့
စေ့စပ်ညှိနှိုင်းဖို့တောင် အသုံးပြုလို့ရတယ်"

“ငါတို့ ညှိနှိုင်းမယ်ဆိုရင်တောင်မှ ငါတို့ရဲ့
အပြင်စည်းခြံဝန်းနဲ့ အတွင်းစည်းခြံဝန်းကပဲ
လုပ်သင့်တယ်။မင်းတို့လျှို့ဝှက်ခြံဝန်းနဲ့
လုံးဝ မသက်ဆိုင်ဘူး" ဖုန်းဝူချောင်က
အေးစက်စွာပြောလိုက်သည်။

ရဲကိုင်ယင်က ဖုန်းဝူချောင်ကို တစ်ချက်ကြည့်လိုက်ပြီး "မင်း ရိုက်နှက်ခံချင်နေတာလား"

ဖုန်းဝူချောင်၏မျက်နှာသည် အေးစက်သွားသည်။ ရှန်ချင်းယင်က ရှေ့ပိတ်ရပ်လိုက်ပြီး ရဲကိုင်ယင်ကို စိုက်ကြည့်ရင်း “ ရဲကိုင်ယင်၊ နင်ပြောတာတွေက အဓိပ္ပာယ်ရှိတယ်ဆိုတာ ငါသိတယ်။ နောက်ဆုံးတော့ ငါ့မှာ တူညီတဲ့ အစီအစဉ်တစ်ခု ရှိခဲ့တယ်လေ။ ဒါပေမဲ့

သူတို့နှစ်ယောက်လုံးကို အပြင်စည်းခြံဝန်းရဲ့
နည်းပြဆရာရဲယန်ကဖမ်းထားတာ။
ဒါကြောင့်မို့လို့ သူ့မှာပဲ
ကိုင်တွယ်ဖြေရှင်းပိုင်ခွင့်ရှိတယ်”

"အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာလား"
ရဲကိုင်ယင်ဓါန်ဘေးရှိ အမျိုးသား
တစ်ယောက်က အေးစက်စွာ ရယ်မောရင်း
“ဒါဆို အပြင်စည်းခြံဝန်းမှာ နည်းပြအသစ်
ထပ်ရှိပြန်ပြီလား။ ဘာဖြစ်သလဲ၊
ငါ့လျှို့ဝှက်ခြံဝန်းက သူတို့ကို အလိုရှိတယ်။

ဒါကို အပြင်စည်းခြံဝန်းက ငြင်းဝံ့တယ်လို့ မင်းပြောနေတာလား။ သူဉာဏ်ကောင်းရင် ကောင်းလိမ့်မယ်၊ ဒါပေမဲ့ သူမဟုတ်ရင် ဟီးဟီး…။ အကယ်ဒမီမှာ နည်းပြဆရာကို ရိုက်နှက်တာနဲ့ ပတ်သက်ပြီး စည်းမျဉ်းမရှိဘူးနော်”

"ကုန်းစွန်း၊ မင်းဘယ်လိုတောင်ပြောရဲတာလဲ" ရဲကိုင်ယင်က သူ့လက်ကို ဝှေ့ယမ်းပြီး ပြောလိုက်သည် "ဘာပဲဖြစ်ဖြစ် သူက

နည်းပြဆရာလေ၊ သူ့ကို လေးစားရမယ်။
နားလည်လား"

ကုန်းစွန်း ဟုခေါ်သောလူက
တဟားဟားရယ်ပြီး “နားလည်ပါတယ်။
ငါနားလည်တယ်။
သူ့ကိုလေးစားရမယ်ဟုတ်လား။ သူက
ညဏ်ကောင်းရင် ငါတို့က သူ့ကို လေးစားမှာ
သေချာတယ်။ ဒါပေမဲ့ သူမဟုတ်ရင် ငါ
ဘာမှ အာမမခံနိုင်ဘူး"

ရဲကိုင်ယင်က ရှန်ချင်းယင် နှင့်
အခြားသူများကို လက်ဝှေ့ယမ်းပြီး
အကူအညီမဲ့ဟန်ဆောင်ကာ
"တောင်းပန်ပါတယ်။ အစ်ကိုကုန်းစွန်း ရဲ့
စရိုက်က ဒီလိုပါပဲ။ ကျေးဇူးပြုပြီး သူ့ကို
စိတ်မဆိုးပါနဲ့"

ဖုန်းဝူချောင်က "ငါတို့
လုံးဝစိတ်မဝင်စားဘူး"

သူ့နောက်က

အခြားအပြင်စည်းကျောင်းသားများ နှင့်

အတွင်းစည်းကျောင်းသားများ ကလည်း

သူတို့ စိတ်မဝင်စားဟန်ဖြင့်

ခေါင်းညိတ်ကြသည်။ ထို့အပြင်

ရဲကိုင်ယင်၏အဖွဲ့အား ကြည့်နေစဉ်

၎င်းတို့၏အကြည့်များက

သနားဟန်များပင်ရှိနေခဲ့သည်။

တိမ်ပင်လယ်မြို့တွင် မြို့တံခါးကြီး

(၄)ပေါက်ရှိ၍

မြို့တွင်းရှိ
အင်အားစုများနှင့်အကယ်ဒမီ၏ကျောင်း
သားများအုပ်စုက အသီးသီး
စောင့်ကြပ်ထားကြသည်။ ပင်မတံခါးတွင်
ယန်ယဲ့၏အောင်မြင်မှုများက မြို့ထဲကို
ပျံ့နှံ့မသွားသေးသဖြင့်
လျှို့ဝှက်ခြံဝန်း၏ကျောင်းသားများက
မသိကြသည်မှာ ပုံမှန်ပင်။ သို့ရာတွင်၊
လျှို့ဝှက်ခြံဝန်း၏ အဖွဲ့ဝင်များသည်
၎င်းကိုသတိမထားမိသော်လည်း

အတွင်းစည်းကျောင်းသားများကတော့
မျက်မြင်တွေ့ခဲ့ရသည်။

လှိုဝှက်ခြံဝန်းက အစွမ်းထက်ပါသလော။

အစွမ်းထက်ပညာရှင်များ၊ သို့တည်းမဟုတ်
အထွတ်အထိပ်သိုင်းကျောဇ်များ
ရှိသော်လည်း အချို့သော
သူတော်စင်တစ်ပိုင်းအဆင့်များ ပင်လျှင်
၎င်းတို့နှင့် မယှဉ်နိုင်ပေ။
သူတော်စင်တစ်ပိုင်းအဆင့် အဖွဲ့ဝင်များက

ပို၍ပင်ကြောက်စရာကောင်း၏။ ထို့ကြောင့် တိမ်ပင်လယ်အကယ်ဒမီက အဖွဲ့ဝင် ၃ဝ လောက်သာရှိသော လျှို့ဝှက်ခြံဝန်းကို မြောက်ဖက်မြို့တံခါးအား စောင့်ကြပ်ဖို့ ခွင့်ပြုခဲ့သည်။

သို့သော်လည်း လျှို့ဝှက်ခြံဝန်းက အားကောင်းနေသည့်တိုင် ယန်ယဲ့ကော မည်သို့နည်း။

အကယ်၍ သူတို့ကိုသာ
ရွေးချယ်ခွင့်ပေးထားပါက ယန်ယဲ့ကို
ရင်ဆိုင်သည်ထက် လျို့ဝှက်ခြံဝန်းကိုသာ
ရင်ဆိုင်ပေမည်။
လျို့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များသည်
မာနကြီး၊ မောက်မာသော်လည်း
ယန်ယဲ့သည် မောက်မာရုံမျှသာမကပေ။
ထိုလူက ရက်စက်ကြမ်းကြုတ်ပြီး
အထိန်းအကွပ်မဲ့စွာရူးသွပ်သောလူဖြစ်သည်
။

ထိုလူ၏ရှုးသွပ်မှုသည်
အတုအယောင်မဟုတ်ပေ။

လူတစ်ယောက်က အရူးမဟုတ်လျှင်
အတွင်းစည်းကျောင်းသားများ၊
အကြီးအကဲတစ်ယောက်နှင့်
နည်းပြဆရာကို သတ်ဖို့ကြိုးစားပြီး
သန့်ရှင်းသော
နတ်ဆိုးဝံပုလွေစစ်တပ်နောက်ကို
လိုက်ပါသတ်ဖြတ်ဝံ့ပါမည်လော။

ရှန်ချင်းယင်က ရဲကိုင်ယင်နှင့်အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "ရှန့်ကွမ်းယုဟိုင် ရဲ့မျက်နှာကိုထောက်ထားပြီး ဆင်ခြင်ဉာဏ်မရှိတဲ့ ရဲကိုင်ယင်! နင့်ကို ထပ်ပြီးသတိပေးမယ်။ အဲဒီလူနဲ့ ဝံပုလွေကို ဒီနေရာမှာ ထားခဲ့ပါ။ ပြီးတော့ အခုချက်ချင်း ထွက်သွားတော့။ အဲဒီလိုလုပ်ရင် ဘာမှဖြစ်လာမှာမဟုတ်ဘူးလို့ ငါအာမခံတယ်။ မဟုတ်ရင် ရှန့်ကွမ်းယုဟိုင် လာရင်တောင် နင့်ကို ကယ်နိုင်မှာ မဟုတ်ဘူး”

ရဲကိုင်ယင်က မျက်လုံးများ
အနည်းငယ်မှေးကျင်းသွားကာ
"တကယ်တော့ နည်းပြဆရာမရှန် က
အတင်းတောင်းဆိုခဲ့မယ်ဆိုရင် ငါ
မင်းကိုမျက်နှာသာပေးပြီး သူတို့ကို မယူဘဲ
ထားခဲ့လိုက်မှာသေချာတယ်။ ဒါပေမဲ့
မင်းဒီလိုပြောပြီးဆိုတော့ ငါ့အတွက် တစ်
ခုခုဖြစ်လာမှာကို ငါတကယ်ကြည့်ချင်တယ်
"

ဘမ်း!

ရုတ်တရက်ဆိုသလို ကောင်းကင်
ယံအထက်တွင် အနီရောင်အလင်းတန်းကြီး
တလက်လက်တောက်ပလာသည်။

အနီရောင်အလင်းတန်းက
ကောင်းကင်ယံအထက်၌ ရှိနေဆဲပါ။
သို့သော်လည်း ရဲကိုင်ယင်၏ရှေ့တွင်
ပုံရိပ်တစ်ခု ပေါ်လာသည်။
တစ်ချိန်တည်းမှာပင် ပုံရိပ်က
တုန်လှုပ်ချောက်ချားနေသေးသော
ရဲကိုင်ယင်၏လည်ပင်းကို ဖမ်းဆုပ်ကာ

မြေပြင်ကနေ ဆွဲမြှောက်ထားလိုက်သည်။
ရဲကိုင်ယင်က သတိပြန်ဝင်လာပြီးနောက်
မျက်နှာတစ်ခုလုံး
ခရမ်းရောင်ပြောင်းသွားသည်။

ပုံရိပ်က သဘာဝအတိုင်း
သူတို့ပြောဆိုနေသည့်
အပြင်စည်းနည်းပြဆရာ ယန်ယဲ့ ပင်။

"အခု မင်းကို တစ်ခုခုလုပ်လိုက်ရင် မင်းငါ့ကို
ဘာပြောမလဲ" ယန်ယဲ့က

ရဲကိုင်ယင်၏လည်ပင်းကို ညာလက်ဖြင့်
ဆုပ်ကိုင်ပြီး အပေါ်ဆွဲမြှောက်လိုက်သည် ။

ဤရုတ်တရက် အဖြစ်အပျက်က
ဤနေရာမှ လူတိုင်းကို
အံ့အားသင့်စေခဲ့သည်။

ထိတ်လန့်တုန်လှုပ်နေရာကနေ
သတိပြန်ဝင်လာသည်နှင့်တပြိုင်နက်
အတွင်းစည်းကျောင်းသားများအားလုံး
အလိုလိုနောက်သို့ ခြေတစ်လှမ်းဆုတ်ကာ

ယန်ယဲ့ နှင့် အတော်ဝေးဝေးထိ

ထွက်ခွာသွားကြသည်။

လှိုု့ဝှက်ခြံဝန်း၏ကျောင်းသားများသည်

တော့ မျက်နှာအမူအရာများ သိသိသာသာ

ပြောင်းလဲသွားကြသည်။

သူတို့၏အကြည့်များသည် ယန်ယဲ့ကို

သတ်ဖြတ်ချင်စိတ်များနှင့် စိုက်ကြည့်ရင်း

ပြင်းထန်သောအရှိန်အဝါများ

ပေါက်ကွဲထွက်လာခဲ့လေသည်။

ရှန်ချင်းယင်က လှို့ဝှက်ခြံဝန်းကျောင်းသား ကုန်းစွန်းကို ကြည့်ကာ "သူတို့ကို လွှတ်လိုက်ပါ၊ ဒါမှမဟုတ်ရင် နင်တို့အတွက် သေခြင်းတရားက ရောက်လာလိမ့်မယ်"

ရှန်ချင်းယင် ပြောလိုက်သည့် စကားကို ကြားသောအခါ လှို့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များအားလုံး အမူအရာပြောင်းသွားသည်။

ထိုအချိန်တွင် ယန်ယွဲ့သည် ရဲကိုင်ယင်ကို မြေပြင်နှင့် ရုတ်တရက် ဆောင့်ရိုက်ချလိုက်သည်။

အုန်း!

အသည်းအသန် နာကျင်သောအော်ဟစ်သံနှင့်အတူ မြေပြင်တစ်ခုလုံး ပြင်းထန်စွာ တုန်ခါသွားသည်။ ရဲကိုင်ယင်၏ခေါင်းက မြေပြင်ပေါ်သို့ ရိုက်ချခံလိုက်ရသည်။

သို့သော်လည်း သူ့ခန္ဓာကိုယ်က
အတော်လေးသန်မာသည်ဖြစ်ရာ ခေါင်းက
ပေါက်ကွဲမသွားသေးဘဲ
သွေးအနည်းငယ်သာ ဖြန်းခနဲ
ပန်းထွက်လာသည်…။

"မင်း" ကုန်းစွန်းက ဒေါသတကြီးဖြစ်ကာ
စကားစလုဆဲဆဲဖြစ်သည်။ သို့သော်လည်း
ယန်ယဲ့သည် ရုတ်တရက် ရဲကိုင်ယင်ကို
ပြောက်ပြီး ကုန်းစွန်း ထံ ပစ်လွှတ်လိုက်၏။
ကုန်းစွန်းက

အလျင်အမြန်တုန့်ပြန်လိုက်သော်လည်း
လွင့်ပျံလာသော ရဲကိုင်ကို
မထိန်းနိုင်တော့ပေ။ တစ်ချိန်တည်းမှာပင်
ရဲကိုင်၏ခန္ဓာကိုယ်က ကုန်းစွန်း နှင့်
လှို့ဝှက်ခြံဝန်း၏အဖွဲ့ဝင် ၂ ဦးကို
ဝင်တိုက်ကာ
နောက်ပြန်လွင့်ထွက်သွားစေသည်။

လှို့ဝှက်ခြံဝန်း၏ကျန်ကျောင်းသားများလ
ည်း အံ့သြသွားကြသည်။
တိုက်ခိုက်ဖို့ပြင်နေသူများလည်း

ရှေ့မတိုးဝံ့တော့ပေ။ ရဲကိုင်ယင် နှင့်
ကုန်းစွန်းတို့က
သူတော်စင်တစ်ပိုင်းအဆင့်များ ဖြစ်သည်။
သို့သော်လည်း သူတို့ဟာ
ယန်ယဲ့၏တိုက်ခိုက်မှုကို တစ်ချက်မျှပင်
မခုခံနိုင်ခဲ့ပေ။
ထို့ကြောင့် သူတို့က
မည်သို့တိုက်ခိုက်ဝံ့ပါမည်နည်း။

ယန်ယဲ့က လျှို့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များကို
ဂရုမစိုက်ပေ။ သူ့အမြင်တွင်

၎င်းတို့နှင့်တိုက်ခိုက်သည်က
အခိပ်ပွါယ်မရှိပါ။

သူက အဝါရောင်ဝတ်လူငယ်နှင့်
ဝံပုလွေဖြူတို့၏ သတိလစ်နေသော
ခန္ဓာကိုယ်များဆီသို့ လျှောက်သွားကာ
ဆွဲမလိုက်ပြီး မြို့ရိုးနံရံဆီသို့
ပစ်ပေါက်လိုက်သည်။ တစ်ဆက်တည်း
ဓားစွမ်းအင်ကြိုး ၈ ကြိုးကို ထုတ်လွှတ်ကာ
အဝါရောင်ဝတ်လူငယ်နှင့် ဝံပုလွေဖြူကို
မြို့ရိုးပေါ်၌ ထပ်၍ ကပ်ရိုက်ထားလေသည်။

သတိလစ်မေ့မြောနေသော

အဝါရောင်ဝတ်လူငယ်နှင့်

ဝံပုလွေဖြူတို့နှစ်ဦးလုံး နာကျင်စွာ

အော်ဟစ်လိုက်ကြသည်...။

၁၁၂၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၂၄ - အမှောင်တာအိုဥပဒေသ ကို

လေ့လာခြင်း

ယန်ယဲ့က သူတို့၂ ယောက်ကို ကြည့်ပြီး
"သေတဲ့အထိ အော်စမ်း"

အေးစက်စက်အသံနှင့်ပြောပြီး
နောက်ကိုလှည့်၍ မြို့အရှေ့တံခါးဖက်သို့
ပြန်သွားလေသည်။ မြို့တံခါးဝသို့
ရောက်ခါနီးတွင် ယန်ယဲ့က
ရုတ်တရက်ရပ်လိုက်ပြီး
“လက်စားချေချင်ရင် သန်မာတဲ့သူကို
လွှတ်လိုက်။ ငါမင်းတို့အားလုံးနဲ့
အချိန်မဖြုန်းချင်ဘူး၊ အားနည်းတဲ့သူကို

မပို့ပါနဲ့။ အဲဒီ့အပြင် မင်းက အဲဒီလူနဲ့
ဒီဝံပုလွေကို ထပ်ပြီး လုယူရဲရင်
ဒီလိုလုပ်တဲ့သူကို ငါသတ်ပစ်မယ်”

ထိုစကားပြောပြီးသည်နှင့်
ယန်ယဲ့၏ပုံရိပ်သည် တဖျပ်ဖျပ်လက်ကာ
မြို့ထဲသို့ ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ထွက်သွားသည်နှင့် ဖုန်းဝူချောင်က
လျှို့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များကို
ရုတ်တရက် စိုက်ကြည့်ကာ "မင်းတို့အားလုံး

အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာကို
မရိုက်နှက်ချင်ကြဘူးလား။ သူက ငါတို့ရဲ့
အပြင်စည်းခြံဝန်း နည်းပြဆရာလေ။
မင်းတို့အားလုံး ဘာလို့ သူ့ကို အခုမှ
မရိုက်ကြတာလဲ။ အားလုံး အခုလေးတင်
မောက်မာနေတာမဟုတ်ဘူးလား။
မင်းတို့အားလုံး ဒီလောက်တောင်
သတ္တိမရှိကြဘူးလား။ ဘာလဲ....၊ မင်းတို့က
အခုမှ လန့်နေတာလား။ မင်းတို့အားလုံး…"

ရှပင်းဝေက သူမ၏အစ်ကိုဖြစ်သူကို ပြန်ဆွဲလိုက်ပြီး ဆက်မပြောသင့်ကြောင်း အချက်ပြသည်။

ဖုန်းဝူချောင်က အသက်ပြင်းပြင်းရှူပြီး "ငါက ဒီလိုမျိုး မကျေမနပ်ဖြစ်နေတာမျိုးမဟုတ်သလို သူတို့ကို ဖိနှိပ်ဖို့ ညီအစ်ကိုရဲ့ ကို အားကိုးနေတာ မဟုတ်ဘူး။ ငါသူတို့ကို မမြင်ချင်တော့ဘူး"

လှိုု့ဝှက်ခြံဝန်း၏ကျောင်းသားများသည်
မျက်နှာထက်တွင်
ဆိုးရွားသောအမူအရာများ
ပေါ်လာကြသည်။

ထိုအချိန်တွင် ရဲကိုင်ယင် နှင့် ကုန်းစွန်း
တို့နှစ်ယောက်လုံး အပျက်အစီးပုံများထဲမှ
တွားသွားထွက်လာကြသည်။ ဒီအချိန်မှာ
နှစ်ယောက်စလုံး
စိတ်မကောင်းစရာပုံစံများဖြစ်နေလေသည်။

အထူးသဖြင့် ရဲကိုင်ယင်ပါ။

သူ့မျက်နှာတစ်ခုလုံးက

လူရုပ်ပင်မပေါ်တော့ချေ။

နဖူးချိုင့်ဝင်သွားသလို

နှာတံတစ်ခြမ်းပျောက်ပြီး

နှုတ်ခမ်းတစ်ဝက်လည်း ပဲ့ထွက်သွားကာ

မျက်နှာတစ်ခုလုံး

သွေးများဖုံးလွှမ်းသွားသည်။

ဒီအခြေအနေက လုံးဝကို

ကြောက်စရာကောင်းသည့်

မြင်ကွင်းတစ်ခုပင်။

ရှန်ချင်းယင်က ရဲကိုင်ယင်ကို
အေးစက်စက်ပြောလိုက်လေသည်
"နင့်နေရာမှာ ငါသာဆိုရင်
ငါ့ပါးစပ်ကိုပိတ်ထားမှာဘဲ။
နင်တို့အားလုံးသိအောင်ပြောရဦးမယ်။
သူက လူတိုင်းရှေ့မှာ
စည်းကမ်းထိန်းသိမ်းရေး
အကြီးအကဲတစ်ယောက်ကို ရိုက်နှက်တယ်၊
သူတော်စင်ချန်း ရဲ့တပည့်တစ်ယောက်ကို

သတ်ပစ်တယ်၊ သူ့ရဲ့မြေးမလေးကို
ရိုက်ပုတ်တယ်။

ငါ့အတွင်းစည်းခြံဝန်းက ကျောင်းသား
ဒါဇင်ကျော်ကို

သတ်ပစ်တယ်။ ငါ့ကို လူမြင်ကွင်းမှာတောင်
ရိုက်နှက်ဝံ့တယ်။ ဒါပေမဲ့ သူက
အသက်ရှင်နေပြီး အဆင်ပြေနေတုန်းဘဲ"

ဒီစကားကို ကြားလိုက်ရာ
သူတို့၏အမူအရာများက

ပြောင်းလဲသွားကြသည်။
ရဲကိုင်ယင်၏မျက်နှာက
မမြင်နိုင်သော်လည်း သူ့မျက်လုံးများဟာ
ထိတ်လန့်တုန်လှုပ်မှုနှင့် ပြည့်နှက်နေသည်။

ရှန်ချင်းယင်က ဘာမှရှင်းပြမနေဘဲ
အေးစက်စက်သာပြောလိုက်၏
"နင့်ရဲ့လျှို့ဝှက်ခြံဝန်းက လက်စားချေချင်ရင်
နင်တို့လျှို့ဝှက်ခြံဝန်းရဲ့
ကျောင်းသားဟောင်း ရှန့်ကွမ်းယုဟိုင်ကို
သွားခေါ်လိုက်။ မဟုတ်ရင်

သူ့ကိုရင်ဆိုင်တဲ့သူတိုင်း
ဒုက္ခရောက်လိမ့်မယ်။အထူးသဖြင့် နင်။
နိမ့်ကျတဲ့ အဆင့်အတန်းကို ထိန်း ထားဖို့
အကြံပေးတယ်။ နင်သေချင်တယ်
ဒါမှမဟုတ် သန်မာတယ်ထင်ရင် အခု
နင်လုပ်ခဲ့သလိုပဲ သူ့ရှေ့မှာ
မောက်မောက်မာမာ ဆက်လုပ်လို့ရတယ်"

စကားပြောပြီးသည်နှင့် ရှန်ချင်းယင်က
နောက်လှည့်၍ အခြားသူများကို မြို့ထဲသို့
ပြန်ခေါ်သွားခဲ့သည်။

လှိုင်ဝှက်ခြံဝန်း၏အဖွဲ့ဝင်များသာ
မြို့ပြင်တွင် ကျန်ရစ်ခဲ့သည်။

"ဂျူနီယာညီလေး ငါတို့ ဒီကိစ္စကို
လွှတ်လိုက်မှာလား" ကုန်းစွန်းက
တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

ရဲကိုင်ယင်က စကားမပြောသော်လည်း
သူ့မျက်လုံးများထဲတွင်
သတ်ပစ်ချင်စိတ်များ ပြည့်နှက်နေသည်။

...

တိမ်ပင်လယ်မြို့တွင်း....။

ယန်ယဲ့သည် အခန်းတစ်ခုကို ရှာခဲ့ပြီး
အခန်းထဲတွင် သူနှင့်
ခရမ်းရောင်မင့်ခ်ကလေးတို့သာ
ရှိနေခဲ့သည်။

မြေပြင်ပေါ်တွင် တင်ပျဉ်ခွေလျက်ထိုင်ကာ
ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

ရို့ဝူယင်၏အလောင်းက
သူ့ရှေ့တွင်ပေါ်လာသည်။ ယန်ယဲ့သည်
ရို့ဝူယင်၏အလောင်းကို
ကြည့်လိုက်ပြီးနောက် ချက်ချင်းပင်
စတင်သန့်စင်လိုက်သည်။

ယန်ယဲ့သည် အချိန် ၂
နာရီကျော်ကြာပြီးနောက် ရို့ဝူယင်ကို
ဓားအစေခံအဖြစ် ပြောင်းလဲလိုက်နိုင်သည်။

ယန်ယဲ့က သူ့လက်ညှိုးကို ရုတ်တရက် ပွတ်သပ်လိုက်သည်။ အခန်းအတွင်းရှိ အရာဝတ္ထုများ ကွဲအက်သွားကာ အခန်းသည် အမှောင်ထုထဲသို့ ကျသွားသည်။တစ်ချိန်တည်းမှာပင် သူ၏ဓားနယ်မြေက အခန်းထဲ၌ ပေါ်လာပြီး အခန်းတစ်ခုလုံးအား ဖုံးအုပ်လိုက်သည်။

အားလုံး ပြင်ဆင်ပြီးသည်နှင့် ရှိ့ဝူယင်က စတင်လှုပ်ရှားလာခဲ့သည်။

"အမှောင်ရဲ့နိုယာမ…" အခန်းထဲတွင် ယန်ယွဲ့ထံမှ တိုးညှင်းသော ရေရွတ်သံများ ထွက်ပေါ်လာသည်။

အခန်းထဲတွင် အလင်းရောင်၏အရိပ်အယောင်မရှိသောလည်း ယန်ယွဲ့ဟာ အဆုံးမဲ့အမှောင်ထုထဲမှ အရာအားလုံးကို အာရုံခံစားနိုင်ခဲ့သည်။

ထိုအချက်က ဓားနယ်မြေ
မည်မျှကြောက်စရာကောင်းသည်ကို
သိရှိနိုင်၏။
ဒီအချိန်မှာ ယန်ယဲ့ကိုယ်တိုင်က ဓားနယ်မြေ
အတွင်းရှိ အရာအားလုံးနှင့်
တစ်သားတည်းဖြစ်သည်။

ယခုအချိန်တွင် ယန်ယဲ့သည် ဓားနယ်မြေက
အခြားစွမ်းရည်တစ်ခုပါရှိကြောင်း၊ ၎င်းဟာ
ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိသည်။
အမြန်နှုန်းဥပဒေသကို

သူနားလည်နိုင်ခဲ့ခြင်းမှာ ဓားနယ်မြေ
ကြောင့် ဖြစ်သည်။

မှန်ပါသည်၊ အကယ်၍ အခြားသူသာဆိုလျှင်
ထိုလူကနယ်မြေတစ်ခုကို
နားလည်နိုင်သော်လည်း
အခြားသူတစ်ဦး၏နည်းစနစ်များ သို့မဟုတ်
ဥပဒေသများကို ပုံတူကူးဖို့
လုံးဝမဖြစ်နိုင်ပေ။ ထိုလူက
ပြိုင်ဖက်များကိုပင် ဓားအစေခံအဖြစ်
သန့်စင်နိုင်စွမ်းမရှိနိုင်ပါ။

ကမ္ဘာပေါ်တွင် များပြားလှသော
တာအိုဥပဒေသများရှိသည်။
၎င်းတို့အားလုံးတွင်
သက်ဆိုင်ရာလျှို့ဝှက်ချက်များနှင့်
စွမ်းရည်များ ရှိကြသည်။ အဆုံးတွင်
အားလုံးက မတူညီသောနည်းလမ်းများဖြင့်
တူညီသောဦးတည်ရာကို
အောင်မြင်ခဲ့ကြသည်။
ဥပဒေသအမျိုးအစားတစ်ခုကို
နားလည်ပြီးသည်နှင့်

မတူကွဲပြားခြားနားသော ဥပဒေသတစ်ခုကို
နားလည်ဖို့
တူညီသောနားလည်မှုနည်းလမ်းအတိုင်း
အသုံးပြုနိုင်ကြောင်း မဆိုလိုပါ။
သို့သော်လည်း
ဥပဒေသ၏နက်နဲသောအရာများကို
တွေ့ကြုံခံစားနိုင်လျှင်ပင် ထိုဥပဒေသကို
နားလည်ဖို့ လုံးဝမဖြစ်နိုင်ပေ။

ဆရာတစ်ယောက်က နည်းစနစ်တစ်ခုကို
သင်ပေးသလိုပါပဲ။ ဆရာက နည်းစနစ်ကို

တစ်ကြိမ်သာ ပြပြီး သူ့တပည့်များကို သင်ယူခိုင်းပါက ၎င်းတို့ဟာ ပါရမီရှင်များ မဟုတ်လျှင် အောင်မြင်ဖို့က လုံးဝ မဖြစ်နိုင်ပါ။ သို့သော်လည်း ထိုဆရာက ဘာမှမကိုင်ထားဘဲ သင်ပြချင်စိတ်ရှိလျှင် တပည့်များက စိတ်ပါဝင်စားသရွေ့ နားလည်ဖို့အချိန်တစ်ခုသာ လိုသည်။

ဒီအချိန်မှာ ရို့ဝူယင်က ယန်ယဲ့၏ဆရာဖြစ်သည်။

"အမှောင်ထုဆိုတာ ဘာလဲ...."

ရိုးရိုးရှင်းရှင်း ပြောရလျှင် အမှောင်ထု ဟူသည် အလင်းမရှိသော နေရာကိုဆိုလိုသည်။

သို့သော် ၎င်း၏စစ်မှန်သောအဓိပ္ပါယ်က ထိုအချက်နှင့် ဝေးကွာနေပါသည်။ အလင်းမရှိသောနေရာတစ်ခုတွင် စွမ်းအင်ပုံစံ ၂ မျိုးရှိသည်။ တစ်ခုက အမှောင်စွမ်းအင်စက်ကွင်း ဖြစ်ပြီး နောက်တစ်ခုကတော့ အမှောင်စွမ်းအင်

ဖြစ်သည်။ အမှောင်ထုက အမှောင်နှင့်
အလင်းမရှိသောသူများကို
ကိုယ်စားပြုသည်။ ၎င်းတို့က အရိပ်
ကဲ့သို့ပင်၊ အမြဲတစေ မှောင်မိုက်နေသော
အရာများဖြစ်သည်။

အမှောင်စွမ်းအားစက်ကွင်းကို
အသုံးချနိုင်ပါသည်။ရို့ဂူယင်က သူ့အရိပ်ကို
အသုံးချပြီး သူ့ကို
တိုက်ခိုက်သည့်နည်းအတိုင်းပင်။
သူ့အရိပ်က

အမှောင်စွမ်းအားစက်ကွင်းကနေ
ဖြစ်ပေါ်လာသောကြောင့်ပါ။

အမှောင်တာအိုစွမ်းအင် နှင့် ပတ်သက်၍
အမှောင်စွမ်းအင်က
အမှောင်စွမ်းအားစက်ကွင်းထက် ပို၍
ကြောက်စရာကောင်းပြီး အရာရာတိုင်းကို
ဝါးမျိုသွားနိုင်သည်။ ဥပမာအားဖြင့် ယခု
ဤနေရာတွင်
အလင်းရောင်တစ်စက်မျှမရှိဘဲ အခန်းသည်
ပိန်းပိန်းပိတ်အောင်ကို မည်းမှောင်နေ၏။

ဤအမှောင်ထုသည် အမှောင်စွမ်းအင်ဟု
ယူဆနိုင်သောကြောင့် ယန်ယဲ့၏အရိပ်သည်
အမှောင်ထုကို လုံးဝဝါးမျိုသွားခဲ့သည်။
မှန်ပါသည်၊ သူ့အရိပ်က ရှိနေဆဲပါ၊ သို့သော်
အမှောင်ထုအောက်တွင် လုံးဝ
ဖုံးကွယ်နေခဲ့သည်။

သို့တိုင် ၎င်းက
အမှောင်စွမ်းအင်၏ကြောက်စရာအကောင်း
ဆုံး အသွင်အပြင်တော့ မဟုတ်သေးပါ။

ဤအခိုက်အတန့်တွင် ပတ်ဝန်းကျင်သည်
မည်းမှောင်နေပြီး
ဤအနက်ရောင်အမှောင်ထုကို
အမှောင်စွမ်းအင် ဟုခေါ်သည်။ ထိုကဲ့သို့
အမှောင်စွမ်းအင်ကို ပြိုင်ဖက်များကို
တိုက်ခိုက်ဖို့ အသုံးချနိုင်သည်။

ယန်ယဲ့အနေနှင့် သူ၏ဓားနယ်မြေကို
အသက်သွင်းပြီးသည့်တိုင်
ဒဏ်ရာအပြင်းအထန်ရနေသေးသည့်
အကြောင်းအရင်းက ရှို့ဝူယင်ဟာ

သူတို့ပတ်ဝန်းကျင်မှ
အဆိုးအစမဲ့အမှောင်စွမ်းအင်အားလုံးကို
ရှုံးသွပ်စွာအသုံးပြုလိုက်သောကြောင့်ပင်ဖြ
စ်လေသည်။

အမှောင်စွမ်းအင်က မည်မျှထိ
ကြောက်စရာကောင်းပါသနည်း။
မည်သို့ပင်ဆိုစေ သူ၏စားနယ်မြေ ဖြင့်ပင်
အမှောင်စွမ်းအင်ကို အပြည့်အဝ
မဖိနှိပ်နိုင်ခဲ့ပေ။

ယခုအချိန်အထိ ယန်ယဲ့သည် ဥပဒေ အမျိုးအစား (၄) ခုကို တွေ့မြင်နေရသည်။ ပျက်သုဉ်းခြင်းဥပဒေသ၊ အရှိန်ဥပဒေသ၊ အမှောင်ဥပဒေသ၊ ယင်နှင့်ယန်တာအိုဥပဒေသ တို့ပင်။ သူ၏ ပျက်သုဉ်းခြင်းဥပဒေသနှင့် ယင်နှင့်ယန်တာအိုဥပဒေသ တို့က အစွမ်းထက်ဆုံးဖြစ်သည်မှာ သံသယမရှိပေ။

အမြန်နှုန်းဥပဒေသ၊ အမှောင်ဥပဒေသနှင့်ပတ်သက်၍တော့

၎င်းတို့နှင့် ထိတွေ့မိပါက ချက်ချင်းပင်
ပျက်စီးသွားရပေမည်။
ထို့အပြင် သူ၏ခြားနယ်မြေမှလွဲ၍
အဆင့်တူနယ်ပယ်တွင် မည်သူမျှ
သူ၏ပျက်သုဉ်းခြင်းဥပဒေသကို
ကျော်လွှန်နိုင်စွမ်းမရှိခဲ့ပေ။

အမြန်နှုန်းဥပဒေသက ၎င်း၏အရှိန်ကြောင့်
ကြောက်မက်ဖွယ်ကောင်းပြီး
အမြန်နှုန်းကိုအသုံးပြု၍
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်များ

ကို အသာလေးသတ်နိုင်ခဲ့သည်။
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်အချို့
ပင်
ပြန်မတိုက်ခိုက်နိုင်လောက်သည့်အထိပင်။

အမှောင်ဥပဒေသ နှင့်ပတ်သက်၍တော့
လျှို့ဝှက်ဆန်းကြယ်သောကြောင့်
ကြောက်စရာကောင်းလှသည်။ အကယ်၍
၎င်းကို လုပ်ကြံသတ်ဖြတ်ရာ၌
အသုံးပြုပါက အာကာသဟင်းလင်းပြင်နှင့်
ပေါင်းစပ်ထားသည့် ကောင်းကင်အဆင့် ၃

ဓားစိတ်ဆန္ဒ ထက်ပင်

ပို၍ကြောက်စရာကောင်းသည်။

မှန်ပါသည်။ ခြွင်းချက်အနေနှင့်

အမှောင်ဥပဒေသကို ပြီးပြည့်စုံစွာ

နားလည်နိုင်ဖို့ပင်။

၁၁၂၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

## အပိုင်း ၁၁၂၅ - လှျို့ဝှက်ခြံဝန်း လား

ထိုကဲ့သို့ပင် ယန်ယဲ့သည် ပြင်ပကမ္ဘာနှင့် လုံးဝအဆက်ဖြတ်ထား၏။ သူက စိတ်ဆန္ဒကိုအသုံးချကာ ရှို့ဝူယင်အား အမှောင်ဥပဒေသကို အဆက်မပြတ်ထုတ်ဖော်စေပြီး ဘေးနားကနေ တိတ်တဆိတ်လေ့လာနေခဲ့သည်။

...

နတ်ဆိုးဝံပုလွေစစ်တပ်ဆုတ်ခွာသွားသော
ကြောင့် တိမ်ပင်လယ်မြို့တော်က
ခေတ္တငြိမ်သက်သွားသည်ဟုဆိုနိုင်သည်။

သို့သော် သေမင်း၏အရိပ်သည်
လူတိုင်း၏ခေါင်းထက်တွင် ရှိပေသေးသည်။

အားလုံးအတွက် စိတ်ပူစရာအခြေအနေ
ရှိနေသေး၏။ အထက်ကောင်းကင်ယံရှိ
သိုင်းသူတော်စင်များကြား

တိုက်ပွဲများရလာဒ်ကို
ဆုံးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက်
တိမ်ပင်လယ်မြို့တော် နှင့်
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းတို့၏
ကံကြမ္မာကို
အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

တိမ်ပင်လယ်အကယ်ဒမီ၏သိုင်းသူတော်စင်
များ အနိုင်ရပါက
တိမ်ပင်လယ်မြို့သည်လည်း သေချာပေါက်
ဘေးကင်းပါလိမ့်မည်။ သို့သော်

ရှေးနတ်ဆိုးဝံပုလွေတောင်တန်းမှ
သိုင်းသူတော်စင်များသာ အနိုင်ရခဲ့ပါက
၎င်းတို့အားလုံး
ပျက်သုဉ်းခြင်းနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

နောက်ဆုံးတွင် နတ်ဆိုးသားရဲများသည်
၎င်းတို့အား မည်သည့် သနားညှာတာခြင်း
သို့မဟုတ် ကရုဏာကို
လုံးဝပြသမည်မဟုတ်ပေ။

...

တိမ်ပင်လယ်မြို့တော်၏မြို့သခင်အိမ်တော်.

...။

ဒီအချိန်မှာ ခန်းမထဲ၌ အဖွဲ့ ၃ ဖွဲ့ ရှိနေသည်။

တစ်ဖွဲ့ မှာ ရှန်ချင်းယင် ဦးဆောင်သော

အတွင်းစည်းခြံဝန်းနှင့်

အပြင်စည်းခြံဝန်းကျောင်းသားများအဖွဲ့၊

နောက်တစ်တစ်ဖွဲ့က

အဖြူရောင်ဝတ်ရုံဝတ်လူ ဦးဆောင်သော

လျှို့ဝှက်ခြံဝန်း၏အဖွဲ့ဖြစ်သည်။

နောက်ဆုံးအုပ်စုမှာ မြို့တွင်းရှိ
အင်အားစုများဖြင့်
ဖွဲ့စည်းထားခြင်းဖြစ်သည်။

အတိအကျပြောရလျှင်
တိမ်ပင်လယ်မြို့တော်သည်
တိမ်ပင်လယ်အကယ်ဒမီ၏လက်အောက်ခံ
အင်အားစုတစ်ခုဖြစ်သည်။ သို့သော်လည်း
တိမ်ပင်လယ်မြို့ကပြုပြင်နေရဆဲဖြစ်ပြီး
၎င်းတွင်
အင်အားစုများစွာပေါင်းစည်းထား၏။

ထိုအင်အားစုများက

တိမ်ပင်လယ်အကယ်ဒမီ၏ဦးဆောင်မှုနော

က်ကို လိုက်ပါနေရဆဲပါ။ အကယ်ဒမီတွင်

သိုင်းသူတော်စင်များရှိသော်လည်း

မြို့ထဲတော့

တစ်ယောက်တစ်လေမျှပင်မရှိခဲ့ပေ။

ထို့ကြောင့် မည်သူက

မြို့သခင်နေရာကိုဆက်ခံပါစေ

အကယ်ဒမီ၏အမိန့်ကို မနာခံဘဲမနေဝံ့ပါ။

"ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက ဒီတစ်ခါ ပြင်ဆင်လာတာပါ။ လောလောဆယ် ဆုတ်ခွာသွားပေမဲ့ သေချာပေါက် တစ်ကျော့ပြန်လာမှာဘဲ။ ဒါ့အပြင် သူတို့မှာ ငါတို့မသိတဲ့ဝှက်ဖဲတွေရှိမှာ သေချာတယ်။

နည်းပြဆရာမရှန်! ညီငယ်ကျိုးရှု! မင်းတို့နှစ်ယောက်လုံး ဘယ်လိုထင်လဲ"

ဒီစကားများပြောလိုက်သူက ဟဲလင်ဖုန်း ဟုခေါ်သော လူလတ်ပိုင်းတစ်ယောက်ဖြစ်သည်။ ၎င်းက မြို့သခင်ဖြစ်ပြီး

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်လည်း ဖြစ်သည်။ သို့သော်လည်း ရှန်ချင်းယင် နှင့် အခြားသူများရှေ့တွင် မောက်မာစွာ ပြုမူဝံ့ခြင်းမရှိသေးပေ။

ကျိုးရှု ဟုခေါ်သော လူငယ်က ကုလားထိုင်၏ လက်မောင်းကို ပုတ်လိုက်ပြီး စကားမစမီ တစ်ခဏမျှ လေးလေးနက်နက် စဉ်းစားကာ "စီနီယာ ဟဲလင်ဖုန်း ပြောတာ မှန်ပါတယ်။ ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက ငါတို့

သတိမထားမိတဲ့ ဝှက်ဖဲတွေ ရှိမှာ

သေချာတယ်။ ရွှေနတ်ဆိုးဝံပုလွေဘုရင်ရဲ့

သား ၅ ယောက်ကို တွေးကြည့်ရင်တောင်

သူတို့ထဲက

တစ်ယောက်သာပေါ်လာသေးတယ်။ ကျန် ၄

ယောက်က ထွက်မလာသေးပေမယ်လို့

အခုဖမ်းထားတဲ့ ဝံပုလွေဖြူထက်တော့

အားမနည်းနိုင်ဘူး။ အဲဒါ သိပ်ကို

ဆန်းကြယ်ပါတယ်။ ငါ့လျို့ဝှက်ခြံဝန်းက

လူတချို့ကို စုံစမ်းဖို့လွှတ်လိုက်ပေမဲ့

ကံမကောင်းစွာပဲ၊ ဘာအချက်အလက်ကိုမှ
မရခဲ့ဘူး"

ဒီအထိပြောလိုက်ရင်း ရှန်ချင်းယင်ကို
ရုတ်တရက်ကြည့်လိုက်ကာ
"အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာရဲယန်က
ဝံပုလွေဖြူကို ဖမ်းထားတယ်လို့
ကြားမိတယ်။ငါတို့က ဝံပုလွေဖြူကို
အသုံးချပြီး အချက်အလက်
တချို့တလေလောက် ရဖို့ ရည်ရွယ်ခဲ့တာ။
ကံမကောင်းစွာပဲ၊ သူကငြင်းခဲ့ရုံတင်မကဘူး

ငါ့လှိုဝှက်ခြံဝန်းရဲ့အဖွဲ့ဝင်တွေကိုတောင်

ဒဏ်ရာရစေခဲ့တယ်။

ပြီးတော့လည်း ငါတို့က လက်စားချေချင်ရင်

ငါ့လှိုဝှက်ခြံဝန်းရဲ

အစွမ်းထက်ဆုံးပညာရှင်ကို

လွှတ်လိုက်သင့်တယ်လို့တောင်

ပြောခဲ့တယ်။ ဒါက

အမှန်လားလို့မေးချင်တယ်"

ရှန်ချင်းယင်က

ကျိုးရှု၏နောက်တွင်ရပ်နေသော

ရဲကိုင်ယင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
"နည်းပြဆရာ ရဲယန်က ဝံပုလွေဖွဲ့နဲ့
အဝါရောင်ဝတ်လူငယ်ကို ဖမ်းခဲ့တဲ့သူဘဲ။
ဒါကြောင့် သူတို့နဲ့ဘာလုပ်ရမယ်ဆိုတာ
သူပဲဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ ဟုတ်တယ် ၊
နင်လည်းမှန်တယ်။ ဒါကြောင့်
သူ့တံခါးပိတ်ကျင့်ကြံတာကနေ
ထွက်လာပြီးတာနဲ့ ငါ သူနဲ့ ဆွေးနွေးပါ့မယ်။
ဒါပေမဲ့ သူ ဒေါသမထွက်တော့တဲ့အထိ
ငါတို့စောင့်ရမယ်”

"ဘယ်လောက်ရယ်စရာကောင်းလိုက်တာ" ကျိုးရှုက

ရယ်မောပြီး "ဆရာမရှန်! နည်းပြဆရာ ရဲယန် ရဲ့ကိုယ်ရေးကိုယ်တာ စိတ်ခံစားမှုက ပိုအရေးကြီးသလား၊ ဒါမှမဟုတ် ငါတို့မြို့ရဲ့ လုံခြုံရေးက ပိုအရေးကြီးသလားလို့ မေးချင်တယ်"

ရှန်ချင်းယင်က မတ်တပ်ထရပ်ပြီး သူတို့ကို တစ်ချက်ကြည့်လိုက်သည်။

သူမ၏အကြည့်များက အဆုံးမှာ ကျိုးရှူ
အပေါ် ကျဆင်းသွားပြီး "နင်တို့အားလုံး
စိတ်ထဲမှာဘာရှိတယ်ဆိုတာ ငါသိပါတယ်။
ငါလည်း နင်တို့အားလုံးကို တားလို့မရဘူး။
ငါတို့အားလုံးက တူညီတဲ့
အကယ်ဒမီကနေဆိုတဲ့ အချက်ကို
ထည့်စဉ်းစားမိလို့နောက်ဆုံး
အကြံဉာဏ်တစ်ခု ပေးမယ်။
မင်တို့အားလုံးက ဒီအကျိုးဆက်တွေကို
ခံနိုင်မှာမဟုတ်ဘူး။ ဒီတော့ သူ့ကို
ပြဿနာမရှာသင့်ဘူးလို့ပြောချင်တယ်"

ကျိုးရှု လည်း ထရပ်လိုက်သည်။ သူက ရှန်ချင်းယင်၏မျက်လုံးများကို တည့်တည့်ကြည့်ပြီး "ဒီနေ့ စမ်းကြည့်ဖို့ စိတ်ကူးထားတယ်" သူပြောပြီးသည်နှင့် တံခါးဆီသို့ လျှောက်သွားကာ ခန်းမထဲကနေ ထွက်ခွာသွားပါတော့သည်။

မြို့တော်ဝန်အဖွဲ့နှင့် လျှို့ဝှက်ခြံဝန်း၏အခြားအဖွဲ့ဝင်များသည်

လည်း ခန်းမအပြင်ဖက်သို့
လိုက်ပါသွားကြသည်။

ကျိုးရှုက လှိုဝှက်ခြံဝန်း၏ကျောင်းသား ၂၀
ကျော်အဖွဲ့၊
တိမ်ပင်လယ်မြို့တော်အုပ်ချုပ်ရေးမှူးနှင့်
ပညာရှင်အဖွဲ့ကို ဦးဆောင်၍ မြို့ပြင်သို့
ထွက်လာခဲ့သည်။

အဝါရောင်ဝတ်လူငယ်နှင့် ဝံပုလွေဖြူတို့ဟာ
နံရံအထက်တွင် ကပ်ရိုက်ထားဆဲဖြစ်သည်။

ဒီအချိန်မှာ သူတို့နှစ်ယောက်လုံး သေခါနီးနေပါပြီ။

အထူးသဖြင့် ဝံပုလွေဖြူအတွက် အတော်လေးကိုဆိုးရွားလှသည်။၎င်း၏ အော်ရာက အားနည်းနေပြီး အချိန်မရွေး ပျက်စီးသွားပုံရသည်။

"သူတို့ကို ချလိုက်" ကျိုးရှုက ဝံပုလွေနှင့် လူကို ကြည့်နေရင်း သူ့လက်များကို ဖြည်းဖြည်းချင်း တင်းတင်းကြပ်ကြပ်ဆုပ်ထားသည်။

ကျိုးရှုံးစကားကိုကြားသောအခါ
လုံယုရန်နှင့် အခြားသူများ၏
အမူအရာများသည် ပြောင်းလဲသွားကာ
တိုက်ခိုက်ဖို့ပြင်လိုက်သည်။ သို့သော်လည်း
ယုဝူရှမ်က ၎င်းတို့ကို ထိုသို့မလုပ်ရန်
တားလိုက်၏။

ရဲကိုင်ယင်က အဝါရောင်ဝတ်လူငယ်နှင့်
ဝံပုလွေဖြူဆီသို့ လျှောက်သွားပြီးနောက်
ရုတ်တရက် ရပ်သွားခဲ့သည်။ သူက

ဖုန်းဝူချောင် နှင့် လူတိုင်းကို လှည့်ကြည့်ပြီး
အေးစက်စွာ ရယ်မောလိုက်သည်
"မင်းတို့အားလုံး စောစောက
စကားကြီးကြီးကျယ်ကျယ်
မပြောခဲ့ကြဘူးလား။ ငါ အခုချက်ချင်း
ဖယ်လိုက်တော့မယ်ဆိုတော့
မင်းတို့အားလုံး ဘာလို့ ငြိမ်နေကြတာလဲ။
အခု မင်းတို့ကြောက်နေပြီလား? ဟားဟား
….”

ဖုန်းဝူချောင်၊ ဟောင်ရှူအိုင် နှင့်
အခြားလူများသည် မျက်နှာပေါ်တွင်
မှုန်ကုပ်ကုပ်အမူအရာများ ရှိနေပြီး
တိုက်ခိုက်ဖို့ ပြင်လိုက်ကြသည်။

သို့သော်လည်း ယုဝူရှမ်က သူတို့ကို
နောက်တစ်ကြိမ် တားလိုက်ပြီး "သူက
ငါတို့ကို ရည်ရွယ်ချက်ရှိရှိ
ဒေါသထွက်အောင်လုပ်နေတာ။ သူ့ကို
အခွင့်အရေး ဒါမှမဟုတ် ဆင်ခြေမပေးပါနဲ့။
ရဲယန်ရောက်လာတာကို စောင့်ပါ"

ဤမြင်ကွင်းကိုမြင်သောအခါ ရဲကိုင်ယင်က အေးစက်စွာရယ်မောလိုက်ပြီး "မင်းရဲ့အပြင်စည်းခြံဝန်းကလား.....။ သူရဲဘောကြောင်တဲ့လူအုပ်ကြီးလိုပါပဲ။ အမှိုက်ကောင်တစ်အုပ်"

"ငါ့ဖင်ကို အရှက်မဲ့တယ်" ဟောင်ရှုအိုင်က မထိန်းနိုင်ဘဲ ကျိန်ဆဲလိုက်သည်။ သို့သော် သူ့ရှေ့တွင် ပုံရိပ်တစ်ခုပေါ်လာပြီး ဟောင်ရှုအိုင်လည်း ၃ ကီလိုမီတာထိ လွင့်ထွက်သွားခဲ့သည်။

ရဲကိုင်ယင်က အေးစက်စွာ
ရယ်မောလိုက်ပြီး
"ရိုင်းရိုင်းစိုင်းစိုင်းကောင်တွေ!
ရိုက်နှက်ဆုံးမထိုက်တယ်"

"မင်းသေလိုက်တော့"
အပြင်စည်းကျောင်းသားအားလုံး
ဒေါသတကြီးဖြစ်ကာ ရဲကိုင်ယင်ကို
တိုက်ခိုက်ကြသည်။

ဒီအရာကို မြင်သောအခါ ရဲကိုင်ယင်က
ပါးစပ်ထောင့်တွင်
ရက်စက်ကြမ်းကြုတ်သည့် အပြုံးတစ်ခု
ပေါ်လာသည်။ သူက လူအုပ်ထဲကို
ပြေးဝင်တိုက်ခိုက်လိုက်သည်။ ထို့အပြင်
လျှို့ဝှက်ခြံဝန်း၏
အခြားကျောင်းသားများသည်လည်း
တိုက်ခိုက်လာခဲ့သည်။

ဘုန်း! ဘုန်း! ဘုန်း!

အသက်ရှူ ၃ ရှိုက်စာထက်မနည်းအချိန်တွင် အပြင်စည်းကျောင်းသားများ အားလုံး မြေပြင်ပေါ် ရှိနေပြီဖြစ်သည်။

“ဘယ်လိုပုရွက်ဆိတ်! မင်းက ငါ့လိုျူ့ဝှက်ခြံဝန်းနဲ့ ရန်သူဖြစ်လာဖို့တောင် မထိုက်တန်ဘူး" ရဲကိုင်ယင်က လဲကျနေသော ဖုန်းဝူချောင်၏ဗိုက်ပေါ်သို့ နင်းချလိုက်သည်။
ဖုန်းဝူချောင်၏ခန္ဓာကိုယ်က

နောက်သို့ထပ်လွင့်သွားကာ မြေပေါ်တွင်
သွေးစီးကြောင်းများပန်းထွက်သွားခဲ့သည်။

ထိုအချိန်တွင်
အတွင်းစည်းကျောင်းသားတစ်ယောက်က
ရှန်ချင်းယင်ကို တိုးတိုးလေးမေးလိုက်သည်
"ဒါကို နည်းပြဆရာရဲယန် ဆီ အခုချက်ချင်း
အကြောင်းကြားရမှာလား"

ရှန်ချင်းယင်က ခေါင်းကို ခါယမ်းလိုက်ပြီး
“သူ့ကို မအကြောင်းကြားခင် သူတို့ကို

ကူသပေးပါ။ မဟုတ်ရင်
လူတွေသေလိမ့်မယ်…
အများကြီးသေသွားလိမ့်မယ်”

"သေတာလား.... ဘယ်သူသေမှာလဲ"
ရုတ်တရက် မြို့တွင်းမှ အေးစက်နေသော
အသံတစ်သံ ထွက်ပေါ်လာသည်။

ထိုစကားကိုကြားသောအခါ ရှန်ချင်းယင်၏
ခန္ဓာကိုယ်သည် ချက်ချင်းပင်
တောင့်တင်းသွားသည်။

အဘယ်ကြောင့်ဆိုသော်
ထိုအေးစက်နေသောအသံက ယန်ယဲ့
ဖြစ်နေသောကြောင့်ပင်။

ဒီအချိန်မှာ ယန်ယဲ့သည်
အလွန်စိတ်ထားကောင်းနေပုံရ၏။
မျက်နှာတွင် အပြုံးတစ်ခု ချိတ်ဆွဲထားရင်း
သူ့ရင်ခွင်ထဲတွင်
ခရမ်းရောင်မင့်ခ်ကလေးကို
ပွေ့ပိုက်ထားသည်။ သို့သော်လည်း

သိပ်မကြာခင်မှာပဲ

သူ့မျက်နှာပေါ် ရှိအပြုံးများ တဖြည်းဖြည်း

ပျောက်ကွယ်သွားခဲ့သည်။ ဖုန်းဝူချောင် နှင့်

သူ့အပြင်စည်းကျောင်းသားများကို

တွေ့လိုက်ရသောကြောင့်ပါ...

ယန်ယဲ့သည် သူတို့ဆီသို့ လျှောက်သွားပြီး

အပြင်စည်းကျောင်းသားများကို

တစ်ချက်ကြည့်လိုက်သည်။ နောက်ဆုံးတွင်

မြို့ရိုးအထက်ကို မော့ကြည့်လိုက်၏။

မြို့ရိုးအထက်က လုံးဝအလွတ်ဖြစ်ခဲ့သည်။

ယန်ယဲ့က လေးလေးနက်နက်တွေးတောပြီး ခဏအကြာတွင် သူ့အကြည့်ကို ရုတ်လိုက်ကာ "လျှို့ဝှက်ခြံဝန်း လား"

ရှန်ချင်းယင်က ခေါင်းညိတ်ကာ တုန့်ပြန်လိုက်သည်။" ဖုံးကွယ်ဖို့ မဖြစ်နိုင်ဘူးလေ"

၁၁၂၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၂၆ -

ပျော်စရာကောင်းတာတွေပြပေးမယ်

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
ခရမ်းရောင်မင့်ခ်ကလေးကို
သူ့ပုခုံးပေါ်တင်လိုက်ပြီး
ဖုန်းဝူချောင်၏နံဘေးတွင်
ထိုင်ချလိုက်သည်။ သူ့လက်ကိုဆန့်ကာ

ဖုန်းဝူချောင်၏မျက်နှာပေါ်
လက်တင်လိုက်ပြီး
ဆန်းကြယ်ချီစွမ်အနည်းငယ်
ပို့လွှတ်ပေးလိုက်သည်။

အချိန်အနည်းငယ်ကြာ ကုသပေးပြီးနောက်
ဖုန်းဝူချောင်၏ဒဏ်ရာများသည်
လုံးဝပျောက်ကင်းသွားပါသည်။
ယန်ယဲ့က သူ့လက်ကို ရုတ်လိုက်ပြီး
ရှပင်းဝေ ဆီသို့ လျှောက်သွားလိုက်သည်။
ထိုအချိန်တွင် ရှပင်းဝေက  ရုတ်တရက်

မျက်လုံးဖွင့်လိုက်ပြီး “ကူညီပါ…
ငါ့ဝမ်းကွဲအစ်ကိုကို အရင်ကူညီပါ….”

ယန်ယဲ့က ပြုံးကာ “သူက အဆင်ပြေနေပြီ။
ခဏလောက် အနားယူဖို့ပဲလိုတယ်။ မင်းက
သူ့ထက် အများကြီး ပိုပြင်းထန်တဲ့
အခြေအနေမှာ ရှိနေတယ်။ ဒါဆို
ငါမင်းကိုအရင်ကုပေးပါ့မယ်"

သူစကားပြောနေစဉ် လက်ကို
ဆန့်ထုတ်လိုက်ပြီး ရှပင်းဝေ၏ ဗိုက်အထက်

လက်မအနည်းငယ်အကွာတွင်
ဖိကပ်ထားလိုက်သည်။ ထို့နောက်
သူ့လက်ဖဝါးမှ ခရမ်းရောင်စွမ်းအင်များ
ထွက်လာပြီး သူမ၏ ခန္ဓာကိုယ်ထဲသို့
ဝင်လာသည်။

"ဟုတ်တယ်… ရဲယန်…. ငါ အခုချိန်ကစပြီး
ဒုက္ခိတဖြစ်တော့မှာလား" ရှပင်းဝေက
အနည်းငယ် အားပျော့သော အသံဖြင့်
ရုတ်တရက် မေးလေသည်။ သူမ၏အသံက
ဝမ်းနည်းမှုများစွာ ထင်ဟပ်နေပါသည်။

အကယ်၍ တစ်စုံတစ်ယောက်သည်
ခွန်အားသာလျှင် လေးစားခြင်းခံရသော
ဤကမ္ဘာတွင် ဒုက္ခိတဖြစ်လာပါက ၎င်းဟာ
အရာအားလုံးကို
ဆုံးရှုံးသွားလိမ့်မည်ဖြစ်သည်။

ယန်ယဲ့က "မင်းရဲ့ဒဏ်ရာတွေက
အရမ်းပြင်းထန်တယ်..."

ဒီစကားကိုကြားလိုက်သောအခါ
ရှပင်းဝေ၏မျက်လုံးများမှ
မျက်ရည်စနှစ်ချောင်း
ချက်ချင်းစီးကျလာသည်။ ထိုအချိန်တွင်
ယန်ယဲ့က “ကံကောင်းပါတယ်လေ၊ မင်းရဲ့
မူလဒန်တျန်က လုံးဝကွဲမသွားဘူး။
နည်းနည်းလေးပြင်းထန်ပေမယ်လို့
ပြန်ပြီးကုသလိုက်ရင်
ကောင်းသွားမှာသေချာတယ်။ ဒါဆို
အေးအေးဆေးဆေး အနားယူပါ”

ရှပင်းဝေက အတော်လေး
အံ့အားသင့်သွားပြီး "ဒါအမှန်ပဲလား"

ယန်ယဲ့က ပြုံးပြီး "မင်းဘယ်လိုထင်လဲ"

ရှပင်းဝေက ချက်ချင်းပင် ချစ်စဖွယ်
ပြုံးလိုက်ပြီး “နင်ပြောတာက သေချာပေါက်
အမှန်ပဲ။ ကျေးဇူးတင်ပါတယ်၊
တကယ်ကျေးဇူးတင်ပါတယ်။ နင်က
ငါ့ဝမ်းကွဲအစ်ကိုနဲ့ ငါ့ကို ကယ်လိုက်တာ။
ကျေးဇူးအများကြီးတင်ပါတယ်…"

"ဒါ ငါ့တာဝန်ပဲလေ" ယန်ယဲ့က
"မင်းတို့အားလုံးက ငါ့ရဲ့တပည့်တွေမို့လို့၊
ပြီးတော့ ငါက မင်းတို့အားလုံးကို
ဒီလိုအကျိုးဆက်တွေကို
ခံစားစေခဲ့သူပဲလေ"

"တကယ်တော့...တကယ်တော့...
နင်အဲ့လောက်ကြောက်စရာမဟုတ်ပါဘူး။
အနည်းဆုံးတော့ ငါ နင့်ကို

မကြောက်တော့ဘူး" ရှပင်းဝေက ရုတ်တရက် စကားပြောသည်။

ယန်ယဲ့က ပြုံးလိုက်သည် "ဒါဆို မင်းငါ့ကို အရမ်းကြောက်နေတာလား"

ရှပင်းဝေက လျင်မြန်စွာ ခေါင်းညိတ်လိုက်ပြီး “ဒါက ငါတစ်ယောက်တည်း မဟုတ်ဘူး။ ငါ့ဝမ်းကွဲအစ်ကိုက နင့်ကို တော်တော်ကြောက်တယ်ထင်တယ်၊

တခြားသူတွေလည်း
အများကြီးရှိသေးတယ်…။ ဒါပေမဲ့ ငါတို့
နှင့်ကို မကြောက်တော့ဘူး။
ဘာလို့လဲဆိုတော့ နှင့်အနားမှာ
အချိန်အတန်ကြာရှိနေပြီးတဲ့နောက်မှာ
နှင်က တော်တော်ချစ်စရာကောင်းတာကို
ငါတို့သတိထားမိတယ်။ အထူးသဖြင့်
ကိုယ့်လူကို။ ငါတို့ နှင့်ကို ဒုက္ခမရှာသရွေ့
နှင်ငါတို့ကို ရိုက်နှက်မှာ မဟုတ်ဘူး၊
နှင်ကတကယ်ကို ကျိုးကြောင်းဆီလျော်မှု
ရှိတယ်"

ယန်ယဲ့က အပြုံးတစ်ခုနှင့် သူ့လက်ကို ဆုတ်လိုက်ပြီး "မင်းရဲ့အခြေအနေကို ကြည့်လိုက်ဦးလေ"

ရှပင်းဝေက သူမ၏ စွမ်းအင်များကို လျင်မြန်စွာ ဖြန့်ကျက်လိုက်သည်။ သိပ်မကြာလိုက်ပေ၊ သူမ၏ မျက်လုံးများက ဝမ်းသာမျက်ရည်များ စီးကျလာပါသည်။

ယန်ယဲ့သည် ပြုံးနေသော်လည်း
သူ့မျက်လုံးထဲတွင် အေးစက်သော
အလင်းရောင်တစ်ခု ရှိနေသည်။

ရှပင်းဝေကို ကုသပြီးနောက် ဟောင်ရှူအိုင်
ဆီသို့သွားခဲ့သည်။
ဟောင်ရှူအိုင်၏ဒဏ်ရာများက ရှပင်းဝေ နှင့်
ဖုန်းဝူချောင် တို့ထက်ပင် ဆိုးနေပုံပါ။
တစ်ကိုယ်လုံး အရိုးများ ကျိုးကြေသွား၏။
တစ်စုံတစ်ယောက်က
သူ့ကိုရည်ရွယ်ချက်ရှိရှိ

ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းပင်။
အထူးသဖြင့် သူ့လက်နှင့် ခြေထောက်များမှ
အရိုးများ လုံးဝကျိုးသွားခဲ့ပါသည်။

"သူ့ငွေး၊ ငါတို့ သူတို့ကို အနိုင်မယူနိုင်ဘူး"
ဟောင်ရှုအိုင်က အကူအညီမဲ့စွာ
ရယ်မောပြီး "ငါတို့ မင်းကို အရှက်ခွဲမိပြီ"

"ရပါတယ်။ နောက်ဆုံးတော့ လူတိုင်းက
ဆုံးရှုံးသွားတဲ့ ဂုဏ်သတင်းကို
ပြန်ရနိုင်တယ်လေ။ မင်းတို့အားလုံး

အသက်ရှင်နေသရွေ့ကောင်းပါတယ်”
သူစကားပြောနေစဉ် သူ့လက်ကို
ဟောင်ရှုအိုင်၏ခြေထောက်များပေါ်တွင်
ကာ ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ဖြင့်
ကုသပေးလိုက်သည်။

"သူတို့အားလုံးကို ငါနဲ့အတူ
ဆွဲချလိုက်တယ်" ဟောင်ရှုအိုင်က
သူ့မျက်လုံးထဲတွင် အပြစ်ရှိသော
အရိပ်အယောင်များနှင့် လူတိုင်းကို
စိုက်ကြည့်ရင်း "ငါ့ကိုယ်ငါ ထိန်းနိုင်ရင်

အဲဒီလူယုတ်မာတွေက ငါတို့ကို ရိုက်နှက်ဖို့ ဆင်ခြေရှိမှာ မဟုတ်ဘူး"

"မင်းမှားတယ်" ယန်ယဲ့က ဆက်ပြောလိုက်ပါသည် "မင်း ကိုယ့်ကိုကိုယ် ထိန်းထားရင်တောင် သူတို့ တိုက်ခိုက်မှာပဲ။ ဒါပေမဲ့ သူတို့က မတူညီတဲ့ ဆင်ခြေကို အသုံးပြုမှာ။ ဆင်ခြေတွေဘာတွေပေးဖို့တောင် မလိုဘူး။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ခွန်အားတွေက မင်းတို့အားလုံးထက် သာလွန်နေတယ်လေ။

ဒါကြောင့် အားကြီးသူတွေက

အားနည်းသူတွေကို ဖိနှိပ်ဖို့

ဆင်ခြေလိုသလား”

"သူဌေး၊ အရမ်းနာတယ်" ဟောင်ရှုအိုင်က

နာကျင်စွာ အော်ရယ်လိုက်ပြီး

"ငါ့ခန္ဓာကိုယ်က

ဒဏ်ရာကြီးကြီးမားမားရနေပြီ။

မင်းမလာရင် သူတို့က

ငါ့နှလုံးသားကိုတောင်

ဖျက်ဆီးပစ်လောက်တယ်"

ယန်ယဲ့သည့် သူ့လက်များကို
ဆုတ်ခွာလိုက်ပြီး
ဟောင်ရှူအိုင်၏လက်နှစ်ဖက်ပေါ်
တင်ထားကာ ချီစွမ်းအင်အချို့
ပို့လွှတ်ပေးလိုက်သည်။
တစ်ချိန်တည်းမှာပင် သူက “မင်းသိလား….
ငါ
ချီးမြှောက်ခြင်းနယ်ပယ်မှာရှိတဲ့အချိန်ကတ
ည်းက သူတော်စင်တစ်ပိုင်းအဆင့်တွေကို
ခွေးတွေလို သတ်ခဲ့တယ်"

ပေါင်ရှုအိုင်၏ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး "သူဌေး၊ မင်း ငါ့ကို စကားလုံးတွေနဲ့ သတ်ဖို့ ကြိုးစားနေတာလား"

ယန်ယဲ့က "ငါ့ရဲ့ပင်ကိုယ်စွမ်းရည်က မဆိုးပါဘူး၊ ကံကြမ္မာကောင်းတချို့နဲ့ ကြုံဖူးတာပဲရှိတယ်။ ဒါပေမဲ့ အများစုကတော့ ကိုယ့်အလုပ်ကိုယ် ကြိုးစားအားကိုးခဲ့ရတယ်။

လူတစ်ယောက်က မျှော်လင့်ချက်မဲ့တဲ့

အခြေအနေတွေကို ရင်မဆိုင်ဘဲ

ကိုယ့်အကန့်အသတ်တွေကို

တွန်းအားမပေးရင် ကိုယ့်ကိုယ်ကို

ဘယ်လောက်သန်မာတယ်ဆိုတာ

မသိနိုင်ဘူး။ မင်းတို့အားလုံး အကယ်ဒမီကို

တက်ရောက်နိုင်ပြီဆိုတော့

မင်းတို့ရဲ့ပင်ကိုယ်စွမ်းရည်က မဆိုးပါဘူး။

ကံကြမ္မာကောင်းနဲ့

ကြုံတာမကြုံရတာကတော့

မင်းရဲ့ကံပေါ်မှာပဲမူတည်တယ်။

အဲဒီအပိုင်းမှာ မင်းတို့အားလုံးကို
ငါမကူညီနိုင်ဘူး။ ဒါပေမယ်လို့
မျှော်လင့်ချက်မဲ့တဲ့အခြေအနေတွေကို
ရင်ဆိုင်ဖို့ အားလုံးကို ငါကူညီနိုင်တယ်။
ငါတို့ဒီမှာပြီးတာနဲ့
မင်းတို့အားလုံးပျော်စရာရှာဖို့
ငါလိုက်ခဲ့မယ်"

"ပျော်စရာကောင်းတာလား"
ယန်ယဲ့ပြောလိုက်သည့်
နောက်ဆုံးပိတ်စကားကို

ကြားလိုက်သည်နှင့်
ပောင်ရှုအိုင်၏ပါးစပ်ထောင့်များဟာ
တဆတ်ဆတ်တုန်နေခဲ့သည်။
အဘယ်ကြောင့်ဆိုသော် ယန်ယဲ့ဟာ
ရှုးသွပ်သည့်အရာတစ်ခု လုပ်တော့မည်ကို
သေချာပေါက်သိနေသောကြောင့်ပင်။
တစ်နည်းဆိုရသော် သူတို့သည်
အနာဂတ်တွင် ဒုက္ခရောက်ရပေလိမ့်မည်။

ထိုအချိန်တွင် ယုဝူရှမ် နှင့်
အခြားမိန်းကလေးများသည် ယန်ယဲ့ ထံသို့

ရုတ်တရက် လျှောက်လာကာ "ငါတို့ ဒီအခြေအနေကို အဆုံးသတ်နိုင်မလား"

သူ့လက်ကိုဆွဲဖယ်လိုက်ရင်း ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ်ကျဉ်းမြောင်းသွားပြီး ယုဝူရှမ် နှင့် အခြားသူများကို ကြည့်လိုက်သည်။ သူတို့၏ မျက်နှာများပေါ်တွင် အနီရောင် လက်ဝါးရာများ ရှိနေသည်။

ယန်ယဲ့သည် ယုဝူရှမ်၏မျက်နှာပေါ်
လက်တင်လိုက်ပြီး "မင်းကို
ဘယ်သူရိုက်တာလဲ မှတ်မိလား"

"ငါမှတ်ထားတယ်" ယုဝူရှမ်က
မျက်လုံးထဲတွင်
အေးစက်စက်အရိပ်အယောင်များ
ရှိနေသည်။

“ကောင်းပြီ” ယန်ယဲ့က သူ့လက်ကို
ရုတ်သိမ်းလိုက်ရာ ယုဝူရှမ်၏မျက်နှာပေါ် ရှိ

အမှတ်အသားက ပျောက်သွားသည်။ သူက ယုဝူကျား နှင့် အခြားသူများကို ကြည့်လိုက်သော်လည်း သူတို့ ချက်ချင်း နောက်ပြန်ဆုတ်သွားကြသည်။

ယန်ယဲ့က ယုဝူရှမ်အား လုပ်ပေးသည့် မြင်ကွင်းကို ပြန်တွေးမိသောအခါ သူတို့၏မျက်နှာများက နီရဲသွားတော့သည်။ နောက်ဆုံးတွင် ဒီမှာလူအများကြီးရှိနေသည်မဟုတ်ပါလား။

ယန်ယဲ့က ပေါ့ပေါ့ပါးပါး
ခေါင်းညိတ်ပြလိုက်သည်။ သူက
အတင်းအကြပ်မလုပ်ပေ။
အချိန်တစ်ခုကြာပြီးနောက်
သူတို့မျက်နှာပေါ် ရှိဒဏ်ရာများက
ပျောက်ကွယ်သွားပါလိမ့်မည်။

ထိုအချိန်တွင် ရှန်ချင်းယင် နှင့်
အတွင်းစည်းကျောင်းသားများက
လေးနက်သောအမူအရာဖြင့်
ကြည့်နေကြသည်။

သူတို့၏မျက်လုံးများတွင်
စိုးရိမ်ပူပန်မှုများရှိနေသည်။ ယန်ယွဲ့သည်
ယခုအချိန်တွင် အလွန်တည်ငြိမ်နေပုံရပြီး
ရှုးသွပ်သွားမည့် အရိပ်အယောင်မပြပေ။
သို့သော်လည်း ထိုအရာကြောင့်ပင်
သူတို့စိတ်မသက်မသာဖြစ်နေခြင်းပါ။

ရှန်ချင်းယင်က ယန်ယွဲ့ဆီကို
လျှောက်လာပြီး "လျို့ဝှက်ခြံဝန်းက
အကယ်ဒမီကျောင်းသားတွေကြားထဲမှာ
အဆန်းကြယ်ဆုံးဘဲ။

အစွမ်းထက်ဆုံးလို့လည်း ပြောလို့ရတယ်။
ရှန့်ကွမ်းယုဟိုင် လည်း တစ်ချိန်တုန်းက
လျှို့ဝှက်ခြံဝန်းကျောင်းသားအဖွဲ့ရဲ့
ခေါင်းဆောင်လေ။ သူက ဒီနေရာကို
ဆက်မကိုင်တော့ပေမဲ့ လျှို့ဝှက်ခြံဝန်းနဲ့
ပတ်သက်ရင်
သံယောဇဉ်အချို့ရှိသေးတယ်။ သူ့အပြင်
လက်ရှိ ကျောင်းသားကောင်စီ ဥက္ကဌ
ဂူချန်းဖန်ကလည်း
အရမ်းအားကောင်းတယ်။ သူက
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်

ဖြစ်သလို

သူတော်စင်အလယ်အလတ်အဆင့်

နည်းစနစ်ကို

တံခါးပိတ်လေ့ကျင့်နေတယ်လို့ ကြားတယ်။

တကယ်လို့ အောင်မြင်ခဲ့ရင် သူက

သူတော်စင်အလယ်အလတ်အဆင့်နည်းစန

စ် ၃ ခုကို ပိုင်ဆိုင်လိမ့်မယ်။ အဲဒါဆို သူက

ရှန့်ကွမ်းယုဟိုင်ကို ဖယ်ထုတ်လိုက်ရင်

မျိုးဆက်ဟောင်းတွေထဲထက်တောင်

အသန်မာဆုံး ဖြစ်နိုင်တယ်"

|

"မင်းက ငါ့ကို လက်စားချေဖို့ စွန့်လွှတ်စေချင်တာမဟုတ်လား။ ဒါကြောင့် ဒီလိုစကားတွေ ပြောနေတာလေ" ယန်ယဲ့က ရှန်ချင်းယင်ကို တစ်ချက်ကြည့်လိုက်ရင်း အခြားကျောင်းများကို လိုက်ပြီးကုသပေးလိုက်သည်။

ရှန်ချင်းယင်က အကူအညီမဲ့စွာ ရယ်မောပြီး "ရဲယန်!

နင် ဒေါသထွက်နေတာ ငါသိတယ်။ ဒါပေမဲ့ နင်က မြို့ရဲ့အခြေအနေကို အားလုံး ခြုံငုံပြီး

သုံးသပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

လှျို့ဝှက်ခြံဝန်းက လူပေါင်း

ဒါဇင်အနည်းငယ်လောက်နဲ့

မြို့မြောက်ပိုင်းတံခါးကို

ကာကွယ်နိုင်ခဲ့တယ်။ သူတို့က

အကယ်ဒမီအတွက် ကြီးကျယ်ခမ်းနားတဲ့

အရာတွေကို ပေးခဲ့တယ်…”

၁၁၂၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၂၇ - မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး

"ဘာဖြစ်သလဲ" ယန်ယဲ့က စကားဖြတ်ပြောသည်

"မြို့ကိုကာကွယ်တာလား။ ငါလည်း ကာကွယ်တာပဲလေ။

ဒါကြောင့် ငါလည်း ဒီလို လုပ်နိုင်တယ်။ ဒါပေမဲ့ သူတို့က ငါ့တပည့်တွေကို ရိုက်နှက်ပြီး ငါ့အကျဉ်းသားတွေကို

သိမ်းသွားတုန်းပဲ။ အဲဒါတွေ
အကုန်လုပ်တဲ့အခါ သူတို့က အဲဒါကို
ထည့်မစဉ်းစားဘူး”

"ဒါက နင်သူတို့ရဲ့အဖွဲ့ဝင်တွေကို
အရင်တိုက်ခိုက်လို့ပဲ..." ရှန်ချင်းယင်က
စကားလွှတ်ခနဲထွက်သွားပြီးမှ
သူမအပြောမှားသွားကြောင်း
သတိထားမိသဖြင့်
အမြန်ရပ်လိုက်သည်။

ယန်ယဲ့က သူ့လက်ကို ရုတ်လိုက်ပြီး သူမဖက်လှည့်ကာ "အဲဒီနေ့က ငါ ဘာလို့ သူတို့ကို ရိုက်နှက်ခဲ့တာလဲ" ဟု ပြောလိုက်သည်။

ရှန်ချင်းယင်က စကားမပြောဘဲ တိတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့က ရယ်မောရင်း "နည်းပြဆရာမရှန်၊ မင်း သူတို့ကို တားဖို့ သေချာပေါက် ကြိုးစားခဲ့တာ ငါသိပါတယ်။ ဒါပေမဲ့ သူတို့

ဒါတွေအားလုံး လုပ်နေတုန်းပဲ။ အခု
မင်းငါ့ကို တားဖို့ ရောက်လာတယ်။
ပြောချင်တာက သူများတွေ ငါ့ကို ဘယ်လို
ဆက်ဆံကြသလဲ ဆိုတာပဲ။ မင်းငါ့ကို
ကောင်းကောင်းမွန်မွန် ဆက်ဆံရင် မင်းကို
ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့ ငါ
အကောင်းဆုံး လုပ်မယ်။ အဲဒီလိုပဲ
မင်းမလုပ်ရင် မင်းအတွက် ငရဲဖြစ်အောင်
ငါလုပ်ပေးလိုက်မယ်"

ရှန်ချင်းယင်က “မင်း သူတို့ကို သတ်ဝံ့ရင် အကယ်ဒမီက နှင့်ရဲဖြစ်တည်မှုကို လုံးဝသည်းခံမှာမဟုတ်ဘူး”

"ဒီမှာ ငါ့အတွက် နေရာမရှိရင် ငါ့အတွက် နောက်တစ်နေရာရှိမှာ သေချာတယ်"
ယန်ယဲ့သည် ရှန်ချင်းယင်ကို အေးစက်စက် စိုက်ကြည့်ပြီးနောက် မြို့ထဲသို့ လျှောက်သွားကာ
"လမ်းလျှောက်နိုင်တဲ့သူတွေ ငါနဲ့အတူလိုက်ခဲ့။

လမ်းမလျှောက်နိုင်တဲ့သူတွေကတော့ အနားယူလိုက်ဦး။ အခု ငါမင်းတို့အားလုံးကို သင်ပြပေးတော့မယ်။ တခြားသူတွေရဲ့ ကြွင်းနာမှုကို ပြန်ဆပ်ပြီး မင်းတို့မှာရှိတဲ့ ရန်ငြိုးကို လက်စားချေသင့်တယ်”

"မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး"

"ဟုတ်တယ်....၊ မျက်လုံးအတွက် မျက်လုံးတစ်လုံးပဲ"

အပြင်စည်းကျောင်းသားများနှင့်
အတွင်းစည်းကျောင်းသား အချို့လည်း
တပြိုင်နက်တည်း ဒေါသတကြီး
အော်ဟစ်ရင်း ယန်ယွဲ့နောက်သို့
အမြန်လိုက်လာကြသည်။

ထိုအချိန်တွင်
ချပ်ဝတ်တန်ဆာဝတ်ဆင်ထားသော
လူတစ်ယောက်က မြို့တံခါးနောက်တွင်
ရုတ်တရက် ပေါ်လာသည်။ သူက

ယန်ယဲ့၏အဖွဲ့ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး "မင်းက အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာ ရဲယန် မဟုတ်လား။ မြို့တော်ဝန်က မင်းကို ရှာနေတယ်။ ငါနဲ့လိုက်ခဲ့...."

ယုဝူရှမ်က ယန်ယဲ့နံဘေးမှာ ရပ်နေရင်း ရုတ်တရက် ပြောလိုက်ပါသည်။

"မြို့တော်ဝန်ရဲ့တပ်ဖွဲ့တွေက
လျှို့ဝှက်ခြံဝန်းအဖွဲ့ဝင်တွေနဲ့ပေါင်းပြီး
ငါတို့ကို တိုက်ခိုက်တဲ့အဖွဲ့ထဲမှာပါတယ်"

ယန်ယဲ့က ခေါင်းညိတ်ပြလိုက်သည်။
သူညာလက်က ထိုလူ၏လည်ပင်းကို
ချုပ်ကိုင်ထားရင်း အပေါ်ဆွဲမြှောက်ကာ
“မင်းကို အမှိုက်မြို့သခင် ဆီ
အကြောင်းကြားဖို့ မသတ်လိုက်တာ
သတိရပါ။ သူ့လည်ပင်းကို သန့်ရှင်းထားဖို့

ပြောပြီး ငါသူ့ခေါင်းလာယူမဲ့အချိန်ကို
စောင့်နေလို့ ပြောလိုက်"

စကားပြောပြီးသည်နှင့်
ယန်ယဲ့၏ခြေထောက်တစ်ဖက်က
မြောက်လာပြီး ထိုလူကို
ကန်ထုတ်ပစ်လိုက်သည်။

သံချပ်ကာဝတ်လူက
နာကျင်စွာအော်ဟစ်လိုက်ပြီး
အနက်ရောင်အစက်အပျောက်တစ်ခုအဖြစ်
ပြောင်းလဲသွားကာ လူသည်

မိုးကုတ်စက်ဝိုင်းသို့
ပျောက်ကွယ်သွာပါတော့သည်။

သူသည် အခြေအနေကို အလုံးစုံ
ထည့်မစဉ်းစားခဲ့ခြင်း မဟုတ်ပေ။
အပေးအယူလုပ်ခြင်းသည် ပြဿနာများ
နောက်ထပ်မဖြစ်စေဖို့အတွက် ဖြစ်သည်ကို
မသိ၍လည်းမဟုတ်ပါ။

သို့သော်လည်း……

လှိုင်းဝှက်ခြိမ်းဝန်းက အရာအားလုံးကို ဂရုစိုက်ခဲ့သည်လော။ သူတို့က လုံးဝ အလေးမထားပေ။ သူတို့က ခွန်အားရှိသောကြောင့် သူ၏အကျဉ်းသားများကို လုယူပြီး တလိုတလား လွှဲအပ်ရမည်ဟုပင် ယူဆကြသည်။ အတိုချုပ်ဆိုရသော် သူတို့က အင်အားကြီးသည်ဟု ယူဆသောကြောင့် အရာရာတိုင်းကို ဂရုမစိုက်၊ မျက်လုံးထဲပင် မထည့်ဘဲ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ဆိုလျှင်
ယန်ယဲ့၏လက်တုံ့ပြန်လိုသောရည်ရွယ်ချက်
က အများတစ်ခုခုလုပ်နေသည်ဟု
ယူဆနိုင်ပါသလား။

ယန်ယဲ့အတွက်ကား အခြားသူများ
မည်သို့မည်ပုံတွေးနေမှန်း မသိသော်လည်း
အကယ်၍သိနေလျှင်ပင် ဂရုမစိုက်ပေ။
အကြောင်းမှာ

သူလုပ်ခဲ့သည့်အရာရာတိုင်းက
မမှားဟုခံစားမိလို့ပါ။

သူ မမှားဟုဆိုမှတော့ အရာရာတိုင်းကို
သူလုပ်ချင်သလို
လုပ်နိုင်သည်မဟုတ်ပါလား။

ယန်ယဲ့နှင့်အဖွဲ့က
လျှို့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များရှိရာသို့
လျှောက်သွားသည်ကို မြင်သောအခါ
ရှန်ချင်းယင် နှင့်

အတွင်းစည်းကျောင်းသားအားလုံး

မျက်နှာပျက်သွားကြတော့သည်။

 သူတို့ယန်ယဲ့အကြောင်းကို

ကောင်းကောင်းသိသောကြောင့်

သူရောက်သွားသည်နှင့် ပြဿနာက

လုံးဝဆိုးရွားလာမည်ကို

အလိုလိုသိနေပါသည်။

ဒီအချိန်မှာ အကယ်ဒမီက

အင်အားကြီးရန်သူများနှင့်

ရင်ဆိုင်နေရသလို

အတွင်းရေးပဋိပက္ခများလည်းရှိနေ၏။

ထို့ကြောင့် ပြဿနာကို
ကောင်းကောင်းမထိန်းချုပ်နိုင်ပါက
တိမ်ပင်လယ်အကာယ်ဒမီအတွက်
သေချာပေါက်
ကပ်ဘေးကြီးတစ်ခုကျရောက်လာနိုင်ပေသ
ည်။

"ဆရာမရှန်၊ ငါတို့ ဘာလုပ်သင့်လဲ"
အတွင်းစည်းကျောင်းသားတစ်ဦးက
လေးလံသော အသံဖြင့် ပြောဆိုသည်။

ရှန်ချင်းယင်က ခဏကြာ နှုတ်ဆိတ်နေပြီးမှ ခေါင်းယမ်းကာ

"လျှို့ဝှက်ခြံဝန်းရဲ့ကျောင်းသားတွေက မာနကြီးသလို အရမ်းခေါင်းမာကြတယ်။ ငါအကြံပေးတာကို လုံးဝ နားမထောင်ကြဘူး။ ယန်ယွဲ့ကတော့ သူတို့ထက် ပိုဆိုးတယ်။ သူကို ထပ်ပြီး အကြံပေးဖို့ ကြိုးစားရင် ငါ့ရဲ့ စွမ်းအင်တွေကို ဖြုန်းတီးနေသလိုပဲဖြစ်လိမ့်မယ်”

ထိုကျောင်းသားက “ဒါဆို ငါတို့ အချင်းချင်း
တိုက်ခိုက်နေကြတာကို
စောင့်ကြည့်ရမှာလား”
ဟုဆက်မေးလေသည်။

ရှန်ချင်းယင်က ခဏတာစဉ်းစားပြီးမှ
ပြောလိုက်သည် "ဂူချန်းဖန် ကို သွားခေါ်ပါ"

ထိုအချိန်တွင် ယန်ယွဲ့က ရုတ်တရက်
ရပ်လိုက်ပြီး ရှန်ချင်းယင်နှင့်
အတွင်းစည်းကျောင်းသားများကို

လှည့်ကြည့်ကာ "မင်းတို့အားလုံး
ငါတို့ရဲ့လောင်းကြေးကို မှတ်မိသေးလားလို့
တွေးမိတယ်"ဟု ပြောလိုက်လေသည်။

ရှန်ချင်းယင် နှင့်
အတွင်းစည်းကျောင်းသားများလည်း
အနည်းငယ် အံ့အားသင့်သွားခဲ့ကြ၏။
ထို့နောက်တွင် သူတို့၏ မျက်နှာများသည်
ချက်ချင်းပင် မည်းမှောင်လာခဲ့လေသည်။
သူတို့သည် ယန်ယဲ့နှင့်
လောင်းကြေးထပ်ထားသည့်ကိစ္စကို

လုံးဝမှတ်မိနေကြသည်။ ရလာဒ်နှင့်
ပတ်သက်၍တော့ ယန်ယဲ့ဟာ
ထောင်သောင်းချီသော
နတ်ဆိုးဝံပုလွေများကို
သတ်ဖြတ်ပစ်ခဲ့သည်၊ ထိုမြင်ကွင်းက
ယခုတိုင် သူတို့မျက်လုံးထဲကနေ
မထွက်သေးဘူးမဟုတ်ပါလော။

ယန်ယဲ့က ဆက်ပြောလိုက်သည် "ဧအာက
တစ်ခုခုဖြစ်သွားလို့ ငါမေ့သွားလိုက်တာပဲ။
ကံကောင်းထောက်မစွာ၊ ငါ အဲဒါကို အခုမှ

ပြန်သတိရတယ်။ သူတို့စကားကို
မတည်တဲ့လူတွေကို ငါမကြိုက်ဘူး၊
ဒါကြောင့် မင်းတို့အားလုံး ကိုယ့်ကတိကို
တည်လိမ့်မယ်လို့ ငါမျှော်လင့်တယ်။
မင်းတို့လုပ်တဲ့အခါကျ ငါ့ကို
မကြည့်ခိုင်းပါနဲ့၊ မဟုတ်ရင်
မင်းတို့အားလုံးအတွက်
တော်တော်ရှက်စရာကောင်းလိမ့်မယ်။
ဒါအပြင် နည်းပြဆရာမရှန်!
မင်းဒီမှာကိစ္စတွေပြီးတာနဲ့

ငါ့ရဲ့အဝတ်အစားတွေယူဖို့ ငါ့နေအိမ်ကို
လာခဲ့ပါ”

စကားပြောပြီးသည်နှင့် ယန်ယဲ့သည်
သူ့လူများကို အချက်ပြကာ
ရှန်ချင်းယင်တို့အဖွဲ့၏ရှေ့ကနေ
ချက်ချင်းပင် ပျောက်ကွယ်သွားတော့သည်။

“ငါထင်တယ်….” ရှန်ချင်းယင်၏နောက်မှ
အတွင်းစည်းကျောင်းသားတစ်ဦးက “သူ

ငါတို့အပေါ်သိသိသာသာရန်လိုနေတယ်…
.”

ရှန်ချင်းယင်၏မျက်လုံးများတွင်
အနည်းငယ်ရှုပ်ထွေးသောအမူအရာတစ်ခုရှိ
နေသည် "ဟုတ်တယ်။ ဝံပုလွေဖြူ နဲ့
အဝါရောင်ဝတ်လူငယ်က သူ့ရဲ့
နတ်ဆိုးသားရဲလေးကို
တိုက်ခိုက်နေတဲ့အချိန်မှာ ငါ တစ်ခုခုလုပ်ခဲ့

ရင် အဲဒီအငယ်လေးကို မကယ်နိုင်တော့ ဒီလောက် ပြင်းထန်တဲ့ ဒဏ်ရာတွေ ရခဲ့မှာ မဟုတ်ဘူး "

"အဲဒါအတွက် သူက နည်းပြဆရာမရှုန် ကို ဘယ်လို အပြစ်တင်နိုင်မှာလဲ"
ထိုကျောင်းသားက မမှန်ဟု ခံစားမိပုံရ၏။
“နည်းပြဆရာမရှုန် က ဝက်ပါအစီအရင်ကို ထိန်းချုပ်ထားတဲ့ အဓိကဗဟိုချက်လေ။
နည်းပြက ထွက်သွားလို့မှမရတာ။
တကယ်လို့ သူသာ နင့်ကို

ဒီခရမ်းရောင်မင့်ခ်ကလေးအတွက်
တကယ်ပဲ အပြစ်တင်ဖို့ ရည်ရွယ်ထားရင် ငါ
သူ့ကို တကယ်ပဲ အထင်သေးမိလိမ့်မယ်”

"သူ ငါ့ကို အပြစ်မတင်ဘူး" ရှန်ချင်းယင်က
သူမခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး
"တကယ်တော့ သူ့အပြင်စည်းခြံဝန်းနဲ့
ငါတို့ရဲ့အတွင်းစည်းခြံဝန်းက
နည်းနည်းလေးဆက်ဆံရေးကောင်းသွားပြီ။
တစ်ယောက်နဲ့တစ်ယောက် လုံးဝ
သဟဇာတမဖြစ်သလို ငါတို့ကြားမှာ

ရန်ငြိုးဆိုတာလည်း မရှိတော့ဘူး။ ငါနဲ့ သူက မိတ်ဆွေလို့ သတ်မှတ်လို့ ရပေမဲ့ ရင်းနှီးတဲ့လူလို့ တော့ မယူဆနိုင်ပါဘူး။ ဒါပေမဲ့ အခု သူက အဲဒီလောင်းကြေးကို ပြောလိုက်တာနဲ့ ငါတို့က သူ့အတွက် လျှို့ဝှက်ခြံဝန်းနဲ့ မတူဘူးဆိုတာကို ပြောပြဖို့ ရည်ရွယ်ထားတာပဲ။

တစ်ယောက်နဲ့တစ်ယောက် ရန်စ မစော်ကားရင် ကောင်းမွန်တဲ့ဆက်ဆံရေးကို ဆက်ထိန်းထားနိုင်မှာပါ၊ ဒါပေမဲ့ ငါတို့ သူ့ကို ဆန့်ကျင်ရင်....”

ရှန်ချင်းယင်၏နောက်က
အတွင်းစည်းကျောင်းသား
အားလုံး ချက်ချင်း နားလည်သွားကြသည်။

အမှန်စင်စစ် သူတို့က
ယန်ယဲ့၏အပြင်စည်းခြံဝန်းနှင့်
မိတ်ဆွေဖြစ်နိုင်သော်လည်း
ယန်ယဲ့၏လုပ်ရပ်ဟာ သူတို့နှင့်
မရင်းနှီးလိုသည့်သဘောသက်ရောက်နေသ
ည်။

ရှန်ချင်းယင်က မြို့အပြင်ဖက်မှ အကန့်အသတ်မဲ့ရှည်လျားသော ရွှေနတ်ဆိုးဝံပုလွေတောင်တန်းဆီသို့ စူးစူးရဲရဲ စိုက်ကြည့်ရင်း "အပြင်မှာ စောင့်နေတဲ့ ရန်သူတွေနဲ့ အတွင်းထဲမှာ ရှုန်းရင်းဆန်ခတ်တွေဖြစ်နေတယ်။ တိမ်ပင်လယ်မြို့ရဲ့အနာဂတ်ကတော့ စိုးရိမ်စရာပဲ…”

……

ယန်ယဲ့နှင့်အဖွဲ့က အတော်ဝေးဝေးထိ သွားနေပြီးနောက် သူတို့ရှေ့တွင် စစ်တပ်တစ်ခု ဘွားခနဲပေါ်လာသည်ကို မြင်လိုက်ကြသည်။

စစ်တပ်ထဲတွင် ပညာရှင် (၁၀၀၀) ကျော်ဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့အားလုံးသည် ချီးမြှောက်ခြင်းနယ်ပယ်အဆင့် ပညာရှင်များ ဖြစ်သည်။

စစ်တပ်၏ခေါင်းဆောင်က

တိမ်ပင်လယ်မြို့တော်၏မြို့တော်ဝန် ဟဲလင်ဖုန်း ဖြစ်သည်။

ဟဲလန်ဖုန်းက ယန်ယဲ့ကို
မှုန်ကုပ်ကုပ်အမူအရာဖြင့် စိုက်ကြည့်ရင်း
"အရင်တုန်းကတော့ ဂျူနီယာကျိုးရှု
ပြောခဲ့တဲ့ တစ်စုံတစ်ယောက်က
အကယ်ဒမီရဲ့စည်းမျဉ်းတွေကို
လျစ်လျူရှုပြီး ရက်ရက်စက်စက်၊
မကြောက်မရွံ့နဲ့ သတ်ပစ်တာကို မယုံဘူး။
ဒါပေမဲ့ အခုတော့ သူ့ကို ယုံရမှာပေါ့။
မင်းလိုလူက…”

ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းပြီး
ဟဲလင်ဖုန်းကို စူးစိုက်ကြည့်ကာ "မင်းက
ဘယ်သူလဲ"

ယုဝူရှမ်က ယန်ယဲ့အနားကို
လျှောက်လာရင်း ရုတ်တရက်
ပြောပြလိုက်သည် "သူက မြို့တော်ဝန် လေ"

ယန်ယဲ့၏မျက်လုံးများသည် ချက်ချင်း
ကျဉ်းမြောင်းသွားသည်။ ထိုအချိန်တွင်
ဟဲလင်ဖုန်းက စကားပြောဖို့ပြင်လိုက်သည်။

သို့သော်လည်း ယန်ယဲ့က သူ့ရှေ့ကို
ရောက်သွားပြီး "ငါ မင်းကိုလိုက်ရှာဖို့
ရည်ရွယ်ထားပေမဲ့ အဲဒီအစား
မင်းကိုယ်တိုင် ငါ့ဆီလာမယ်လို့
ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။
မင်းဒီမှာရှိနေမှတော့ ထွက်သွားစရာ
မလိုဘူး။ ဟုတ်တယ်မလား၊
အပိုစကားတွေရပ်ပြီး အသေခံစမ်း"

စကားပြောပြီးသည်နှင့် ယန်ယဲ့က
သူ့လက်ဖဝါးကို လှန်လိုက်ပြီး

ဟာကျူလီယံများကို ထုတ်ယူလိုက်သည်။

ဟာကျူလီယံများကို ဆုပ်ကိုင်လျက်သားနှင့်

ယန်ယဲ့သည်လည်း နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

၁၁၂၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၂၈ - ဘ၀ကို ဘ၀နဲ့

ပြန်ပေးဆပ်နိုင်ပါ့မလား

ယန်ယဲ့ ပျောက်ကွယ်သွားသည်နှင့်
တစ်ချိန်တည်းမှာပင်
ဟဲလင်ဖုန်း၏မျက်လုံးများသည်
ကျဉ်းမြောင်းလာခဲ့လေသည်။

သူက အန္တရာယ်ကို ခံစားလိုက်ရပုံဖြင့်
သူ၏ဆန်းကြယ်ချီစွမ်းအင်ကို ချက်ချင်းပင်
ထုတ်ဖော်မိလျက်သားဖြစ်သည်။

သူ၏ဆန်းကြယ်ချီစွမ်းအင်က သိပ်သည်းစွာ
ထွက်ပေါ်လာပြီး ဟဲလင်ဖုန်း၏
ပတ်ပတ်လည်၌ ထူထဲသော

စွမ်းအင်အတားအဆီးတစ်ခု
ဖြစ်ပေါ်လာသည်။

ဘုန်း!

အင်အားတန်ချိန်များစွာဖြင့်
ထိုးချလိုက်သည့်အလား
ဟဲလင်ဖုန်း၏ပတ်ပတ်လည်ကို
ကာရံထားသော အကာအကွယ်အလွှာက
ချက်ချင်း ကွဲထွက်သွားသည်။ ထို့အပြင်
ပြင်းထန်သော တန်ပြန်အားက

ဟဲလင်ဖုန်းကို ၁ ကီလိုမီတာထိ
လွင့်ထွက်သွားစေသည်။
အချိန်အတော်ကြာမှသာ သူ့ကိုယ်သူ
ထိန်းချုပ်လိုက်နိုင်သည်။

ဟဲလင်ဖုန်း၏မျက်လုံးများတွင်
လေးနက်သော အမူအရာ ပေါ်လာသည်။

ယန်ယွဲ့သည်လည်း အလားတူပင်၊
သူ့မျက်လုံးထဲ၌

အနည်းငယ် လေးနက်သော အမူအရာ ရှိနေ၏။

အစောပိုင်းက အမြန်နှုန်းဥပဒေသကို အသုံးချခဲ့သော် လည်း ဟဲလင်ဖုန်းက အရေးကြီးအခိုက်အတန့်တွင် တုံ့ပြန်နိုင်စွမ်းရှိသေးသည်။

"မင်း…. အဲဒါ ဥပဒေသရဲ့စွမ်းအင် ဘဲ…" ဟဲလင်ဖုန်းက ယန်ယဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်နေသည်။ ဒီအချိန်မှာ သူ့ပတ်ဝန်းကျင်ရှိ

အခြားစစ်သည်များသည်
တုန်လှုပ်ချောက်ချားနေရာကနေ
သတိပြုဂင်လာကြီး ယန်ယဲ့တို့အဖွဲ့ကို
ချက်ချင်းဝိုင်းရံထားကြသည်။

ယန်ယဲ့သည် အချိန်မဖြုန်းခဲ့ပေ။
အမြန်နှုန်းဥပဒေသကို
ထပ်မံအသုံးချလိုက်၏။ သူက
ဟဲလင်ဖုန်း၏ရှေ့တွင်
ချက်ချင်းပေါ်လာပြီးနောက်

ဟာကျူလီယံများဖြင့် တရကြမ်း
ခုတ်ပိုင်းချလိုက်တော့သည်။

တိုက်ခိုက်မှုက နဝမကောင်းကင်ဘုံမှ
နတ်မိုးကြိုးကျဆင်းလာသလိုပင်၊
အလွန်တရာကို လျင်မြန်လေသည်။
ဟဲလင်ဖုန်းမှလွဲ၍ မည်သူမျှ
ယန်ယဲ့၏လှုပ်ရှားမှုကို
အာရုံခံနိုင်ခြင်းမရှိခဲ့ပေ။

ယန်ယဲ့ ထပ်မံတိုက်ခိုက်လိုက်သောအခါ
ဟဲလင်ဖုန်း၏ အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။
ဒီတစ်ကြိမ်မှာတော့ သူက
ခုခံဖို့မလုပ်တော့ပေ။
ဟဲလင်ဖုန်း၏ခန္ဓာကိုယ်မှ
ကြောက်မက်ဖွယ်ကောင်းသော
အရှိန်အဝါတစ်ခု ချက်ချင်း ထွက်ပေါ်လာပြီး
အဖြူရောင် အလင်းတန်းတစ်ခုဟာ
အရှိန်အဝါနောက်ကနေ လိုက်ပါလာသည်။
နှစ်ခုလုံး လေထဲမှာပင် ပေါင်းစည်းသွားပြီး

သူ့ရှေ့ရောက်လာသည့် ယန်ယွဲ့ကို
တားလိုက်သည်။

သို့သော်လည်း ယန်ယွဲ့သည် မရပ်တန့်ဘဲ
ဟာကျူလီယံဓားကိုသာ ပိုင်းချလိုက်သည်။

ဘန်း!

ဟဲလင်ဖုန်း၏အောက်ရာနှင့်
အဖြူရောင်အလင်းတန်းသည် ချက်ချင်းပင်

ကွဲထွက်သွားကာ ပေါက်ကွဲသံကြီး တစ်ချက်
ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင်
ဟဲလင်ဖုန်း၏ခန္ဓာကိုယ်ဟာလည်း ၁
ကီလိုမီတာ အကွာတွင်ပေါ်လာသည်။
ထို့အပြင် သူ့ခန္ဓာကိုယ်တစ်ဝိုက်က
အဖြူရောင်အလင်းတန်းများစွာ
လွင့်မျောနေပါသည်။

"သတ်" ဟဲလင်ဖုန်းက
အမိန့်မပေးခဲ့သော်လည်း အနီးနားရှိ

စစ်သည်များက ယန်ယဲ့ကို
တိုက်ခိုက်လိုက်ကြပြီးဖြစ်သည်။

ဆူး!

အလင်းတန်းတစ်ခု
လင်းလက်သွားပြီးနောက် စစ်သည် ၁၀၀
ကျော်၏ခေါင်းများ သွေးစက်များနှင့်အတူ
လေထဲသို့ ပျံတက်သွားသည်။
သို့သော်လည်း ယန်ယဲ့၏ တိုက်ခိုက်မှုသည်
အမှန်တကယ် လျင်မြန်လွန်းသောကြောင့်

၎င်းတို့ခန္ဓာကိုယ်များက ရှေ့သို့
ပြေးတက်လာနေဆဲ ဖြစ်သည်။

ဒီမြင်ကွင်းကို မြင်ပြီး
ကျန်စစ်သည်များအားလုံးရွှေ့လျားမှု
ရပ်တန့်သွားကာ ရှေ့သို့
နောက်တစ်ကြိမ်မတက်ဝံ့ကြပေ။

နောက်ဆုံးတွင် ထိုလူက
ဓားတစ်ချက်တည်းဖြင့်

ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀၀
ကျော်ကို သတ်ပစ်ခဲ့သည်မဟုတ်ပါလား။

စစ်သည်များသည် ယန်ယွဲ့ကို
အံ့အားသင့်စွာဖြင့် စိုက်ကြည့်နေကြ၏။
သူတို့သည် ယန်ယွဲ့၏ခွန်အားကြောင့်
တုန်လှုပ်သွားရုံမျှမက၊
ရက်စက်ကြမ်းကြုတ်မှုကြောင့်ပါ
တုန်လှုပ်သွားရသည်။ သူတို့ရှေ့မှ လူဟာ
အမှန်ပင်သတ်ဖြတ်ဝံ့ပြီး

တစ်ချက်တည်းဖြင့် အစုလိုက်အပြုံလိုက်တောင် သတ်ဖြတ်ခဲ့လေသည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ"
ဒီမြင်ကွင်းကိုမြင်လိုက်ရသောအခါ ဟဲလင်ဖုန်းက ဒေါသထွက်သွားသည်။ သူ့ခန္ဓာကိုယ်ဟာ မရေမတွက်နိုင်သော အဖြူရောင်အလင်းတန်းများဖြင့် ဝန်းရံထားစဉ် ယန်ယဲ့ ဆီသို့ ခုန်ဝင်လာခဲ့သည်။

ဟဲလင်ဖုန်း၏အရှိန်က အလွန်လျင်မြန်ပြီး
အသံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက်
ယန်ယဲ့ရှေ့၌ပေါ်လာပြီးဖြစ်သည်။
တစ်ချိန်တည်းမှာပင်
အဖြူရောင်အလင်းတန်းများက ယန်ရီကို
ချက်ချင်း ဖုံးလွှမ်းသွားသည်။

ဘမ်း! ဘမ်း! ဘမ်းး!

အလင်းတန်းများနှင့် ဓားစွမ်းအင်များသည်
နေရာအနှံ့မှ တိုက်ခိုက်နေသဖြင့်

ပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။ ဤမြင်ကွင်းကြောင့်
ဤနေရာရှိလူတိုင်း အံ့အားသင့်သွားကြပြီး
နောက်သို့ အလျင်အမြန်
အမြန်ပြန်ဆုတ်ကြသည်။

ရှန်ချင်းယင်၏နံဘေးမှ
အတွင်းစည်းကျောင်းသားတစ်ဦးက
လေးနက်သောလေသံဖြင့်
ပြောလိုက်လေသည်
"ဘယ်သူအနိုင်ရမှာလဲ"

ရှန်ချင်းယင်က တုံ့ဆိုင်းမနေဘဲ “ရဲယန်”

"ဘာကြောင့်လဲ"

အတွင်းစည်းကျောင်းသားက “မြို့တော်ဝင်

ဟဲလင်က

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်မှာ

နှစ်ပေါင်းများစွာကတည်းက

ရောက်နေပြီးသားလေ။ နည်းပြဆရာ

ရဲယန်က

အလယ်အလတ်အဆင့်သိုင်းကျောင်း ပဲ ရှိသေးတယ်"

ရှန်ချင်းယင်က စကားပြန်မပြောတော့ဘဲ ရှေ့မှ တိုက်ပွဲကိုသာ စူးစူးစိုက်စိုက်စိုက်ကြည့်နေသည်။

တိုက်ပွဲက အချိန်အတော်ကြာအောင် ငြိမ်သက်သွားသလိုပင်၊

အဖြူရောင်အလင်းများနှင့် ဓားစွမ်းအင်များ ရုတ်တရက် ပြန့်ကျဲသွားသည် ။

ထို့နောက်တွင် ယန်ယဲ့ နှင့် ဟဲလင်ဖုန်း တို့နှစ်ယောက်လုံးက လူတိုင်းရှေ့တွင်ပေါ်လာသည်။ ယန်ယဲ့က တည်ငြိမ်စွာရပ်နေသော်လည်း ဟဲလင်ဖုန်းက ခွေးသေတစ်ကောင်လို မြေပြင်ပေါ်၌ လဲကျနေခဲ့သည်။ သူ့တစ်ကိုယ်လုံး ဒဏ်ရာများဖြင့် ဖုံးလွှမ်းနေပြီး သွေးများ အဆက်မပြတ်

စီးကျနေသည်။ ထိုခဏလေးမှာပဲ
သူ့ခန္ဓာကိုယ်အောက်ပိုင်းက
သွေးအိုင်ငယ်တစ်ခု ဖြစ်ပေါ်လာသော်လည်း
အသက်ရှင်နေသေး၏။

ရှန်ချင်းယင်ဖက်မှ
အတွင်းစည်းကျောင်းသားက "ဆရာမရှန်
သူ့ကို အမြန်တားလိုက်"

ရှန်ချင်းယင်က ခေါင်းခါလိုက်သည်
"ငါမလုပ်နိုင်ဘူး"

ယန်ယဲ့သည် ဟဲလင်ဖုန်းကို ဂရုမစိုက်ဘဲ
ယုဝူရှမ်အား စိုက်ကြည့်ကာ "သူတို့ကို
တစ်ချက်ကြည့်လိုက်။ စောစောက
မင်းတို့ကို တိုက်ခိုက်ခဲ့သေးလား"

ယုဝူရှမ်က ယန်ယဲ့ကို တားဆီးဖို့
မကြိုးစားခဲ့ပေ။ သူမ ရှေ့က စစ်သည်များကို
စိုက်ကြည့်ကာ အချို့အား
လက်ညိုးထိုးပြလိုက်သည်...။

သူမ လက်ညှိုးညွှန်ပြလိုက်တိုင်း
အလင်းတန်းတစ်ခု လင်းလက်လာပြီး
ခေါင်းပြတ်များ လေထဲသို့
ပျံတက်သွားရသည် ။

ထိုကဲ့သို့ပင် ယုဝ္ဂရွှမ်က
အကြိမ်ကြိမ်လက်ညှိုးထိုးနေသလို
အလင်းတန်းများကလည်း
အဆုံးမရှိဟုပင်ထင်ရလောက်အောင်
အဆက်မပြတ် လင်းလက်နေပါသည်။

အချိန်သိပ်မကြာတော့ဘဲ ခေါင်းပြတ်
ဒါဇက်ချီ မြေပြင်ပေါ်သို့
ပြုတ်ကျသွားခဲ့သည်။

အခြားတပ်သားများသည် ဟဲလင်ဖုန်းကို
လစ်လျူရှုကာ
အချိန်တော်တော်ကြာကတည်းကပင်
ထွက်ပြေးသွားခဲ့ကြပြီဖြစ်သည်။

သူတို့ရှေ့မှလူက
ကြောက်စရာကောင်းသည့်အပြင်

ရက်စက်ကြမ်းကြုတ်လွန်းသည်မဟုတ်လော။

ရှန်ချင်းယင် နှင့်
အတွင်းစည်းကျောင်းသားများလည်း
ယန်ယဲ့ကို ကြည့်နေရင်း
သူတို့၏မျက်လုံးထဲ၌ ကြောက်ရွံ့မှုများ
ပြည့်နှက်နေလေသည်။
ယန်ယဲ့၏ရက်စက်ကြမ်းကြုတ်သော
အလွန်ကြောက်စရာမဟုတ်ဘဲ

အရေးကြီးဆုံးအပိုင်းမှာ သူခွန်အားက
လုံးဝကို ကြောက်စရာကောင်းနေခြင်းပင်။

ယန်ယဲ့ ကဲ့သို့ လူတစ်ယောက်
ပေါ်လာသည့်အခါ တစ်စုံတစ်ယောက်က
သူနှင့်မိတ်ဆွေဖြစ်သင့်သလို
တစ်ချက်တည်းနှင့်လည်းသတ်ပစ်သင့်သည်
။အခြေအနေအရပ်ရပ်ကို လှည့်စားဖို့
အခွင့်အရေးမရှိနိုင်ပေ။ ထိုသို့မဟုတ်လျှင်
သူလှုပ်ရှားလိုက်သည်နှင့်
တစ်စုံတစ်ယောက်က ချက်ချင်း

အဆုံးသတ်သွားရပေမည်။ မြို့တော်ဝန်
ဟဲလင်ဖုန်း သို့မဟုတ် လျှို့ဝှက်ခြံဝန်း
ပင်ဖြစ်စေ သူတို့၏လုပ်နိုင်စွမ်းကို
ရှင်းရှင်းလင်းလင်း သိနေသော်လည်း
ယန်ယဲ့နှင့် ရန်သူဖြစ်လာဖို့သာ
ရွေးချယ်လိုက်ကြသည်။

ရှေ့ဆက်ဖြစ်လာမည့် ပြဿနာနှင့်
ပတ်သက်၍တော့ ဟဲလင်ဖုန်း
ကြုံတွေ့ခဲ့သည့် အကျိုးဆက်များက
အကောင်းဆုံး သက်သေများပင်။

ယန်ယဲ့ဧ၏လက်ထဲမှ ဟာကျူလီယံဓားက

ဟဲလင်ဖုန်းဧ၏နဖူးအလယ်ဗဟိုကို

ထိုးကပ်ထားပြီး "မင်းတို့အားလုံးက

စေတနာကောင်းရှိနိုင်တာကို

သတိပြုရမယ်။ ဒါပေမယ်လို့

စေတနာထားဖို့

ရည်မှန်းထားတဲ့လူအပေါ်မှာလည်း

မူတည်တယ်ဆိုတာ သိထားရမယ်။

မင်းရဲ့ရန်သူအပေါ် စေတနာထားတယ်ဆိုရင်

သူတို့ရဲ့ကျေးဇူးတရားကို ပြန်မရနိုင်ဘူး၊

အဲဒီအစား သူတို့ဆီက အရိုးအမှုန်းကလဲ့စားချေတာကိုပဲ ခံရနိုင်တယ်။ ဒါကြောင့် မင်းရဲ့ခွန်အားက အဆင့်တစ်ခုကိုရောက်နေတဲ့အချိန်မှာ ကိုယ့်ရန်သူအားလုံးကို အမြစ်ဖြတ်သတ်လိုက်၊ အနာဂတ်ဒုက္ခအားလုံးကို အဆုံးသတ်လိုက်တာက အကောင်းဆုံးပဲ”

စကားပြောပြီးသည်နှင့် ဟာကျူလီယံမားကို အောက်ဖိချလိုက်ရာ

ဖောင်း!

ဟဲလင်ဖုန်း၏ခေါင်းသည်
အပိုင်းပိုင်းကွဲသွားကာ ပတ်ဝန်းကျင်ဆီသို့
သွေးများ ဖြန်းခနဲ ပန်းထွက်လာသည် ။

ယန်ယွဲ့က ဟာကျူလီယံဓားကိုဖယ်လိုက်ပြီး
"ရှေးဟောင်းဓားကျောင်းတော်ရဲ့
ပါရမီရှင်တွေကို မြင်ဖူးသလို
တာအိုအမိန့်တော်ရဲ့ပါရမီရှင်တွေကိုလည်း
တွေ့ဖူးတယ်။ ဒီနေ့တော့

တိမ်ပင်လယ်အကယ်ဒမီရဲ့
ထိပ်သီးပါရမီရှင်တွေကို ကြည့်ပါရစေ"

ထိုအချိန်တွင် ရှန်ချင်းယင်က ယန်ယဲ့
ရှေ့တွင် ပေါ်လာသည်။

"ရဲယန်၊ ငါ နင့်ကို မတားနိုင်ဘူးဆိုတာ
ငါသိတယ်။ဒါပေမဲ့ ....” ရှန်ချင်းယင်က
ယုဝူရှမ် နှင့် ယန်ယဲ့နောက်တွင်ရပ်နေသော
အခြားသူများကို လက်ညှိုးထိုးပြပြီး
"သူတို့အကြောင်း

နင်ထည့်စဉ်းစားပြီးပြီလား။ နင်သတ်ရင် လျှို့ဝှက်ခြံဝန်းက နင့်ကို တားနိုင်မှာမဟုတ်ဘူးဆိုတာ ငါသိတယ်။ ဒါပေမဲ့ သူတို့ကော....။ နင်သူတို့ကိုယ်စား လျှို့ဝှက်ခြံဝန်းကို ရှင်းပစ်လိုက်တာနဲ့ အကယ်ဒမီက နင့်ကို အသက်ရှင်ခွင့်ပေးတယ်ဆိုရင်တောင် သူတို့ကို အသက်ရှင်ခွင့်ပေးမှာလား"

ယန်ယဲ့က သူမကို မျက်လုံးချင်း တည့်တည့်စိုက်ကြည့်ပြီး "ဖုန်းဝူချောင်၊

ရှုပင်းဝေ နဲ့ တခြားသူတွေ သေဆုံးသွားခဲ့ရင် အကယ်ဒမီက လျှို့ဝှက်ခြံဝန်းကို ဘာလုပ်မယ်လို့ ထင်လဲ။ သူတို့ဘဝနဲ့ ပေးဆပ်နိုင်ပါ့မလား" ယန်ယွဲ့က ဒီစကားကို ပြောလိုက်ရင်း ခေါင်းယမ်းကာ "မဖြစ်နိုင်ဘူးလေ၊ လုံးဝမဖြစ်နိုင်ဘူး။ ဟုတ်တယ်မလား"

ရှန်ချင်းယင်က ယန်ယွဲ့ပြောသောစကား မှန်နေသည်ကို သိသောကြောင့် တိတ်ဆိတ်သွားသည်။

လျှို့ဝှက်ခြံဝန်း၏ကျောင်းသားများကို
အပြစ်ပေးမည်ဖြစ်သော် လည်း
သေဒဏ်ချမှတ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပေ။
သေဆုံးသွားသော ပါရမီရှင်က
အသက်ရှင်နေသောသူနှင့်
မည်သို့နှိုင်းယှဉ်နိုင်မည်နည်း။

၁၁၂၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၁၂၉ - အရင်ဦးဆုံး သတ်ဖြတ်ပြခြင်း

ယန်ယဲ့က ရှန်ချင်းယင် ဆီကို လျှောက်သွားပြီး "ဒီလိုပါပဲ၊ ငါ လျှို့ဝှက်ခြံဝန်းတစ်ခုလုံးကို သတ်လိုက်ရင် အကယ်ဒမီက ငါ့ကို အပြစ်ပေးလိမ့်မယ်၊ ဒါပေမဲ့ ငါ့ကို လုံးဝသတ်မှာ မဟုတ်ဘူးလေ" ဟုပြောလိုက်သည်။

စကားပြောပြီးနောက် ယန်ယဲ့က
ရှန်ချင်းယင်ကို ဂရုမစိုက်တော့ဘဲ
လှို့ဝှက်ခြံဝန်း၏ကျောင်းသားများ
စောင့်ကြပ်နေသော မြောက်ဖက်တံခါး
ဆီသို့ ပျံသန်းသွားတော့သည်။

ယန်ယဲ့သည် အမှန်တကယ်ပင်
ရက်စက်ကြမ်းကြုတ်ပြီး
အရူးတစ်ယောက်ဖြစ်သည်။ သို့သော်လည်း
သူသည် လူမိုက်မဟုတ်ပေ။

သူသည်
လျှို့ဝှက်ခြံဝန်း၏ကျောင်းသားများကို
သတ်နိုင်သော်လည်း
သူတစ်ယောက်တည်းက
လျှို့ဝှက်ခြံဝန်းတစ်ခုလုံးကို
ပြိုင်ဆိုင်နိုင်သည်ဟု အကယ်ဒမီမှ
သိုင်းသူတော်စင်များ နားလည်အောင်
လုပ်ရပေမည်။သို့မဟုတ်၊ သူသည်
လျှို့ဝှက်ခြံဝန်းမှ
ကျောင်းသားများအားလုံးထက်

ပို၍ပင်တန်ဖိုးရှိကြောင်း ၎င်းတို့ကို
သက်သေပြဖို့ဖြစ်သည်။

သူသာ ၎င်းကို
အလွယ်တကူအောင်မြင်လျှင်
အကယ်ဒမီက သူ့ကို သတ်မည်မဟုတ်ဘဲ
အဆုံးအစွန်သော
အပြစ်တစ်ခုသာပေးပါလိမ့်မည်။

အလားတူပင်၊ သူသည်
လျှို့ဝှက်ခြံဝန်း၏လက်ချက်ဖြင့်

အသတ်ခံရပါက အကယ်ဒမီဟာ လှိုု့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များကို မသတ်ဘဲ အများဆုံးမှာအပြစ်သာပေးမည်ဖြစ်သည်။

ဒီအခြေအနေက အင်အားကြီးသူ ဟူသော တည်ရှိမှုပင်။ ထို့အပြင် အရာအားလုံးက အကျိုးအမြတ်အပေါ်တွင်သာ မူတည်သည်။

ထိုအချိန်တွင် ရှန်ချင်းယင်က နောက်ကနေ ယန်ယဲ့ကို လှမ်းအော်ပြောလိုက်၏ " ဒါပေမဲ့

အကယ်ဒမီက ဒီကိစ္စကို လိုက်ဖို့
တွန်းအားပေးရင် ဘာဖြစ်မလဲ"

"ကမ္ဘာကြီးက ကျယ်တယ်၊ ငါ့အတွက်
အမြဲတမ်း နေရာတစ်ခုရှိမယ်" ယန်ယဲ့သည်
နောက်လှည့်မကြည့်ဘဲ
အေးစက်စက်ပြန်ပြောလိုက်သည်။

ရှန်ချင်းယင်၏သိမ်မွေ့သောခန္ဓာကိုယ်လေး
က တုန်လှုပ်သွားမိသည်။ ဒီစကားကြောင့်
ယန်ယဲ့သည်အဆိုးဆုံးအတွက်

အဆင်သင့်ဖြစ်နေပြီကို
နားလည်လိုက်ပါသည်။
တိမ်ပင်လယ်အကယ်ဒမီက ဒီကိစ္စကို
အရေးယူဖို့ သို့မဟုတ်
သူ့ကိုသတ်ချင်နေပါက ယန်ယဲ့အနေနှင့်
အကယ်ဒမီကနေ ထွက်သွားရုံသာ။
အခြားကျောင်းသား
တစ်ယောက်သာဆိုပါက အကယ်ဒမီကနေ
ထွက်သွားနိုင်မှာ မဟုတ်ပါ။
သိုင်းကျောဇ်တစ်ယောက်က

သိုင်းသူတော်စင်များနှင့် ရင်ဆိုင်ရသောအခါ
မည်သည့်နေရာသို့ ထွက်သွားနိုင်မည်နည်း။

သို့သော်လည်း ယန်ယဲ့ကတော့
လုံးဝမတူပေ။

ယန်ယဲ့က
ရှေးဟောင်းဓားကျောင်းတော်၏တပည့်ဖြစ်
သည်။ ထို့ကြောင့်
တိမ်ပင်လယ်အကယ်ဒမီက သူ့ကို

အပြစ်ပေးနိုင်သော်လည်း

လုံးဝမသတ်နိုင်ပေ။

နောက်ဆုံးတွင်

ရှေးဟောင်းဓားကျောင်းသည်လည်း

လုံးဝအရှုံးမဟုတ်ပါ။

တိမ်ပင်လယ်အကယ်ဒမီက ယန်ယဲ့ကို

သတ်ဖို့ မည်သို့ခွင့်ပြုပေးမည်နည်း။

ထိုအချိန်တွင်

တိမ်ပင်လယ်အကယ်ဒမီသည် ထူးခြားသော

ပါရမီရှင်တစ်ဦးကို ဆုံးရှုံးသွားရုံသာမကဘဲ

ပလက်တီနမ်အဆင့် အင်အားစုကြီးကိုပင်
ထပ်မံ စော်ကားရာရောက်သွားပါလိမ့်မည်။
ဤသို့သော အခြေအနေမျိုးတွင်
ရှေးဟောင်းဓားကျောင်းတော်ကို ရန်စ၊
စော်ကားခြင်းက လုံးဝပညာရှိမဟုတ်ပေ။

ယန်ယဲ့၏နောက်ကျောကို ငေးကြည့်ရင်း
ရှန်ချင်းယင်လည်း ရုတ်တရက်
အကူအညီမဲ့စွာသာ
ရယ်မောလိုက်တော့သည် "ဒါဆို သူက

အရာအားလုံးကို စဉ်းစားပြီးပြီ….
လှျို့ဝှက်ခြံဝန်းကတော့...."

…

လှျို့ဝှက်ခြံဝန်းက
မြောက်ပိုင်းမြို့တံခါးများကို
စောင့်ကြပ်ခဲ့ကြသည်။

လူအရေအတွက် ၃၀
ဝန်းကျင်သာရှိသော်လည်း

မရေမတွက်နိုင်သော

နတ်ဆိုးသားရဲများ၏ပြင်းထန်သောတိုက်ခို

က်မှုများမှ မြောက်ပိုင်းတံခါးများကို

ခုခံကာကွယ်ထားနိုင်ဆဲဖြစ်သည်။

ထိုအချက်ကို ကြည့်ပါက

လှျို့ဝှက်ခြံဝန်းဟာ

မည်မျှကြောက်စရာကောင်းသည်ကို

မှန်းဆနိုင်၏။

လှျို့ဝှက်ခြံဝန်းက ယန်ယဲ့ကို အထင်ကြီးပြီး

လျစ်လျူမရှုဝံ့ပေ၊ သို့သော်လည်း

သူတို့ယုံကြည်ချက်ကြောင့် ယန်ယဲ့ကို လျစ်လျူရှုဝံ့သည်။

သိုင်းသူတော်စင်တစ်ယောက်ကလွဲ၍ မည်သူကိုမဆို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း ယုံကြည်ကြသည်ဟု ဆိုရပေမည်။ သူတို့ပြိုင်ဖက်က စီရင်စု၏ထိပ်တန်းပါရမီရှင် (၅) ယောက် ဖြစ်နေလျှင်ပင် ထိုကဲ့သို့သော တည်ရှိမှုအား တိုက်ခိုက်စွမ်းကို ယုံကြည်ဆဲပင်။

...

မြောက်ဖက်မြို့ရိုးပေါ်မှာ။

ပင်မတံခါးနှင့် နှိုင်းယှဉ်လျှင်
မြောက်ဖက်မြို့ရိုးအထက်၌
လူအနည်းငယ်သာ ရှိသည်။
မြောက်ဖက်ပိုင်းရှိ
မြို့ရိုးများတစ်လျှောက်တွင် လူ ၃၀ ခန့်သာ
စောင့်ကြပ်နေခဲ့သည်။

မြို့ရိုးအောက်ရှိ မြေပြင်က
နတ်ဆိုးဝံပုလွေများ ထူထပ်စွာ
ဖုံးလွှမ်းထားသည်။ အရေအတွက်က
အနည်းဆုံး သိန်းချီ ရှိခဲ့သည်။

"ကျိုးရှု၊ သူတို့က ဒီမှာ" ရုတ်တရက်ပင်
မြို့ရိုးပေါ်မှ အသံတစ်သံ ထွက်ပေါ်လာသည်
။

နံရံအထက်တွင် တင်ပျဉ်ခွေထိုင်နေသော
ကျိုးရှုက ရုတ်တရက် မျက်လုံးပွင့်လာပြီး

အထဲကနေ အေးစက်စက်

အငွေ့အသက်များပျံ့လွင့်လာခဲ့သည်။

“ဟီးဟီး။ ဘယ်လောက်တောင်

ရဲတင်းလိုက်သလဲ၊ ဒီကို ချက်ချင်းလာဖို့

သတ္တိရှိလိုက်တာ"

အနက်ရောင်ဝတ်စုံဝတ်လူတစ်ဦးက

ရယ်မောကာ “ပြောစရာတောင် မလိုပါဘူး၊

အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာမှာ

ဘောတွေရှိတယ်။ ဒါပေမဲ့ သူ လာဖို့

သတ္တိရှိလို့ ငါတို့ ထပ်သည်းမခံနိုင်ဘူး။

ညီအစ်ကိုတို့၊ ငါတို့ သူ့ကို
သတ်သင့်တယ်မဟုတ်လား။
မင်းတို့အားလုံး ဘယ်လိုထင်ကြလဲ”

"ချူရှီးယွမ်.... သတိမလွတ်ပါနဲ့။ သူက
သာမာန်မဟုတ်ဘူး” ကျိုးရှုက
မတ်တပ်ထရပ်ပြီး အဝေးကို
လှမ်းကြည့်နေရင်း "ဌာနမှူးက သူ့အကြောင်း
အရမ်းစဉ်းစားမနေဘဲနဲ့ အပြင်စည်းခြံဝန်းရဲ့
နည်းပြဆရာအဖြစ် တန်းခန့်လိုက်တာနော်။
အဲဒါက သူ့မှာထူးထူးခြားခြား တစ်စုံတစ်ခု

ရှိနေတယ်ဆိုတာ သက်သေပြနေတယ်။
ဒါ့အပြင် ဆုံးရှုံးမှုနည်းနည်းရှိပေမဲ့
ပင်မတံခါးကိုကာကွယ်နိုင်တာ သူကြောင့်လို့
ယူဆနိုင်တယ်။ ငါတို့က
ယုံကြည်မှုရှိနိုင်ပေမဲ
ငါတို့ရဲ့ပြိုင်ဘက်ကိုတော့
လျှော့တွက်လို့မရဘူး”

ချူရှီးယွမ် ဟုခေါ်သောလူက ပေါ့ပေါ့ပါးပါး
ရယ်မောရင်း “ကျိုးရှု!
မင်းအသက်ကြီးလာတာနဲ့အမျှ ပိုဆိုးလာပြီ။

လုဝမ်အာ ဒါမှမဟုတ်
ချင်ဒေါင်ဖူကိုတောင်မကြောက်တာ၊ သူက
သိုင်းကျောဇ်လေးပဲလေ။ ငါတို့ဘာကြောင့်
သူတို့ကို ကြောက်ရမှာလဲ ။ အဲဒီလူ ရဲ့ယန်က
အလယ်အလတ်သိုင်းကျောဇ်အဆင့်
ပဲရှိတယ်။

ငါတို့က သူ့ကို
အလေးအနက်ထားရမှာလား။ မဟုတ်ဘူး၊
သူက ငါတို့ သူ့ကို
အလေးအနက်ထားဖို့တောင်
ထိုက်တန်ရဲ့လားလို့ မေးသင့်တယ်”

သိပ်မကြာခင်မှာပဲ ယန်ယဲ့နှင့်အပြင်စည်းကျောင်းသားများသည် ကျိုးရှုနှင့် လျို့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များ ရှေ့တွင် ပေါ်လာသည်။

"ဒါ ရဲယန် လား၊ သူက ငါ့အတွက် အထူးအဆန်းတော့ မဟုတ်ပါဘူး။ သူ့ခွန်အားကို စမ်းသပ်ပါရစေ"

ကျောင်းသားတစ်ဦးက မြေပြင်တစ်ချက်နင်းကာ

လင်းယုန်တစ်ကောင်အလား လေထဲသို့
ခုန်တက်သွားသည်။ သူက
ဒေါသတကြီးအော်လိုက်ရင်း
အလင်းတန်းတစ်ခု ကဲ့သို့ ယန်ယဲ့ ဆီ
တိုက်ခိုက်လိုက်၏။

ထိုကျောင်းသားက
အေးစက်စက်အော်ဟစ်ပြီး
သူ၏လက်နှစ်ဖက်ကိုဆန့်ထုတ်ကာ
ယန်ယဲ့၏ခေါင်းကို ကုတ်ဆွဲလိုက်သည်။

ဆူး!

ယန်ယဲ့၏ အထက်လေထုထဲ၌
ကွဲအက်နေသော လေတိုးသံတစ်ချက်
ထွက်ပေါ်လာသည်။ ထို့နောက်
ကျောင်းသားထံမှ ကြောက်မက်ဖွယ်ရာ
ဖိအားတစ်ခုက ထွက်ပေါ်လာပြီး
ယန်ယဲ့၏အောက်မှမြေပြင်ကို
အပိုင်းပိုင်းကွဲအက်သွားစေသည်။

ဖိအားက အမှန်တကယ်
ပြင်းထန်လွန်းသောကြောင့် ယုဝ္ဂူရှမ် နှင့်
အပြင်စည်းကျောင်းသားအားလုံး မီတာ ၃၀
ကျော်ထိ ဆက်တိုက်ဆုတ်သွားပြီးမှသာ
ရပ်တန့်သွားကြသည်။

သူတို့အားလုံး၏ မျက်နှာပေါ်တွင်
လေးနက်သော အမူအရာများ ရှိနေခဲ့သည်။

ဒီလျို့ဝှက်ခြံဝန်းကျောင်းသား၏
ခွန်အားသည် သူတို့စိတ်ကူးထက်ပင်

ကျော်လွန်သွားပြီမဟုတ်ပါလား။
တစ်ချိန်တည်းတွင် ယန်ယဲ့ မှလွဲ၍ မည်သူမျှ
သူ့အတွက် ပြိုင်ဖက်မဟုတ်နိုင်ဟု
ခံစားမိသည်။ အမှန်ပင်၊ အဓိကအားဖြင့်
သူတို့၏ကျင့်ကြံမှုက
နိမ့်ကျလွန်းသောကြောင့်သာ ဖြစ်သည်။

ယန်ယဲ့၏အမူအရာက အပြောင်းအလဲ
မရှိပေ၊ သူ့ဆီသို့ ကုတ်ဆွဲလာသည့်
လက်နှစ်ဖက်ကိုသာ ကြည့်နေသည် ။
သူ့လက်ဝါးကို ရုတ်တရက် လှန်ပြီး

ဟာကျူလီယံများဖြင့် အပေါ်မြောက်ကာ
ခုတ်ပိုင်းလိုက်သည်။

အား....ဖောင်း!

နာကျင်စွာ အော်လိုက်သံနှင့်အတူ
ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

ထိုလူဆီမှ ထွက်လာသော ဖိအားသည်
သဲလွန်စမရှိဘဲ ချက်ချင်း
ပျောက်ကွယ်သွားတော့သည်။

ထို့နောက်တွင် သူ၏ခန္ဓာကိုယ်သည်
စက္ကူတစ်ရွက်အလား
လွင့်ပျံသွားသည်ကို လူတိုင်း
မြင်လိုက်ကြရ၏။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့ဟာ
ထိုလူ၏အထက်လေထဲတွင် ပေါ်လာပြီး
ခြေထောက်ကိုမြှောက်ကာ
နင်းချလိုက်တော့သည်။

ဖောင်း!

ထိုလူ၏ခန္ဓာကိုယ်က မြေပြင်နှင့်ရိုက်ချပြီး ပေါက်

ကွဲသွားသည်။

ဘမ်း!

မြေပြင်သည်
ပြင်းထန်စွာတုန်ခါသွားသည်။၎င်း၏ခန္ဓာကို
ယ်ဟာ ချက်ချင်းပင်

အသားတစ်ပုံကြီးအဖြစ်ပြောင်းလဲသွားပါ
တော့သည်။

ဒုန်း!

ယန်ယဲ့၏ဟာကျူလီယံဓားက မြေပြင်ပေါ်
ထိုးစိုက်သွားကာ ထူထပ်သော
အက်ကွဲကြောင်းများစွာသည်
ပတ်ဝန်းကျင်ဆီသို့ လျင်မြန်စွာ ပျံ့နှံ့သွားကာ
မြေပြင်သည် တစ်ဖန်တုန်ခါသွားခဲ့သည်။

ထို့နောက် ယန်ယဲ့၏အကြည့်သည်
မြို့ရိုးအထက်၌ ရပ်နေသော ကျိုးရှုနှင့်
လှျို့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များ အပေါ်
ရောက်သွားကာ "အခု မင်းတို့အားလုံး ငါ့ကို
တစ်ယောက်ပြီး တစ်ယောက်
တိုက်ခိုက်မှာလား ဒါမှမဟုတ်
အဖွဲ့လိုက်လာမှာလား"

ပတ်ဝန်းကျင်က
လုံးဝတိတ်ဆိတ်နေပါသည်၊

ကျိုးရှု အပါအဝင်

လှိုင်ဝှက်ခြိဝန်းဧ၏အဖွဲ့ဝင်များအားလုံး

စကားတစ်ခွန်းမှ မပြောဘဲ သူတို့

မျက်လုံးထဲ

လေးနက်သောအမူအရာများသာ

ရှိနေသည်။

နောက်ဆုံးတွင် သူတို့က

ယန်ယွဲ့၏ခွန်အားကို

လက်တွေ့မြင်လိုက်ရပြီဖြစ်သည်။

လျှို့ဝှက်ခြံဝန်း၏ကျောင်းသားက
သူတော်စင်တစ်ပိုင်းအဆင့်ဖြစ်သည်။
၎င်းက လျှို့ဝှက်ခြံဝန်းတွင်
အောက်ဆုံးအဆင့်သာ ရှိသော်လည်း
သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်ခဲ့သည်။
သို့သော် ထိုကဲ့သို့သော
သူတော်စင်တစ်ပိုင်းအဆင့်က
တစ်ချက်တည်းနှင့်အသတ်ခံလိုက်ရ၏။

ထို့ကြောင့် ယန်ယဲ့ကို လက်ရှိအချိန်ထိ
လျှော့တွက်နေသေးပါက သူတို့ဟာ
လူမိုက်များသာဖြစ်ပေလိမ့်မည်။

ဒီအချိန်မှာ ကျိုးရှူက ရဲကိုင်ယင်ကို
လှည့်ကြည့်လိုက်ပြီး သူ့အကြည့်က
အတော်လေး
အေးစက်သွားသည်။အဘယ်ကြောင့်ဆို
သော် ထိုလူ၏ခွန်အားသည် ရဲကိုင်ယင်
ထက်အားနည်းသော်လည်း
ပထမဆုံးအကြိမ် တိုက်ခိုက်မှုဖြင့်ပင်

ချက်ချင်း

အသတ်ခံခဲ့ရသည်။တစ်နည်းဆိုရသော်

ရဲကိုင်ယင်က သူတို့ကို

ထိန်ချန်ထားခဲ့ခြင်းပင်မဟုတ်ပါလား။

၁၁၃၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၃၀ - အဆင့်မြင့်ဝင်္ကပါအစီအရင်လား၊ ငါဒါကိုချိုးဖျက်ပြမယ်

ထိုအချိန်တွင် ချူရှီးယွမ်က စကားစပြောလိုက်သည် " ငါ အရင်ဆုံးစမ်းကြည့်ပါရစေ။ ငါရှုံးရင် သူ့ကို တစ်ယောက်ချင်းစီ မတိုက်ခိုက်နဲ့၊ သူ့ကို အတူတူတိုက်ခိုက်ကြ"

စကားပြောပြီးသည်နှင့် ချူရှီးယွမ်က မြို့ရိုးအထက်ကနေ ခုန်ဆင်းလာသည်။

သူက ယန်ယဲ့ကို စိုက်ကြည့်ရင်း
"ပြောစရာမလိုပါဘူး၊ ငါတို့ မင်းကို
တော်တော်လေး လျှော့တွက်ခဲ့တာပဲ။
ဒါပေမဲ့ စိတ်မပူပါနဲ့၊ ငါတို့ မလုပ်တော့ဘူး။"

သူစကားပြောနေစဉ်တွင် ယုဝူရှမ် နှင့်
အခြား အပြင်စည်းကျောင်းသားများကို
တစ်ချက်ကြည့်လိုက်ပြီး "ငါတို့ရဲ့
လျှို့ဝှက်ခြံဝန်းက ပုံမှန်ဆိုရင်
ဘာပြဿနာမှမရှိပေမဲ့
တကယ်ဖြစ်လာရင်လည်း ငါတို့လုပ်ရပ်က

အကယ်ဒမီတစ်ခုလုံးကို

တုန်လှုပ်သွားစေနိုင်တယ်။ ဒီနေ့ကစပြီး

အကယ်ဒမီကျောင်းဟာ နောက် ၃ နှစ်အထိ

အပြင်စည်းခြံဝန်းဆိုတာ မရှိတော့ဘူး"

ထိုသို့ပြောပြီးသည်နှင့် တပြိုင်နက်

သူ့ခန္ဓာကိုယ်ကနေ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်တစ်ခု ထွက်ပေါ်လာပြီး

တောင်အလုံးပေါင်းမြောက်မြားစွာကဲ့သို့

ယန်ယဲ့ဆီသို့ ဖိချသွားသည်။

"ဟားဟား....၊ အပြောကောင်းတယ်။
များသောအားဖြင့် ငါက
ဒုက္ခမပေးတတ်ဘူး။ ဒါပေမယ်လိုလ
ငါလုပ်လိုက်တာနဲ့ ငါ့ရှေ့မှာ
ကောင်းကင်ကြီးတောင် တုန်ခါသွားရမယ်"
ယန်ယဲ့က ချူရှီးယွမ် ဆီသို့
လျှောက်လာရင်း "ဒီနေ့ကစပြီး
အကယ်ဒမီမှာ နောက် ၃ နှစ်အထိ
လျှို့ဝှက်ခြံဝန်းဆိုတာ မရှိစေရဘူး"

သူစကားပြောပြီးသည်နှင့်တပြိုင်နက်

ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒကို

ထုတ်ဖော်လိုက်၏။ ကောင်းကင်အဆင့် ၃

ဓားစိတ်ဆန္ဒ ထွက်ပေါ်လာသည်နှင့်

ချူရှီးယွမ်၏အောက်ရာက ချက်ချင်းပင်

ပျောက်ကွယ်သွားလေတော့သည်။

"ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒ "

ချူရှီးယွမ်၏မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားပြီး ပေါ့ပေါ့ဆဆ

ပြုမူခြင်း မရှိတော့ပေ။
သူ့လက်ကိုဝှေ့ယမ်းကာ ပုဆိန်တစ်လက်ကို ထုတ်ယူပြီး ရှေ့ရောက်လာသည့် ယန်ယွဲ့ကို ခုတ်ချလိုက်လေသည်။

ယန်ယွဲ့သည် ချက်ချင်းပင် အမြန်နှုန်းဥပဒေသကိုအသုံးချလိုက်သည်။ သို့သော်လည်း ဒီတစ်ကြိမ်မှာတော့ သူ့အရှိန်က ထူးဆန်းစွာ နှေးကွေးနေပြီး အမြန်နှုန်းဥပဒေသကို အသုံးမပြုခင်ထက်ပင် နှေးကွေးနေ၏။

ယန်ယဲ့ကနေရာတွင် ရပ်လိုက်ပြီး

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ကာ

“ငါ့ရဲ့ဥပဒေသစွမ်းအင်ကို ဖိနှိပ်ထားတဲ့

ဝက်ပါအစီအရင် တဲ့လား။

ဒီဝက်ပါအစီအရင်က မဆိုးဘူးလို့

ပြောရမယ်"

"ဒါဟာ ငါတို့ရဲ့ဝက်ပါအစီအရင်က

မဆိုးဘူးဆိုတာ

မင်းကိုငါမကြာခင်နားလည်ခွင့်ပြုမှာပါ"

ချူရှီးယွမ်က အေးစက်စက်
ပြောလိုက်သည်။ စကားပြောပြီးသည်နှင့်
တပြိုင်နက် သူ့လက်ထဲမှပုဆိန်က
အလင်းတန်းများ ထွက်လာပြီး ယန်ယွဲ့ကို
ထောင်းချလိုက်သည်။

ယန်ယွဲ့သည် ဟာကျူလီယံဓားကို
မြှောက်ကာ ခုတ်ပိုင်းလိုက်၏။
သို့သော်လည်း ဟာကျူလီယံဓားက
ယခင်ကထက် အဆများစွာ
ပိုလေးလံနေကြောင်း သတိပြုမိခဲ့သည်။

ထို့အပြင် သူ့ခန္ဓာကိုယ်က
တောင်အောက်ကို ရောက်နေသလိုပင်
ခံစားရသည်။ သူကလှုပ်ရှားနိုင်သော်လည်း
အလွန်နှေးကွေးနေခဲ့၏။
ထို့ကြောင့် ချူရှီးယွမ်၏ပုဆိန်ခုတ်ချက်က
သူ့ရင်ဘတ်ကို တိုက်ရိုက်ထိမှန်သွားသည် ။

ဘမ်း!

ပေါက်ကွဲသံ ထွက်ပေါ်လာသည်။
သို့သော်လည်း ယန်ယဲ့သည် လုံးဝ
လွင့်ထွက်မသွားပေ၊ ရုတ်စွအဆုံး
သူ့ကိုယ်ပေါ်တွင်လည်း မည်သည့်ဒဏ်ရာမှ
ရှိမနေပေ။

ဒီမြင်ကွင်းကို မြင်လိုက်ရာ ကျိုးရှုနှင့်
လျို့ဝှက်ခြံဝန်း၏ အဖွဲ့ဝင်များအားလုံး
မျက်နှာပျက်သွားကြတော့သည်။
ပြောရမည်ဆိုလျှင် ယန်ယဲ့၏ရုပ်ခန္ဓာက
ဤမျှထိ

ကြောက်စရာကောင်းနေလိမ့်မည်ဟု သူတို့မထင်ထားကြချေ။

ချူရှီးယွမ်၏မျက်နှာသည်လည်း အလွန်လေးနက်သော အမူအရာအချို့ ရှိနေသည်။

ယန်ယဲ့သည် ချူရှီးယွမ်ကို ဂရုမစိုက်ဘဲ ပတ်ဝန်းကျင်ကို မပြတ်စစ်ဆေးနေကာ ဝက်ပါအား ဖျက်ဆီးပစ်ဖို့တွေးနေခဲ့သည်။

ဒီအခိုက်အတန့်မှာ လှိုဝုက်ခြံဝန်း၏အဖွဲ့ဝင် ၃၀ တည်းက

မြောက်ပိုင်းမြို့တံခါးအား ကာကွယ်နိုင်သည့်

အကြောင်းအရင်းကို သူ

နားလည်သွားတော့သည်။

ဒီဝက်ပါအစီအရင်က

ပြောစရာမလိုအောင်ကို

အစွမ်းထက်လှသည်မဟုတ်ပါလား။

အဘယ်ကြောင့်ဆိုသော်

ဝက်ပါအစီအရင်၏ဖိနှိပ်မှုက

တစ်စုံတစ်ယောက်ကို သူ့ခွန်အား ၂၀

ရာခိုင်နှုန်း သို့မဟုတ် ၃၀ ရာခိုင်နှုန်းလောက်

ထုတ်ဖော်နိုင်သည့်ကပင်
အံ့ဩစရာကောင်းပေလိမ့်မည်။

ယန်ယဲ့၏မျက်ခုံးများသည် အနည်းငယ်
တွဲကျနေသည်။ ဝင်္ကပါအစီအရင်ကို
ဂရုမစိုက်သော်လည်း
ဥပဒေသစွမ်းအင်ကိုပင်
တန်ပြန်ရိုက်ခတ်နိုင်သဖြင့် သူ့စိတ်ထဲ
အတော်လေးတုန်လှုပ်မိသည်။

သို့သော် သူ့အတွက် အဓိပ္ပါယ်ရှိသည်ဟု ခံစားမိသည်။ နောက်ဆုံးတွင် ကမ္ဘာပေါ် ရှိအရာအားလုံးဟာ အချင်းချင်း ဆန့်ကျင်ဖက်ဖြစ်နေသည်မဟုတ်ပါလား။ ဥပဒေသများကို ဆန့်ကျင်နိုင်သည်မှာ အံ့သြစရာမဟုတ်ပေ။

"ဝက်ပါအစီအရင်ကို ချိုးဖျက်ဖို့ တွေးနေတယ်ဆိုရင် မင်းရဲ့ စွမ်းအင်ကိုကုန်တဲ့အထိသုံးကြည့်လိုက်လေ " ထိုအချိန်တွင် ကျိုးရှုက

လှိုင်ဝှက်ခြံဝန်း၏ကျောင်းသားများကို
ဦးဆောင်ကာ ချူရှီးယွမ် နံဘေးသို့
ရောက်လာပြီး "ဒီဝက်ပါအစီအရင်ဟာ
ဗဟိုနတ်ဘုရားစီရင်စုကနေ
ဌာနမှူးကိုယ်တိုင်ယူလာတဲ့
အဆင့်မြင့်ဝက်ပါအစီအရင်လေ။ ဌာနမှူးနဲ့
တခြားသူတွေ ဖန်တီးထားရင်
သိုင်းသူတော်စင်တွေကိုတောင်
ဖိနှိပ်နိုင်တယ်။ ငါတို့ဖန်တီးထားတဲ့
ဝက်ပါအစီအရင်က သူတို့ထက်နိမ့်နေပေမဲ့

မင်းလို သိုင်းကျောဇ်အဆင့်လေး
ဖျက်ဆီးပစ်နိုင်တဲ့ အရာတော့မဟုတ်ဘူး”

ချူရှီးယွမ်က ကျိုးရှုကို စိုက်ကြည့်ရင်း
"ငါ့ဘာသာ လုပ်မယ်"

ကျိုးရှုက ခေါင်းခါလိုက်ပြီး "သူ့ရဲ့
ဓားတာအိုက ကြောက်စရာကောင်းတယ်။
ပြီးတော့ သူ့ခန္ဓာကိုယ်ကလည်း
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်

နတ်ဆိုးသားရဲ့ ယှဉ်နိုင်သလို
အမြန်နှုန်းဥပဒေသကိုတောင်
နားလည်ထားသေးတယ်။
ဝက်ပါအစီအရင်ကိုသုံးပြီး
ဖိနှိပ်ထားရင်တောင် မင်း သူ့ကို ဘာမှ
လုပ်နိုင်မှာ မဟုတ်ဘူး၊ အဲဒီအစား
မင်းတောင် အသတ်ခံရနိုင်တယ်"

ချူရှီးယွမ်က "မင်းငါ့ကို
အထင်သေးနေတာလား"

ကိုဖိုးရှုက ချူရှီးယွမ်ကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းသူ့ကို

တရားမျှတတဲ့တိုက်ပွဲတစ်ပွဲမှာ

တိုက်ဖို့ရွေးချယ်ခဲ့မယ်ဆိုရင်

မင်းတို့နှစ်ယောက်ကြားက တိုက်ပွဲကို

ငါချက်ချင်းခွင့်ပြုမှာပါ။ အခု ဒီတိုက်ပွဲက

တရားမျှတမှု မရှိဘူးဆိုတော့

လုံးလုံးမတရားဘူး။ မဟုတ်ရင်

မင်းအနိုင်ရရင်တောင်

အဓိပ္ပါယ်မရှိတော့ဘူး။ ဘာလို့လဲ ဆိုတော့

မင်းက သူ့ကို ဝက်ပါအစီအရင်မရှိဘဲနဲ့
ယှဉ်နိုင်မှာမဟုတ်ဘူး"

ချူရှီးယွမ်က “ ဒါဆို ဝက်ပါအစီအရင်ကို
ဖယ်ပြီး သူ့ဘာသာသူ တိုက်ခွင့်ပြုလိုက်”

ကျိုးရှုက သူ့စကားကို ဂရုမစိုက်ဘဲ
ချူရှီးယွမ်ကို စိုက်ကြည့်ကာ "
ဝက်ပါအစီအရင်နဲ့သာ သူ့ကို
မဖိနှိပ်ဘူးဆိုရင် သူက မင်းကို

အမြန်နှုန်းဥပဒေသနဲ့ တစ်ချက်တည်း
သတ်သွားလိမ့်မယ်။ မင်းတင်မဟုတ်ဘူး၊
ငါတို့တောင် ဘာမှမလုပ်နိုင်ဘဲ
အကုန်လုံးသေသွားနိုင်တယ်"

ဤအထိပြောပြီး စကားခဏရပ်ကာ
ကျိုးရှု၏မျက်နှာသည်
အနည်းငယ်မှိန်ကျသွားပြီး "ဂူချန်းဖန်က
တံခါးပိတ်ကျင့်ကြံမှုမလုပ်ခင်မှာ ငါ့ကို
လှို့ဝှက်ခြံဝန်းရဲ့
အာဏာကိုအပြည့်အဝလွှဲပေးခဲ့တယ်။

ငါ့အမိန့်ကို နာခံဖို့ ငြင်းဆန်ရင် ငါ့ကို သနားညှာတာမှုကင်းမဲ့တယ်လို့ အပြစ်မတင်နဲ့"

ချူရှီးယွမ်၏မျက်နှာသည် အေးစက်သွားကာ ထိုအချိန်မှာပဲ လဲ့ကုန်ရှင်း ဟုခေါ်သောလူက ရုတ်တရက်ပြောလိုက်သည် "ကောင်းပြီ၊ ငါတို့အတွင်းရေးသဘောထားကွဲလွဲမှုတွေကို နောက်မှဖြေရှင်းမယ်။အခု အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာနဲ့

အပြင်စည်းခြံဝန်းက ဒီအမှိုက်တွေကို အရင်ဖြေရှင်းလိုက်ရအောင်”

ရဲကိုင်ယင်က ရုတ်တရတ်ပြောလိုက်သည် "အပြင်စည်းခြံဝန်းရဲ့ ကျောင်းသူလေးတွေက တော်တော်ကြည့်ကောင်းတယ်"

"တကယ်ပါပဲ။ ဟီးဟီး….” ကုန်းစွန်း ဟုခေါ်သော လူကလီချင်ကျင်း နှင့်

အခြားအမျိုးသမီးများကို စိုက်ကြည့်ရင်း
“အစ်ကိုကြီးကျိုးရှူ! အဲဒီအမျိုးသမီးတွေကို
အသက်ရှင်လျက် ထားနိုင်မလား။
ငါတို့မသတ်ခင် သူတို့နဲ့ပျော်ရအောင်။
မဟုတ်ရင် တကယ်ပဲ
အမှိုက်ဖြစ်သွားလိမ့်မယ်။ ဟီးဟီး….”

လဲ့ကုန်းရှင်းက ယုဝူရှမ်နှင့်
အခြားကျောင်းသူများကို
တစ်ချက်ကြည့်လိုက်ပြီး "သူတို့က ငါတို့ကို
ရန်သူလိုသဘောထားမှတော့ ငါတို့လည်း

သူတို့ဟာ အကယ်ဒမီရဲ့ကျောင်းသားတွေလို့ သတ်မှတ်စရာမလိုဘူး"ဟု အေးစက်စက်ပြောလိုက်ပါသည်။

ဒီစကားပြောပြီးနောက် သူ့ပါးစပ်ထောင့်တွင် အနည်းငယ်ဆိုးယုတ်သော အပြုံးတစ်ခု ပေါ်လာသည်။ သူက "ဒါဆို သူတို့ကို ခဏလောက် အသက်ရှင်ခွင့်ပေးလိုက်ပါမယ်လေ"

"အဲ့ဒီအကြံကောင်းတယ်" ချူရှီးယွမ်က ဆက်ပြောသည်။

ကျိုးရှု ကလည်း လီချင်ကျင်း နှင့် ကျောင်းသူများကို
 ကြည့်လိုက်ပြီး "ကောင်းပြီ၊ ဒါဆို သူတို့ကို အသက်ဆက်ရှင်လျက်ထားမယ်"

ထိုစကားကို ကြားသောအခါ
လှိုဝှက်ခြံဝန်း၏ ကျောင်းသားများအားလုံး
ချက်ချင်းပင် ရယ်မောကြသည်။

ထိုအချိန်တွင် ယန်ယဲ့က ရုတ်တရက်
ရှေ့တိုးလာပြီး “မင်းတို့အားလုံး ပြောလို့
ပြီးကြပြီလား”

ကျိုးရှူ၏အကြည့်က ယန်ယဲ့ ထံ
ရောက်သွားပြီး ပါးစပ်ထောင့်တွင်

အပြိုးတစ်ခုနှင့် "မင်း သန်မာတယ်ဆိုတာ ငါသိပါတယ်။ စစ်ပွဲတစ်ခုမှာ မင်းနဲ့ယှဉ်လိုက်ရင် ငါတောင် ဘာမှမဟုတ်သေးဘူး။ ဒါပေမဲ့ ဘာလဲ၊ ဒီနေရာမှာရှိတဲ့ ဝက်ပါအစီအရင်နဲ့ ဆွဲငင်အားစက်ကွင်းက မင်းကိုမပြောနဲ့၊ မင်းလိုလူ ၁၀ ယောက်ရှိနေရင်တောင် ဘာမှလုပ်နိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ စိတ်မပူပါနဲ့၊ ငါမင်းကို မြန်မြန်သေစေမှာမဟုတ်ဘူး။ အဲဒီကျောင်းသူတွေ ဘာဖြစ်သွားလဲ မင်းကို

ငါကြည့်ခွင့်ပေးမယ်၊ ပြီးတော့ မင်းကို
ဖြည်းဖြည်းချင်း သတ်ပစ်မယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ သူက
စကားထပ်မပြောခင် ကျိုးရှု နှင့်
လျှို့ဝှက်ခြံဝန်း၏ကျောင်းသားများအားလုံး
ကို တစ်ချက်ကြည့်လိုက်ပြီး "ဒါကြောင့်
မင်းရဲ့ယုံကြည်မှုက
ဒီဝက်ပါအစီအရင်ကနေ
လာတာကိုး။တကယ်ကို
ရယ်စရာကောင်းလိုက်တာ…”

စကားပြောပြီးသည်နှင့် ယန်ယဲ့က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ဘောင်း!

ပေါက်ကွဲသံကြီးတစ်ခု ပဲ့တင်ထပ်ပြီး မရေမတွက်နိုင်သော စွမ်းအင်လှိုင်းများ သေးငယ်သော လေထုထဲမှ ထွက်ပေါ်လာပြီး

အဖြူရောင်မြူခိုးများကဲ့သို့
ဖုံးလွှမ်းသွားသည် ။

ဝက်ပါအစီအရင်က တစ်စစီ
ကျိုးပျက်သွားပါတော့ သည်။

ဒီရုတ်တရက်မြင်ကွင်းက ကျိုးရှု အပါအဝင်
လျှို့ဝှက်ခြံဝန်း၏ကျောင်းသားများအားလုံး
ကို ထိတ်လန့်သွားစေသည်။

၁၁၃၁

Almighty Sword Domain

အဆုံးမဲ့ခါးကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၃၁ - အတူမွေးဖွားမလာပေမဲ့ အတူသေကြမယ်

ဝက်ပါအစီအရင်သည် အမှန်တကယ်ပင် ကြောက်မက်ဖွယ်ကောင်းပြီး ချိုးဖျက်ဖို့ သဲလွန်စ လုံးဝရှာမရနိုင်ပေ။ ယန်ယဲ့ သည်ပင် သူတော်စင်တစ်ပိုင်းအဆင့် စိတ်အာရုံအသိ

ပိုင်ဆိုင်ထားသည့်တိုင်အောင်
ဝက်ပါအစီအရင်၏ဖြဟိုချက်ကို
အာရုံမခံနိုင်ခဲ့ပါ။

သို့သော်လည်း ဝက်ပါအစီအရင်က
မည်မျှပင်ကြောက်စရာကောင်းနေပါစေ
သူ၏ဓားနယ်မြေကိုအသက်သွင်းလိုက်ပါက
ခံနိုင်ပါမည်လော။

ဓားနယ်မြေကို အသက်သွင်းလိုက်သည်နှင့်
ယန်ယွဲ့ဟာ ဝက်ပါအစီအရင်၏ဖြဟိုချက်ကို

ချက်ချင်းရှာတွေ့ခဲ့သည်။ ၎င်းကို မြင်နိုင်သောကြောင့် သူ၏ဉာဏ်အလင်းရခြားနှလုံးသားဖြင့် ချို့ယွင်းချက်တစ်ခုကိုပါချက်ချင်းရှာနိုင်ခဲ့သည်။

အကယ်၍ အခြားသူသာဖြစ်လျှင် ထိုလူက ဝက်ပါဗဟိုချက်ကို ရှာတွေ့နိုင်သည့်တိုင် ဝက်ပါအစီအရင်ကို ချိုးဖျက်နိုင်မည်မဟုတ်ပေ။ နောက်ဆုံးတွင် ၎င်းသည် အဆင့်မြင့်

ဝက်ပါအစီအရင်တစ်ခုဖြစ်သည်။ သို့သော်
ကံမကောင်းစွာပဲ ဝက်ပါအစီအရင်တွင်း
ရပ်နေသူက ယန်ယဲ့ ဖြစ်နေခဲ့၏။

ဓားပညာရှင်များက
ဓားတစ်ချက်လွှဲယမ်းရုံဖြင့်
နည်းစနစ်အားလုံးကို ဖျက်ဆီးပစ်နိုင်သည်။
ထိုစကားက
အလဟာသပြောကြခြင်းမဟုတ်ပေ။

ဝက်ပါအစီအရင်
ကျိုးပျက်သွားပြီးနောက်တွင်
ယန်ယဲ့၏ပုံရိပ်က ရုတ်တရက်
ပျောက်ကွယ်သွားခဲ့သည်။

ဆူး!

ခေါင်းပြတ်တစ်လုံးနှင့်အတူ
ပန်းထွက်လာသည့်
သွေးစီးကြောင်းတစ်ခုက လေထဲသို့
ပစ်ချသွားခဲ့သည်။

လှဲ့ကုန်းရှင်း၏ခေါင်းဖြစ်ပြီး
သူ့မျက်လုံးများက အခုထိ
မယုံကြည်နိုင်မှုများ၊ အံ့သြမှုများ
ရှိနေခဲ့သည်။

ယန်ယဲ့၏တိုက်ခိုက်မှုကို တစ်ချက်မျှပင်
မခုခံနိုင်ခဲ့သည်သာမကဘဲ
ဝက်ပါအစီအရင်ဖျက်ဆီးခံရသောကြောင့်
ပါ သူ အံ့သြသွားခဲ့သည်။

လှို့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များသည်
အမှိုက်များမဟုတ်ပေ။ လဲ့ကုန်းရှင်း
ချက်ချင်းအသတ်ခံလိုက်သည့်နောက်
ချက်ချင်းပင် သတိဝင်လာကြတော့သည်။

"အတူတူတိုက်ခိုက်! သတ်ကြ”
ပတ်ဝန်းကျင်ဟာ
ကျိုးရှု၏အေးစက်စက်ဒေါသအသံနှင့်
ဖုံးလွှမ်းသွားသည်။

အားလုံး ၎င်းတို့ပတ်ပတ်လည်၌
ဆန်းကြယ်ချီစွမ်းအင် အတားအဆီးများကို
ချက်ချင်းဖန်တီးလိုက်ကာ ယန်ယွဲ့ ဆီသို့
တပြိုင်နက်တည်း တိုက်ခိုက်လိုက်ကြသည်။
အလျှင်စလို တိုက်ခိုက်ကြသော်လည်း
ပရမ်းပတာမနိုင်ပေ။ ထိုအစား သူတို့က
ချက်ချင်းပင်
အတူတကွပေါင်းစည်းနိုင်ကြသည်။
အချို့က ယန်ယွဲ့၏ အပေါ်ကနေ
တိုက်ခိုက်လာပြီး အချို့ကတော့

တစ်ဖက်တစ်ချက်စီကနေ
တိုက်ခိုက်လာကြသည်။

သို့သော်လည်း ၎င်းတို့ တိုက်ခိုက်လိုက်သည့်
တစ်ချိန်တည်းမှာပင် ယန်ယွဲ့၏ပုံရိပ်သည်
ရုတ်တရက် ပျောက်ကွယ်သွားသည်ကို
သူတို့ ထိတ်လန့်စွာ သတိပြုမိခဲ့သည်။

ဆူး!

ထိုအချိန်မှာပဲ ခေါင်းတစ်လုံးက လေထဲသို့
ပျံတက်သွားကာ သွေးများ
ပန်းထွက်လာသည်။

နောက်ထပ်
လျှို့ဝှက်ခြံဝန်း၏ကျောင်းသားတစ်ဦး
အသတ်ခံလိုက်ရခြင်းပင်။

အမြန်နှုန်းဥပဒေသက
မည်မျှထိကြောက်စရာကောင်းပါသနည်း။

ထိုနေ့က ယန်ယဲ့သာ အဆင့်မြင့်ရုပ်ခန္ဓာကို
မပိုင်ဆိုင်ထားပါက
နန်းကဲ့တူ၏လက်ချက်ဖြင့်
တန်းပြီးအသတ်ခံရမည်ဖြစ်သည်။
သူ့ခွန်အားအပြင် နန်းကဲ့တူကို
အနိုင်ယူနိုင်ခဲ့ခြင်းက
ကံကောင်းသွားသည်ဟုပင်ဆိုနိုင်၏။
အကယ်၍ သူသည် ဓားနယ်မြေကို
နားလည်မထားပါ၊ သို့မဟုတ်
သူ၏ရုပ်ခန္ဓာသာ တိုးတက်မလာပါက
ချက်ချင်းအသတ်ခံရပါလိမ့်မည်။

လှိုက်ဝှက်ခြံဝန်း၏ကျောင်းသားများ
လောက်တော့ ကံကောင်းမှာမဟုတ်ပေ။

အသက်ရှူ ၅ ရှိုက်စာထက်မနည်း
အချိန်မှာပင် လှိုက်ဝှက်ခြံဝန်းမှ ကျောင်းသား
အယောက် ၂၀ ခန့်သာ ကျန်ရှိတော့၏။
မြေပေါ်တွင် သွေးစွန်းနေသော ခေါင်းပြတ်
၁၀ ခုနှင့် ခေါင်းမပါသောအလောင်းများ
လဲကျနေခဲ့သည်။

ယန်ယဲ့သည် အမြန်နှုန်းဥပဒေသကို
နားလည်ထားရုံသာမကဘဲ
ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒကိုပါ
ပိုင်ဆိုင်ထား၏။ ထို့ကြောင့် မည်သူမျှ
သူ့အရှိန်နှင့် မယှဉ်နိုင်ဘဲ အလိုလို တုံ့ပြန်ပြီး
ခုခံနိုင်လျှင်ပင် ကောင်းကင်အဆင့် ၃
ဓားစိတ်ဆန္ဒဖြင့်  လုံးလုံးလျားလျား
ဖိနှိပ်ခံရမည်ဖြစ်သည်။

တစ်နည်းဆိုရသော် ဤနေရာရှိ မည်သူမျှ
ယန်ယဲ့နှင့် မယှဉ်နိုင်ပေ။

လှိုင်ဝှက်ခြံဝန်း၏ကျောင်းသားများသည် အဆင့်တူချင်းယှဉ်လျှင် သန်မာသော်လည်း ယန်ယဲ့နှင့်နှိုင်းယှဉ်ပါက ၎င်းတို့ဟာ ကမ္ဘာကြီး၏ ရက်စက်ကြမ်းကြုတ်မှုကို မခံစားခဲ့ရသော ကလေးငယ်များသာ ဖြစ်နေသေးသည်။

"နောက်ဆုတ်" ကျိုးရှူက ရုတ်တရက် အော်ဟစ်လိုက်သည်။ သို့သော် သူပြောပြီးသည့် တစ်ချိန်တည်းမှာပင်

သူ့ရှေ့မှ အရိပ်မည်းကြီးတစ်ခုကို မြင်လိုက်ရသည်။

ကျိုးရှုက ချက်ချင်း ထိတ်လန့်ပြီး နောက်ဆုတ်လိုက်သော်လည်း ရုတ်တရက် သူ့လည်ပင်းဆီမှ အေးစက်လာသည်ကို ခံစားလိုက်ရသည်။

သူ့ခေါင်းကို ငုံ့ကြည့်လိုက်ရာ ရောမဓားကြီးတစ်ချောင်းက သူ့လည်ပင်းရှေ့တွင် ရုတ်တရက်ထောက်ထားပြီး ယန်ယဲ့က ဓားလက်ကိုင်ရိုးကိုကိုင်ထားလေသည်။

ထွက်ပြေးတော့မည့် အခြား
လှိုင်ဝှက်ခြံဝန်း၏ ကျောင်းသားများသည်
ချက်ချင်းပင် တုံ့ခနဲရပ်သွားကာ ယန်ယဲ့ကို
စိုက်ကြည့်နေကြသည်။ ဒီတစ်ကြိမ်မှာတော့
သူတို့၏မျက်လုံးများက
ကြောက်ရွံ့ထိတ်လန့်မှုများနှင့်
ပြည့်နှက်နေခဲ့ပါသည်။

ယခုအချိန်တွင်တော့
အပြင်စည်းခြံဝန်း၏နည်းပြဆရာက

မည်မျှကြောက်စရာကောင်းသည်ကို
နားလည်သွားပြီဖြစ်သည်။
အစမှအဆုံး သူတို့သာ မိုက်မဲပြီး
ကလေးဆန်နေခဲ့ကြောင်း
သဘောပေါက်သွားကြတော့သည်။

မှန်သည်၊ တစ်ချိန်တည်းမှာပင်
သူတို့၏လျှို့ဝှက်ခြံဝန်းက
ပြီးဆုံးသွားပြီဖြစ်ကြောင်း သိလိုက်ရသည်။

ကျိုးရှုက အသက်ပြင်းပြင်းရှုလိုက်ပြီး ယန်ယဲ့ကို စူးစူးရဲရဲ ပြန်ကြည့်ကာ "ငါတို့ရှုံးသွားပြီ။ ငါတို့ကို ချက်ချင်း သတ်ပစ်လိုက်စမ်း"

"မင်းတို့ကိုသတ်ရမယ်" ယန်ယဲ့က တဟားဟားရယ်လိုက်သည်။ ပြီးမှ "ငါမလုပ်ဝံ့ဘူးလို့ မင်းထင်နေတာလား။ တကယ်တော့ မင်းတို့အားလုံးကို ငါ့ရန်သူလို့ ငါဘယ်တုန်းကမှ မယူဆခဲ့ဘူး။ ဘာကြောင့်လဲ သိလား၊ ဘာလို့လဲဆိုတော့

မင်းတို့အားလုံးက
ငါ့ရဲ့ရန်သူမဖြစ်ထိုက်ဘူးကွ"

ထိုအချိန်တွင် လျှို့ဝှက်ခြံဝန်း၏
ကျောင်းသားတစ်ဦးက ဒေါသတကြီးဖြင့်
“ရဲယန်၊ မင်း ငါတို့ကို သတ်ချင်ရင်
လုပ်လိုက်။ ဘာလို့ ငါတို့ကို
စော်ကားနေတာလဲ”

ဆူး!

အလင်းတန်းတစ်ခု
လင်းလက်သွားပြီးနောက်
ထိုကျောင်းသား၏ခေါင်းက လေထဲသို့
ပျံတက်သွားခဲ့သည်။

အခြား ကျောင်းသားများလည်း
မျက်နှာများဖြူဖျော့သွားကာ ချက်ချင်းပင်
နောက်ပြန်ဆုတ်သွားမိကြသည်။

ယန်ယဲ့က သူတို့ကို ကြည့်လိုက်ပြီး
"တွေ့လား၊ မင်းတို့အားလုံးကို သတ်ရတာ

ပုရွက်ဆိတ်သတ်ရတာထက် လွယ်တယ်။
မင်းတို့အားလုံး ငါ့ရဲ့ရန်သူဖြစ်နိုင်တယ်လို့
ထင်နေလား။ မင်းတို့ ..... မဟုတ်ဘူး!
ရိုးရိုးသားသားပြောရရင် ဒီကိုလာတဲ့လမ်းမှာ
တစ်ခုခုကို တွေးနေတာ၊ အားလုံးကို
သတ်သင့်လား ဒါမှမဟုတ် အားလုံးကို
သင်ခန်းစာတစ်ခု သင်ပေးမလားဆိုတာပဲ"

ဤအထိ ပြောပြီးနောက် ယန်ယွဲ့က ပြုံးကာ
"မင်းတို့သိပါတယ်…၊
ငါဒီကိုရောက်တုန်းက မင်းတို့အားလုံးကို

သတ်ပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို
စွန့်လွှတ်ခဲ့တယ်။ အဲဒါက
မင်းတို့အားလုံးကြောင့်မဟုတ်ဘူး၊ ငါက
ကရုဏာပြနေသလို ရုတ်တရက်ခံစားရလို့
မဟုတ်ဘူး။ ငါနဲ့ အတူရှိနေကြတဲ့
အပြင်စည်းကျောင်းသားတွေကို
ငဲ့ကွက်နေလို့ဘဲ။ အကယ်ဒမီတစ်ခုလုံးကို
ငါ့လို ရန်သူတွေ
မဖြစ်စေချင်ဘူး။အကယ်ဒမီက
ငါ့ကိုလက်ခံဖို့ ငြင်းရင် ငါ့အတွက် အမြဲတမ်း
နေရာတစ်ခုရှိနေမှာဆိုတော့

ငါ့ကိုရမစိုက်ဘူး။ ဒါပေမယ်လို့ အဲဒါက မတူညီဘူးလေ။ အကယ်ဒမီက သူတို့ရဲ့ အခြေခံအုတ်မြစ်ဖြစ်သလို သူတို့ရဲ့ အနာဂတ်အိမ်ဖြစ်လာမှာကိုး။ ဒါကြောင့် အားလုံးကို သင်ခန်းစာတစ်ခု သင်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့….”

ဒီအထိ ပြောပြီးချိန်မှာတော့ ယန်ယွဲ့၏မျက်နှာပေါ် ရှိ အပြုံးက ရုတ်တရက် ပြင်းထန်လာပြီး "ဒါပေမဲ့ မင်းတို့အားလုံးက ကိုယ့်ကိုယ်ကို

သေလမ်းရှာမယ်လို့ ငါဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ ဒါ့အပြင် မင်းက ဂူရှမ်နဲ့

တခြားတပည့်တွေကိုတောင်

မရိုးမသားလုပ်ဖို့

ရည်ရွယ်နေသေးတယ်။ ပြောရရင်

မင်းတို့အားလုံး ဂူရှမ်နဲ့ တခြားသူတွေကို

အရှက်ခွဲမယ်လို့ပြောတဲ့စကားကို

ကြားလိုက်တော့

ငါ့ပါးငါတောင်ပြန်ရိုက်ချင်သွားတယ်။

ဘာကြောင့်လဲ သိလား၊ ဘာလို့လဲ ဆိုတော့

ငါက မိုက်မဲတာကို ထပ်လုပ်မိလို့လေ။

ရန်သူတွေနဲ့ပတ်သက်လာရင် ဒါမှမဟုတ်
တစ်စုံတစ်ယောက်က
စစ်မှန်တဲ့ရန်သူမဟုတ်ရင်တောင် အဲဒီလူကို
လုံး၀ အဆုံးသတ်ပေးရမယ်"

ဆူး!

ယန်ယွဲ့၏စကားဆုံးသည်နှင့်
ကျိုးရှူ၏ခေါင်းက သွေးစီးကြောင်းနှင့်အတူ
လေထဲကို လွင့်ထွက်သွားသည်။

"မင်းတို့အားလုံး ဒီနေ့အသက်ရှင်ဖို့
အိပ်မက်ပဲမက်နိုင်တယ်"
ဒီစကားပြောပြီးသည့်တစ်ချိန်တည်းမှာပဲ
ယန်ယဲ့ဟာ နေရာမှာပင် ပျောက်သွားသည်။

ဆူး! ဆူး! ဆူး!

ယန်ယဲ့ ပျောက်ကွယ်သွားချိန်မှာပဲ
သွေးစီးကြောင်းများ ပန်းထွက်လာပါသည်။
ထို့နောက် ခေါင်းပြတ်တစ်ခုပြီးတစ်ခု
လေထဲကို ပျံတက်လာခဲ့လေသည်။

ဒီမြင်ကွင်းကို မြင်သောအခါ ယုဝ္ရှမ် နှင့်
အပြင်စည်းကျောင်းသားများအားလုံး
ဝမ်းသာအားရနှင့် တုန်လှုပ်သွားကြသည်။

ယန်ယွဲ့က သူတို့ကိုယ်စား
လက်စားချေပေးနေသည်ဖြစ်ရာ
သဘာဝအတိုင်း ဝမ်းသာနေကြခြင်းပင်။
သို့သော်လည်း တစ်ဖက်တွင် ဒီလုပ်ရပ်က
ပြင်းထန်လွန်းသဖြင့် သူတို့စိတ်ထဲ
ကြောက်ရွံ့နေခဲ့၏။

ဌာနမှူးက ယန်ယွဲ့၏နောက်ခံကို
သိနေလျှင်ပင် လွယ်လွယ်နှင့် လွှ
တ်ပေးမှာမဟုတ်ပေ။ ဌာနမှူးသာမကဘဲ
အကယ်ဒမီ၏အဆင့်မြင့်အာဏာပိုင်များပါ
စုပြုံထွက်ပေါ်လာနိုင်ပေသည်။

ယုဝူရှမ်က အသက်ပြင်းပြင်းရှူလိုက်ပြီး
အခြားသူများကို လှည့်ကြည့်ကာ
"နင်တို့အားလုံး ငါဘာတွေတွေးနေလဲဆိုတာ
သိလား"

အားလုံး ခေါင်းညိတ်ပြီး ပြန်ဖြေကြသည်။

ယုဝူရှမ်က ခေါင်းညိတ်ပြီး ဆက်ပြောလိုက်ပါသည် " အကယ်ဒမီက သူ့အတွက် နေရာမရှိရင် ငါတို့ သူနဲ့ လိုက်မယ်။ ဒါပေမဲ့ အဆင့်အတန်း၊ နာမည်ကောင်းနဲ့ ငါတို့ရဲ့မျိုးနွယ်တွေလိုမျိုး အများကြီးဆုံးရှုံးသွားလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အကယ်ဒမီက ငါတို့ကို အပြင်ထွက်ခွင့်ပေးမှမဟုတ်ဘူး"

"မိန်းကလေး ဂူရှမ်! အခုမှတော့
ဘာမှပြောစရာမလိုတော့ဘူး"
တစ်ချိန်တည်းမှာပဲ လီမိုကျန်းက
ရုတ်တရက် ပြောလာသည်
"ငါတို့ဒီမှာရှိနေတာဆိုတော့
ငါတို့ဆုံးဖြတ်ချက်ချလိုက်ပြီဆိုတာ
သက်သေပြနေတယ်။
သူအသက်ရှင်ရင်ငါတို့အသက်ရှင်မယ်၊
သူသေရင် ငါတို့သေမယ်”

"ဟုတ်တယ်၊... သူအသက်ရှင်ရင်
ငါတို့အသက်ရှင်မယ်။ သူသေရင်
ငါတို့လည်းသေမယ်။
အတူတူမွေးဖွားလာတာမဟုတ်ပေမဲ့
အတူတူသေကြမယ်” မရေမတွက်နိုင်သော
အပြင်စည်းကျောင်းသားများ ထံမှ
ဟစ်ကြွေးသံများ ထွက်ပေါ်လာသည်။

၁၁၃၂

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ
(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၃၂ -

မသတ်ဖို့အကြောင်းပြချက်ပေးပါ

“ဆရာမရှန်…. လျှို့ဝှက်ခြံဝန်း… တကယ်ပဲပြီးသွားပြီ” သိပ်မဝေးလှသောနေရာကနေ အတွင်းစည်းကျောင်းသားတစ်ယောက်က မြေပေါ်တွင် စုပုံနေသော ခေါင်းများကို စူးစိုက်ကြည့်ကာ တိုးတိုးလေး ရေရွတ်လိုက်သည်။ သူ့တစ်ကိုယ်လုံး တုန်ခါနေပြီး

သူတစ်ယောက်တည်းတော့လည်း
မဟုတ်ပါ။ အခြား
အတွင်းစည်းကျောင်းသားများပင်
တုန်လှုပ်သွားကြသည်။

ရှန်ချင်းယင်၏လက်များသည်ပင်
အနည်းငယ်တုန်ယင်နေသည်ကို
သတိမထားမိခဲ့ကြပေ။ ယန်ယဲ့သည်
လျို့ဝှက်ခြံဝန်းအား သတ်ဝံ့မည်ကို
သိသော်လည်း လက်တွေ့တွင်မူ

သူမ၏အထင်နှင့်အမြင်က
လုံးဝခြားနားသည်။

"တကယ်လို့ သူက
အကယ်ဒမီရဲ့တစ်စိတ်တစ်ပိုင်းလို့
သူ့ကိုယ်သူ သတ်မှတ်ထားရင် ဆိုးရွားတဲ့
ကိစ္စတော့မဟုတ်သေးပါဘူးလေ
"ရှန်ချင်းယင်က စိတ်ထဲ တွေးနေမိသည်။

ယန်ယွဲ့သည်
ရက်စက်ကြမ်းကြုတ်သော်လည်း

စိတ်သဘောထားတည်ကြည်ပြတ်သားပြီး
အပြင်စည်းကျောင်းသားများအပေါ်
သူ၏သဘောထားက ထင်ရှားသည်။
အကယ်၍ ယန်ယဲ့သာ အမှန်တကယ်
အကယ်ဒမီ၏တစ်စိတ်တစ်ပိုင်းအဖြစ်သတ်
မှတ်ခံရပါက သူ၏သဘာဝစွမ်းရည်နှင့်
ခွန်အားကိုအခြေခံသော် အနာဂတ်တွင်
ရှန့်ကွမ်းယုဟိုင်
ထက်ပင်ကျော်လွန်သွားနိုင်ပေသည်။
တိမ်ပင်လယ်အကယ်ဒမီကို
ထင်းရှူးစီရင်စုကနေ

ဗဟိုနတ်ဘုရားစီရင်စုသို့ပင်
ဦးဆောင်ခေါ်သွားနိုင်ပေလိမ့်မည်။

ရက်စက်ကြမ်းကြုတ်သောစိတ်သဘော
ထားနှင့် သူ၏ပင်ကိုယ်စွမ်းရည်ကို
ထည့်ပေါင်းပါက
မဖြစ်နိုင်တာတော့မဟုတ်ပေ။

သို့သော်လည်း ကြိုတင်သတ်မှတ်ချက်မှာ
ယန်ယွဲ့သည်
တိမ်ပင်လယ်အကယ်ဒမီနှင့်ပတ်သက်သည့်

ခံစားချက်ဖို့ပင်ဖြစ်သည်။ သူကိုယ်တိုင်က ဒီအခြေအနေကို ကိုင်တွယ်လိုစိတ်ရှိမှသာ။

ယန်ယဲ့သည် ရှေးဟောင်းဓားကျောင်းတော်မှ အဆင့်မြင့်အာဏာပိုင်များ၏အကာအကွယ်ရှိသော်လည်း တိမ်ပင်လယ်အကယ်ဒမီ၏အဆင့်မြင့်အာဏာပိုင်များသာ သူ့ကို သတ်ပစ်ချင်လျှင် ရှေးဟောင်းဓားကျောင်းတော်က လုံးဝတားနိုင်မှာမဟုတ်ပေ။

ရှေးဟောင်းဓားကျောင်းတော်၏တည်ထော
င်သူဘိုးဘေး ကိုယ်တိုင်သာ မဟုတ်လျှင်
ယန်ယဲ့ကို မည်သူမျှ
ကာကွယ်ပေးနိုင်မှာမဟုတ်ပါ။

......

လျို့ဝှက်ခြံဝန်း၏အဖွဲ့ဝင်များအားလုံး
သေဆုံးပြီး ခြွင်းချက်မရှိ
ခေါင်းဖြတ်သတ်ခံလိုက်ရပါပြီ။

မြောက်ပိုင်းမြို့တံခါးအောက် မြေပြင်ဟာ သွေးများဖြင့် ဖုံးလွှမ်းသွားသည်။

ထို့အပြင် ယန်ယဲ့သည် အလောင်းများနှင့် ခေါင်းပြတ်များအားလုံးကို မြို့ပြင်သို့ ယူလာပြီးနောက် မြို့ရိုးအထက်၌ ချိတ်ဆွဲထားခဲ့သည်။

မြောက်ပိုင်းမြို့တံခါး၏နံရံအထက်က လူသေအလောင်းများနှင့် ခေါင်းပြတ်များကို ကြည့်ရင်း ယန်ယဲ့ဟာ လေပူတစ်ချက်

မှုတ်ထုတ်လိုက်ပြီး "အခုချိန်ကစပြီး လျှို့ဝှက်ခြံဝန်းဆိုတာ မရှိတော့ဘူး"

"ကောင်းတယ်! ကောင်းတယ်! သိပ်ကိုကောင်းတယ်!အရမ်းကောင်းတယ်! ရဲယန်၊ မင်း... မင်း ငါထင်တာထက်တောင် ပိုရက်စက်တယ်။ မင်းတကယ်ရက်စက်တာပဲ...." ရုတ်တရက် ကောင်းကင်ယံအထက်မှ အေးစက်စက်အသံ ပဲ့တင်ထပ်လာခဲ့သည် "မင်းကို မသတ်ဖို့

အကြောင်းပြချက်လိုတယ်။ မဟုတ်ရင်
ရှေးဟောင်းဓားကျောင်းတော်ရဲ့
တည်ထောင်သူဘိုးဘေး
ကိုယ်တိုင်ရောက်လာရင်တောင် ဒီနေ့
မင်းကို ကယ်နိုင်မှာ မဟုတ်ဘူး”

ထိုအသံသည် ဤနေရာတွင်
ပေါက်ကွဲထွက်လာသော
မိုးတောင်ကြီးနှင့်တူပြီး
ကောင်းကင်နှင့်မြေကြီးကိုပင်တုန်လှုပ်စေခဲ့
သည်။

"အဲဒါ ဓာနမှူးရဲ့အသံပဲ..."

အပြင်စည်းကျောင်းသားများအားလုံး
ကောင်းကင်ယံအထက်ကို
စိတ်ပျက်လက်ပျက်အမူအရာများနှင့်
မော့ကြည့်လိုက်ကြသည်။

"သူ့ကို မသတ်ဖို့
အကြောင်းပြချက်ပေးရမှာလား"

ထိုစကားသံကို ကြားသောအခါ ယုဝ္ဂူရှမ်က အနည်းငယ် ထိတ်လန့်သွားပြီး သူမ မျက်နှာပေါ် ရှိ တင်းမာသော အမူအရာသည် အနည်းငယ် ပြေလျော့သွားကာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ဗျာနမ္မူးသာ ယန်ယွဲ့ကို သတ်ချင်ပါက စကားများနေမည်မဟုတ်ချေ။ လက်တစ်ချက်လှုပ်ရုံဖြင့်ပင် ယန်ယွဲ့ကို သတ်နိုင်၏။ သို့သော်လည်း ဗျာနမ္မူးက

မလုပ်ခဲ့ဘဲ ယန်ယဲ့ကို
အကြောင်းပြချက်ပေးဖို့ရာ
တောင်းဆိုခဲ့သည်။ ထိုစကားက
မည်သည်ကို ဆိုလိုသနည်း။ ဌာနမှူးက
ယန်ယဲ့ကို မသတ်ချင်ကြောင်း
အဓိပ္ပါယ်သက်ရောက်နေသည်မဟုတ်ပါ
လား။

သို့သော် ယန်ယဲ့ကို ပြစ်ဒဏ်မပေးဘဲ
လွှတ်ထားလို့တော့မရပေ။

ထိုသို့မဟုတ်လျှင်

တိမ်အကယ်ဒမီတစ်ခုလုံးကို မည်သို့

ရှင်းပြချက်ပေးပါမည်နည်း။

ထို့ကြောင့် ဗျာနမ္မူးက လူတိုင်းကို

ဆွဲဆောင်နိုင်သော

အကြောင်းပြချက်တစ်ခုလိုချင်နေပုံပါ။

"ယန်ယဲ့သော

အကြောင်းပြချက်မပေးခဲ့ဘူးဆိုရင်..."

ယုဂူရှမ်က ထိုဖြစ်နိုင်ခြေကို မတွေးခဲ့ပေ။
ယန်ယဲ့ဟာ အမြဲလိုလို အသက်ရှင်ဖို့
အခွင့်အရေးများရှိကြောင်း
အကြိမ်ကြိမ်မြင်တွေ့ခဲ့ရပြီမဟုတ်လား။

ကောင်းကင်ယံအထက်ကနေက
ဌာနမှူး၏အသံသာ
ပဲ့တင်ထပ်နေသော်လည်း အခြား
အဆင့်မြင့်အာဏာပိုင်များက
လူလုံးထွက်မပြဘဲ ကောင်းကင်ယံတွင်
တိတ်တဆိတ်စောင့်ကြောင့်နေကြသည်။

တစ်နည်းဆိုရသော် ၎င်းတို့သည် ရွှေနတ်ဆိုးဝံပုလွေတောင်တန်း၏ သိုင်းသူတော်စင်များနှင့် အပြင်းအထန် တိုက်ခိုက်နေဆဲဖြစ်သည်။

"အကြောင်းပြချက်လိုချင်လို့လား" ယန်ယဲ့၏ပုံရိပ်က မြို့ရိုးအထက်ဆီသို့ တဖျပ်ဖျပ်လက်သွားပြီး ကောင်းကင်ကို မော့ကြည့်ကာ “ဒီအချိန်ကစပြီး မြောက်ပိုင်းမြို့တံခါးကို ငါကာကွယ်မယ်။ ဒီအခိုက်အတန့်ကစလို့ နောက် ၃

နှစ်အတွင်းမှာ ကျိုးရှုတို့လို အဖွဲ့ထက်
ထူးချွန်တဲ့အုပ်စုကို ငါမွေးထုတ်ပေးမယ်။
ဒီအချိန်ကစပြီး
တိမ်ပင်လယ်အကယ်ဒမီရဲ့အနာဂတ်ကို
ငါဖန်တီးမယ်။ ပြီးတော့
သမင်ဖြူအကယ်ဒမီရဲ့ပြိုင်ပွဲမှာ
ငါဝင်ပြိုင်ပေးမယ်။လုံလောက်ပြီလား"

အသံက ချက်ချင်းထွက်မလာသေးဘဲ
ခဏကြာ
တိတ်သွားသည်။

ကောင်းကင်ယံအထက်ဟာ
သေမင်းနယ်မြေအလား
တိတ်ဆိတ်နေပြီး ပတ်ဝန်းကျင်သည်လည်း
သုသာန်တစ်စပြင်ကဲ့သို့ပင်
တိတ်ဆိတ်နေ၏။

ယန်ယဲ့ ပြောလိုက်သည့်စကားအရ
အလွန်မာနကြီးပြီး ဘဝင်မြင့်သည်ဟုပင်
ယူဆနိုင်သည်။ သို့သော်လည်း သူသည်

မောက်မာထောင်လွှားသည်ဟု မည်သူမျှ မထင်ခဲ့ပေ။

နောက်ဆုံးတွင် ယန်ယဲ့၏ခွန်အားကို အားလုံး မြင်တွေ့ခဲ့ကြပြီမဟုတ်ပါလား။ အမှန်စင်စစ် လက်ရှိ ယန်ယဲ့ဟာ သိုင်းကေရာဇ်အဆင့်ပညာရှင် တစ်ယောက်သာရှိသေး၏။ အကယ်၍ ယန်ယဲ့သာ သူတော်စင်တစ်ပိုင်းအဆင့်ကို ရောက်သွားပါက မည်သူမျှ ကြောက်စရာကောင်းမည်နည်း။

ထိုအချိန်တွင် ထင်းရှူးစီရင်စုကား မဟာထိပ်သီးပါရမီရှင် ၅ ဦးသာရှိနေတော့မည်မဟုတ်ပါ။ မဟာထိပ်သီးပါရမီရှင် ၆ ဦး ရှိလာမည် ဖြစ်သည်။

အချိန်အတော်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက် ဉာနမှူး၏အသံက “မင်းပြောခဲ့တာကို သတိရပါ။ အဲဒီထဲက တစ်ခုခုကို

ပြီးမြောက်အောင် မလုပ်နိုင်ရင် ဒါမှမဟုတ်
မကြိုးစားရင် ကမ္ဘာအဆုံးအထိ
ထွက်ပြေးရင်တောင် မင်းကို ငါမင်းကို
လိုက်သတ်မယ်”

ထိုစကားပြောပြီးသည်နှင့်
အထက်ကောင်းကင်သည်
တစ်ဖန်ပြန်လည်ငြိမ်သက်သွားသည်။

အပြင်စည်းကျောင်းသားများအားလုံးလည်း
ချက်ချင်းပင် သက်သာရာရသွားကာ

အချို့မှာ မြေပြင်ပေါ်တွင်ပင်
ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြသည်။
အားလုံး
ယန်ယွဲ့နှင့်အတူတူသေဆုံးကြမည်ဟု
စိတ်ပိုင်းဖြတ်ထားသည်ဖြစ်ရာ ယခုကဲ့သို့
အသက်ရှင်ဖို့ မမျှော်လင့်ထားခဲ့ပေ။

အတွင်းစည်းကျောင်းသားများကတော့
နှုတ်ဆိတ်နေကြပါသည်။
သူတို့၏မျက်လုံးထဲတွင်
ဝမ်းနည်းမှုအရိပ်အယောင်များ

မြင်နိုက်သည်။ သူတို့၏မျက်နှာက
သိသိသာသာပင် အုံ့မှိုင်းနေသော
အမူအရာများ ရှိနေသည်။
ယန်ယဲ့ကို
သေစေလိုသောကြောင့်တော့မဟုတ်ပေ။
သို့သော်လည်း ယန်ယဲ့ဟာ
လျှို့ဝှက်ခြံဝန်းတစ်ခုလုံးအား
ဖယ်ရှားလိုက်သည့်တိုင် ပြိုင်ပွဲဝင်ဖို့ ဟူသော
အပြစ်ပေးခံရရုံသာ ဖြစ်ခဲ့သည်။
အကယ်ဒမီက သူ့ကို မည်သည့်အပြစ်မှ
မပေးဘဲ လွှတ်ပေးခဲ့၏။

ထိုအချက်က သူတို့ကို ဝမ်းမနည်းဘဲ
နေပါမည်လော။

သို့သော် သူတို့သည်
နာကြည်းမှုများရှိနေလျှင်ပင် ဌာနမှူး၏
ဆုံးဖြတ်ချက်ကို ဆန့်ကျင်နိုင်ခြင်းမရှိပေ။

ဒီအချိန်မှာ ယန်ယွဲ့က
လျှို့ဝှက်ခြံဝန်းတစ်ခုလုံးကို
သတ်ဖြတ်ပစ်လိုက်သော်လည်း
အကယ်ဒမီဟာ သူ့ကို

မည်သည့်အပြစ်ပေးအရေးယူမှုမှ
မလုပ်ဆောင်ခဲ့ပေ။

ထိုအရာက တရားမျှတမှုမရှိသည်မှာ
သိသာလှ၏။

ရှန်ချင်းယင်က
အတွင်းစည်းကျောင်းသားများ၏
အတွေးများကို သိနေသည့်အလား သူတို့ကို
လှည့်ကြည့်ကာ စကားပြောလိုက်သည်
"အကယ်ဒမီက မတရားဘူးလို့ မထင်ပါနဲ့။
ဘာကြောင့်လဲ ဆိုတော့ ဒီကမ္ဘာကြီးမှာ

စစ်မှန်တဲ့ တရားမျှတမှုဆိုတာ
ဘယ်တုန်းကမှ မရှိခဲ့ဘူးလေ။
နင်တို့အားလုံး သန်မာပြီး ရဲယန်ကို
အခုချက်ချင်းသတ်နိုင်မယ်ဆိုရင်
အကယ်ဒမီက နင်တို့အားလုံးကို
အပြစ်ပေးမှာမဟုတ်ဘူးလို့ ငါအာမခံတယ်။
ဒါအမှန်တရားပဲ။ အသက်ရှင်နေတဲ့
ပါရမီရှင်က သေသွားတဲ့လူထက် အမြဲတမ်း
ပိုအရေးကြီးတယ်”

အတွင်းစည်းကျောင်းသားတစ်ဦးက ဆတ်ခနဲမေးလိုက်သည် "ငါတို့ အကယ်ဒမီမှာ ကျောထောက်နောက်ခံ ခွန်အားရှိရင် ငါတို့သဘောကျသလို လုပ်နိုင်မယ်လို့ မဆိုလိုဘူးလား။အကယ်ဒမီရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုတောင် လျစ်လျူရှုလို့ရတယ်လား”

ရှန်ချင်းယင်က ထိုကျောင်းသားကို စိုက်ကြည့်ကာ

"နင့်မှာ အကြွင်းမဲ့ ခွန်အားရှိသရွေ့ အကယ်ဒမီကို မပြောနဲ့၊ နင့်စိတ်ကြိုက် စီရင်စုတခွင်လုံးနဲ့ ရောင်စဉ်ဖြာဒေသကိုတောင် စိတ်ရှိသလိုလုပ်နိုင်တယ်။ အကယ်ဒမီက ဒီလိုစည်းမျဉ်းစည်းကမ်းတွေကို လစ်လျူရှုထားလို့ ရက်စက်တယ်လို့ အားလုံး ခံစားမိကြမယ်ထင်တယ်။ ဒါပေမဲ့ အကယ်ဒမီက အခုနင်တို့အားလုံးအပေါ် မရက်စက်ဘဲ အမြဲတမ်း တရားသေစည်းမျဉ်းတွေအတိုင်းသာ

သွားနေရင် ဘယ်သူမှ ဒီလိုအရာကို

သိနိုင်မှာမဟုတ်ဘူးလေ၊ အားလုံး

ဒီသဘောတရားကို

သဘောပေါက်ကြမှာမဟုတ်ဘူး။

အကယ်ဒမီက ယန်ယွဲ့ကို ဘာကြောင့်

သည်းခံနိုင်လဲဆိုတာ နင်တို့သိလား။

အကြောင်းပြချက်တွေအများကြီး

ရှိပေမယ်လို့ အဲဒီအထဲကတစ်ခုက

တိမ်ပင်လယ်အကယ်ဒမီကို

သူ့လက်ထဲကနေ ပြောင်းလဲဖို့

ရည်ရွယ်ထားလို့ဘဲ"

အတွင်းစည်းကျောင်းသားတစ်ဦးက “ငါတို့ အကယ်ဒမီရဲ့လက်ရှိအခြေအနေက မကောင်းဘူးလား” ဟု မေးလိုက်သည်။

"သိပ်တော့မဆိုးပါဘူး၊ ဒါပေမဲ့အဆင်မပြေတော့ဘူး" ရှန်ချင်းယင်က ဆက်ပြောလိုက်သည် " နင်တို့တွေအားလုံး ပြိုင်ဆိုင်မှု ကင်းမဲ့နေတဲ့အပြင် သေခြင်းရှင်ခြင်းတိုက်ခိုက်ဖို့ သတ္တိတွေပါ

ကင်းမဲ့နေတယ်။ ဟုတ်ပါတယ်၊ အားလုံးက
အကယ်ဒမီမှာ တခြားသူတွေနဲ့
အဆက်မပြတ်ပြိုင်နေကြတယ်လို့
ပြောကြလိမ့်မယ်၊ ဒါပေမဲ့ ဒီလိုပြိုင်ဆိုင်မှုက
တချို့ဂိုဏ်းနဲ့ မျိုးနွယ်စုတွေအတွက်
ကလေးကစားစရာပဲလို့ သိထားပါ”

၁၁၃၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

## အပိုင်း ၁၁၃၃ - အရန်အကူအညီ

အတွင်းစည်းကျောင်းသားများထဲမှ
တစ်ဦးက အနည်းငယ် သံသယဝင်ပုံရသည်
"သူတို့က တကယ်ကို
ကြောက်စရာကောင်းတာလား"

ရှန်ချင်းယင်၏မျက်လုံးများသည်
အနည်းငယ် ရှုပ်ထွေးသော အမူအရာတစ်ခု
ထွက်ပေါ်လာပြီး "ဗဟိုနတ်ဘုရားစီရင်စုမှာ

အသက်ရှင်နိုင်တဲ့သူတွေကို ဘယ်လိုလုပ်ပြီး
ကြောက်စရာမကောင်းဘူးလို့ ပြောနိုင်မလဲ"

ဤအချက်ကို ပြောပြီးနောက်
ရှန်ချင်းယင်က  သူမ၏အကြည့်ကို
ရုတ်လိုက်ပြီး အတွင်းစည်း
ကျောင်းသားများကို ကြည့်ကာ
“နင်တို့အားလုံးက သေသွားတဲ့
အတွင်းစည်းကျောင်းသားတွေကိုယ်စား
လက်စားချေချင်ရင် လုပ်နိုင်တယ်။ ဒါပေမဲ့
နင်တို့ ရဲ့ယန်ကို မင်းဟာ တစ်ချက်တည်းနဲ့

မသတ်နိုင်ရင် အလဟာသ ကိုယ့်အသက်ကို
မစွန့်ပစ်လိုက်နဲ့"

အားလုံးက ခေါင်းညိတ်ကာ
တုံ့ပြန်ကြသည်။

သူတို့လည်း ယန်ယွဲ့၏ခွန်အားနှင့်
ရက်စက်ကြမ်းကြုတ်မှုကို
လက်တွေ့မြင်ခဲ့ကြပြီမဟုတ်ပါလား။
အားလုံး မကျေမနပ်ဖြစ်နေသော်လည်း
ယင်းအကြောင်းကို

မည်သူတစ်ဦးတစ်ယောက်မျှ
မကျေမနပ်သည်ဟုထုတ်ဖော်မပြောဝံ့ကြ
ပေ။

ထို့အပြင် သူတို့သည် လျှို့ဝှက်ခြံဝန်း၏
လုပ်ဆောင်ချက်များကိုလည်း
အမှန်တကယ် သဘောမကျခဲ့ပေ။

မည်သို့ပင်ဖြစ်စေ သူတို့ဟာ ယန်ယဲ့ကို
အလွန်အန္တရာယ်များသော ပုဂ္ဂိုလ်အဖြစ်
သတ်မှတ်ထားသည်။ သူက သူတို့

စော်ကားဖို့ လုံးဝ မတတ်နိုင်သော လူတစ်ယောက်ပင်။

...

မြို့ရိုးပေါ်မှာ။

ယန်ယဲ့သည် နံရံနှင့် ကပ်လျက် ထိုင်နေလေသည်။ကောင်းကင်ကို မော့ကြည့်လိုက်ရင်း သူ့စိတ်အစဉ်က အနည်းငယ် ပျောက်ဆုံးသွားပုံရသည်။

သူ့ဘဝတစ်ခုလုံးကို
ပြန်တွေးလိုက်သောအခါ သူဟာ
ယခုအချိန်အထိ တစ်လျှောက်လုံး
သတ်ဖြတ်နေခဲ့သည်ဟု ယူဆနိုင်သည်။
သူ့လက်နှင့် အသက်ပေါင်း
မည်မျှဆုံးရှုံးသွားပြီမှန်းပင် မသိနိုင်ပေ။
မည်သို့ပင်ဆိုစေကာမူ
မရေမတွက်နိုင်အောင်ကို များစွာရှိခဲ့သည်။

သို့သော်လည်း သူဟာ
သွေးဆာနေသူတစ်ယောက်လား။

မဟုတ်ပေ၊ သူက သွေးဆာနေသော လူသတ်သမား မဟုတ်ပေ။ သို့ရာတွင် သူ၏လက်နှစ်ဖက်က မရေမတွက်နိုင်သော သွေးများ ဖုံးလွှမ်းနေပါပြီ။

"ဘာတွေတွေးနေတာလဲ" ထိုအချိန်တွင် ယုဝူရှမ်က ယန်ယဲ့နံဘေးတွင် လာထိုင်ကာ အသံတိုးတိုးလေးနှင့်ပြောလိုက်သည်။

ယန်ယဲ့က "ငါ့တစ်သက်လုံး အများကြီးသတ်ခဲ့သလားလို့ စဉ်းစားနေမိတယ်"

ယုဝူရှမ်က တိတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့က ဆက်ပြောလေသည် “မင်းသိပါတယ်…. တကယ်တော့ စိတ်ထဲမှာ သတ်ဖြတ်လိုစိတ်ကို စွန့်လွှတ်ပြီး အခြေအနေကို ကိုင်တွယ်ဖြေရှင်းဖို့ တခြားနည်းလမ်းကို

အသုံးပြုမယ်ဆိုရင်တောင်

ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေ

အများကြီး ဖြစ်လာမှာကို ငါသိတယ်။

အရင်တုန်း က ပဋိပက္ခတွေလိုပဲ။

ငါချက်ချင်း မတိုက်ခိုက်ဘဲ

အဝါရောင်ဝတ်စုံနဲ့ ဝံပုလွေဖြူကို ဖမ်းဖို့

လာတဲ့အခါ သူတို့နဲ့ ညှိနှိုင်းဖို့

ရွေးချယ်ခဲ့မယ်ဆိုရင် ဒါမှမဟုတ်

အကယ်ဒမီရဲ့ထိပ်တန်းအာဏာပိုင်တွေကို

ဒီကိစ္စ ကိုင်တွယ်ဖြေရှင်းဖို့

ငါခွင့်ပြုခဲ့မယ်ဆိုရင် အခြေအနေက

ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့

ပြဿနာက ငါ့ညာဏ်ရည်က

ဒီလောကအတိုင်းအတာအထိ

မဖွံ့ဖြိုးသေးဘူးလို့ပဲဆိုရမယ်”

ယုဝူရှမ်က

"နင့်ရဲ့ဆုံးဖြတ်ချက်တွေကိုနောင်တရနေတာ

လား"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ငါ့ဘဝမှာ ကိုယ်လုပ်ခဲ့သမျှအရာရာတိုင်းကို နောင်တရတယ်ဆိုတာမရှိဘူး။ ဒါကို ထပ်ပြီးလုပ်ဖို့ အခွင့်အရေးရရင် ငါသူတို့အားလုံးကို သတ်ပစ်မှာပဲ"

ယုဝူရှမ်က မပြောခင် ခဏလောက် လေးလေးနက်နက် စဉ်းစားပြီးမှ “ငါ နားလည်ပါပြီ။ နင် အရာရာတိုင်းကို ကိုင်တွယ်ခဲ့တာအပေါ် သံသယစိတ်တွေ ခံစားနေရတယ် မဟုတ်လား"

ယန်ယဲ့က

"မင်းပြောတာတစ်စိတ်တစ်ပိုင်းမှန်တယ်။

အဲဒါကို ငါ မငြင်းနိုင်ပါဘူး။

မတူညီတဲ့နည်းလမ်းကိုသုံးရင်

ကိုယ့်အတွက် ဒုက္ခအများကြီးကို

ရှောင်နိုင်မလားလို့ တွေးနေမိတယ်။

ငါဒုက္ခကို မကြောက်ပါဘူး၊ အဲဒါကို

ရင်မဆိုင်ချင်ဘူး၊

ဆက်မသတ်ချင်တော့ဘူး။ဒါပေမယ့်

သတ်ဖြတ်တာကို မမှန်းဘူး။ တကယ်လို့

လူတစ်ယောက်က သေချင်နေတယ်ဆိုရင်
အဲဒီလူရဲ့ဆန္ဒကို နည်းနည်းလေးမှ
မဆိုင်းမတွဘဲ ဖြည့်ဆည်းပေးရမယ်လေ”

ယုဝူရှမ်က ယန်ယွဲ့အနားကို ရုတ်တရက်
တိုးကပ်လာပြီး သူမဟာ ယန်ယွဲ့ကို
ဖက်ထားရင်း “နင်ပြောတာ မှန်ပါတယ်။
မတူညီတဲ့နည်းလမ်းကိုသုံးရင်
အခြေအနေက
ဒီလောက်ပြင်းထန်မှာမဟုတ်ပါဘူး။
ဒါပေမယ်လို့

ဒီလောက်မပြင်းထန်နိုင်ဘူးဆိုတာ
နင်ဘယ်လိုသိမလဲ။ လျှို့ဝှက်ခြံဝန်းနဲ့
ဖြစ်ပျက်ခဲ့တဲ့အတိုင်းပဲလေ။ နင် သူတို့ကို
မသတ်ရင် သူတို့ နင့်ကို
ကျေးဇူးတင်မှာလား။ သူတို့ မဟုတ်ဘူး၊
ကလဲ့စားချေဖို့ပဲ သူတို့တွေးနေမှာ။ ပြီးတော့
အဲဒါက နင့်ကို လက်စားချေတာ မဟုတ်ဘူး၊
သူတို့က ငါတို့အားလုံးကို
လက်စားချေရမဲ့အထဲမှာတောင်
ထည့်ထားလိမ့်မယ်”

ဒီအထိစကားပြောပြီးချိန်မှာတော့
ခေါင်းမော့ကာ ယန်ယဲ့ကို ကြည့်လိုက်ပြီး
"နင်ဟာ နှလုံးသားအတိုင်း လိုက်နာတဲ့သူပါ၊
နင်အဲ့ဒါကို လိုက်လုပ်တယ်။ ဒါကလည်း
နင့်ရဲ့အကျင့်စရိုက်ဖြစ်သလို
နင်လျှောက်လှမ်းနေတဲ့ ဓားတာအို ပဲလေ။
စိတ်မြန်တာ၊ ရက်စက်တာ၊ သိမ်ငယ်စိတ်၊
သည်းမခံနိုင်တာနဲ့ ပြဿနာရှာမိတာတွေ
ဆိုတဲ့ ချို့ယွင်းချက်တွေကတော့
သေချာပေါက်ရှိနေမှာပဲ။ ဒါပေမဲ့ အဲဒါက
နင်ကိုယ်တိုင်ပဲလေ။ နင်ဟာယ

အဲလိုလူဆိုတော့
ကိုယ့်ကိုကိုယ်ဘာလို့ပြောင်းချင်တာလဲ။
နင်ပြောင်းလဲသွားရင်တောင် အဲဒါ
နင်မဖြစ်နိုင်တော့ဘူးလေ"

ယန်ယွဲ့က သူမကို ငုံ့ကြည့်လိုက်သည်။
ယုဝူရှမ်က ယန်ယောင်အာ ထက်ပင်
ငယ်သော်လည်း
ကလေးမလေး၏မျက်လုံးများက
အရွယ်နှင့်မလိုက်အောင်ကို
ရင့်ကျက်မှုများရှိနေပါသည်။ ယန်ယွဲ့က

ပြုံးကာ သူ့လက်ကိုဆန့်လိုက်ပြီး
ယုဝ္ပူရှမ်၏ခေါင်းကို ပွတ်သပ်လိုက်ရင်း
"ငါမသေချာရတဲ့အကြောင်းရင်းက
ငါ့ကိုယ်ငါကြောင့်မဟုတ်ဘူး။
ဘာကြောင့်လဲ ဆိုတော့ ငါက
ဘယ်လိုလူလဲဆိုတာ အမြဲသိနေတယ်လေ။
ငါ့အထင်တော့ ငါ့အသိစိတ်က ရှင်းနေသရွေ့
ငါလိုရင် လူတစ်သန်းဆိုရင်တောင်
သတ်ပစ်မယ်။ အဲဒါတွေအားလုံးကို
စဉ်းစားမိတဲ့ အကြောင်းရင်းက

ငါ့အကျင့်စရိုက်ဟာ ငါ့ဘေးနား က
လူတွေကို ဒုက္ခပေးနိုင်တယ်လို့ ခံစားမိလို့ပဲ”

“ဒါဆို ပိုသန်မာလာအောင် ကြိုးစားပါ။
ဒီကမ္ဘာမှာ ဘယ်သူကမှ
ကိုယ့်ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာအောင်
မလုပ်နိုင်တဲ့အထိ
အားကောင်းလာအောင်လုပ်ပါ။
အဲဒီအချိန်ရောက်ရင် နင့်ကို
ဒုက္ခပေးမဲ့သူလည်း မရှိနိုင်ဘူး” ယုဝူရှမ်က

ဆက်ပြောလိုက်သည် "ဒါပေမယ်လို့ ဒါဟာ တော်တော်ခက်ခဲလွန်းတယ်"

"တော်တော်ခက်တယ်" ယန်ယဲ့က ပြုံးပြီး "ဒါပေမဲ့အဆင်ပြေပါတယ်။ အဲဒါကို ကြိုးကြိုးစားစား လုပ်မယ်။ ငါ ဂရုစိုက်တဲ့ သူတွေ အတွက်တင် မကဘဲ ငါကိုယ်တိုင်အတွက်လည်းပါတယ်။ စိတ်အလိုအတိုင်း လိုက်လုပ်ချင်တယ်ဆိုရင်တော့ အစွမ်းထက်တဲ့ ခွန်အားကို ပိုင်ဆိုင်ရမယ်။

မဟုတ်ရင် လုံလောက်တဲ့ ခွန်အားမရှိရင်
ငါ့နှလုံးသားအလိုကျ လိုက်လျှောက်တာက
သေလမ်းရှာတာနဲ့ကွာမှာမဟုတ်ဘူး"

ယုဝူရှမ်က ရုတ်တရက်မေးလိုက်သည်
"ငါ့ကို နှင်ဂရုစိုက်တဲ့သူတစ်ယောက်လို့
သတ်မှတ်လို့ရမလား"

ယန်ယဲ့က "မသိဘူး"

“အိုး…” ယုဝ္ဝရွှမ်၏မျက်လုံးများက
အနည်းငယ်မှိန်ကျသွားသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က “ဒါပေမဲ့
မင်းကို အနိုင်ကျင့်တဲ့သူကို ငါ သေချာပေါက်
ရိုက်နှက်ပေးမယ်"

ဒီစကားကို ကြားသောအခါ
ယုဝ္ဝရွှမ်၏ပါးစပ်ထောင့်တွင်
အပြုံးအနည်းငယ် ရစ်ဝဲလာသည်။

ထိုအချိန်တွင် ယန်ယဲ့က ရုတ်တရက်
"ညရောက်လာပြီ"

ယုဝူရှမ်၏မျက်နှာသည်
ချက်ချင်းပင်ပြောင်းလဲသွားကာ
လေးနက်သောအမူအရာများ
ထွက်ပေါ်လာခဲ့လေသည်။

အာဝူး!

ရုတ်တရက်ဆိုသလို အဝေးရှိ
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းဆီမှ အူသံ
ထွက်ပေါ်လာပြီးနောက် မြေပြင်သည်
အဆက်မပြတ် လှုပ်ခတ်သွားတော့သည်။

မရေမတွက်နိုင်သော ဝံပုလွေများသည်
ထူထပ်သော သမုဒ္ဒရာကဲ့သို့
တောင်တန်းများမှ ခုန်ဆင်းချကာ
မြောက်ပိုင်းမြို့တံခါးဆီသို့ တည့်တည့်
ပြေးလာကြသည်။

ဝံပုလွေတွေပင်လယ်ကြီးကို ငေးကြည့်ရင်း ယန်ယဲ့သည် မြို့နံရံအနားကို လျှောက်သွားပြီး "ငါ ကာကွယ်မယ်လို့ ပြောထားပုံရတယ်...၊ ဒါပေမဲ့ ငါ ဘာမှ မပြောခဲ့ဘူးလေ။ ဟုတ်တယ်မလား"

ထိုအချိန်မှာ အောက်သံက တစ်မြို့လုံး ကျယ်လောင်စွာ ပြန့်နှံ့သွား၏။

"နတ်ဆိုးဝံပုလွေစစ်တပ်က နောက်တစ်ကြိမ် တိုက်ခိုက်လာပြီ...."

“အတွင်းစည်းခြံဝန်းက ကျောင်းသားတွေ၊
ချက်ချင်း ပင်မတံခါးကို ပြန်သွားကြ”
ရှန်ချင်းယင်က
အောက်ဟစ်အမိန့်ပေးပြီးနောက် ယန်ယဲ့ ဆီသို့
လှည့်ကြည့်ကာ “မြို့တော်ဝန်သေသွားပြီ၊
မြို့က ခေါင်းဆောင်မဲ့သူမရှိတော့ဘူး။
ဦးဆောင်မဲ့သူမရှိဘဲ မြို့ကို အကြာကြီးခုခံဖို့
မဖြစ်နိုင်တော့ဘူး။ ဒါ့အပြင် အခု
လှျို့ဝှက်ခြံဝန်း

ပျက်ဆီးသွားလို့ မြောက်ပိုင်းမြို့တော်ခါးကို နင်ကိုယ်တိုင် ကာကွယ်ဖို့ တကယ်ရည်ရွယ်ထားတယ်လို့ ငါ့ကို မပြောနဲ့”

ဤအချက်အထိ ပြောပြီးသည်နှင့် ရှန်ချင်းယင်က

"နင်လုပ်နိုင်ရင်တောင် တခြား မြို့တော်ခါး ၃ ခုက ဘယ်လိုလုပ်မလဲ"

ယန်ယဲ့က "ငါတို့ရဲ့
အရန်အင်အားရောက်လာတာကို
 စောင့်ပါ"

ရှန်ချင်းယင်က "ငါတို့ ဘယ်ကနေ
အရန်အင်အား ရတာလဲ"

ယန်ယဲ့က "ငါ ရှေးဟောင်းဓားကျောင်းကို
သတင်းပို့ပြီးပြီ။ ကျောင်းတော်ရဲ့
ပညာရှင်တွေက ဒီကို အနည်းဆုံး
တစ်ရက်အတွင်း ရောက်လာမှာပါ"

ယန်ယဲ့က သိုင်းသူတော်စင်များ
အကြောင်းကိုတော့ ထည့်မပြောနိုင်ပေ။
သိုင်းသူတော်စင်များသာ ရှေ့ထွက်လာပါက
တိုက်ပွဲကို အလွယ်တကူ ပါဝင်နိုင်မည်
မဟုတ်ပေ။ တိုက်ပွဲကို
ဝင်ရောက်စွက်ဖက်လိုပါက
ရှေးဟောင်းဓားကျောင်းတော်နှင့်
တိမ်ပင်လယ်အကယ်ဒမီ တို့
အရင်ဦးဆုံးဆွေးနွေးရပေမည်။

ရှန်ချင်းယင်က တိုးညှင်းသောလေသံဖြင့်
"သူတို့ လာမှာလား။ ဒါမှမဟုတ်
ရှေးဟောင်းဓားကျောင်းတော်က သူတို့ကို
လာအောင်လုပ်ပေးမှာလား"

ယန်ယဲ့က “ဂိုဏ်းတစ်ခုရဲ့
တပည့်တစ်ယောက်စီတိုင်းဟာ
အပိုအရင်းအမြစ်ရဖို့ တာဝန်အချို့ကို
လက်ခံရမယ်ဆိုတာ
သူတို့သတိပြုမိသင့်ပါတယ်။ ဂိုဏ်းတွေဟာ
ဒီလိုလုပ်တာကို မတားမြစ်တဲ့အပြင် အဲဒါက

သူတို့ရဲ့တပည့်တွေကို
လေ့ကျင့်ရာလို့တောင်
သတ်မှတ်နိုင်တယ်လေ။ ဒါကြောင့်
ရှေးဟောင်းဓားကျောင်းတော်ရဲ့
အထက်အာဏာပိုင်တွေကို
အကူအညီတောင်းခဲ့တာ မဟုတ်ပါဘူး။
အဲဒီ့အစား ငါက
တာဝန်တစ်ခုတင်ပြလိုက်တာပဲ”

ရှန်ချင်းယင်က “သူတို့ တကယ်လာမှာလား”
ဟုအသံတိုးတိုးနှင့်မေးလေသည်။

ယန်ယဲ့က ခေါင်းညိတ်ကာ
"သေချာပေါက်.... သူတို့လာကိုလာမှာပါ"

ရှန်ချင်းယင်က "နင် သူတို့ကို
ဘာကတိပေးခဲ့လဲ"

ယန်ယဲ့က "ဓားသမားဟာ ဘယ်တော့မှ
မပြောင်းနိုင်တဲ့ အရာတစ်ခုပဲလေ"

ရှန်ချင်းယင်က ယန်ယဲ့ကို ခဏလောက်
စိုက်ကြည့်ပြီး “ငါ့ကို အမှန်အတိုင်းပြောပါ။
မြို့တော်ဝန်ကို မသတ်ခင် လျှို့ဝှက်ခြံဝန်းကို
မဖျက်ဆီးခင်မှာ ဖြစ်လာမဲ့
အကျိုးဆက်အားလုံးကို တွေးဖူးလား"
ဤအချက်ကို မေးလိုက်သည့်အခါ
ရှန်ချင်းယင်က အကူအညီမဲ့စွာ ရယ်မောပြီး
"နဂိုတုန်းကတော့ နင်ဟာ
ဉာဏ်မရှိတဲ့သူလို့ပဲ ငါထင်ခဲ့တာ၊
သတ်တာကိုပဲ သိတာလေ။ ဒါပေမဲ့

အခုတော့ နင်က ငါမျှော်လင့်ထားတာထက်

အများကြီး ပိုညက်ကောင်းနေတာပဲ”

၁၁၃၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၃၄ - နတ်ဆိုးဝံပုလွေစစ်တပ်

တဖန်ရောက်လာခြင်း

ယန်ယဲ့သည် စကားမပြော။

သူ့အကြည့်များက

မြို့ဖက်သို့ဦးတည်လာနေသော

နတ်ဆိုးဝံပုလွေစစ်တပ်ကို

စူးစူးစိုက်စိုက်ကြည့်နေသည်။

ဒီတစ်ကြိမ်ချီတက်လာသော

နတ်ဆိုးဝံပုလွေစစ်တပ်က

အင်အားနည်းသည်မဟုတ်ပေ။ အများစုမှာ

ချီးမြှောက်ခြင်းနယ်ပယ်အဆင့်မြင့်

များဖြစ်ပြီး ကျန်တစ်ဝက်က

သိုင်းကျောဇ်အဆင့် နတ်ဆိုးဝံပုလွေများ

ဖြစ်သည်။ သို့သော်လည်း အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်က နည်းပါးလှ၏။ မြောက်ပိုင်းမြို့တံခါးကို ချီတက်လာသော နတ်ဆိုးဝံပုလွေစစ်တပ်၌ အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် ၁၀ ယောက်သာပါလာခဲ့သည်။

၎င်းသည် ကြောက်စရာမဟုတ်ပေ၊ ကြောက်စရာအကောင်းဆုံးအပိုင်းမှာ နတ်ဆိုးဝံပုလွေသန်းချီရှိနေခြင်းပင်။

အနည်းငယ် သန်းချီသော
နတ်ဆိုးဝံပုလွေစစ်တပ်က မည်မျှထိ
ကြောက်စရာကောင်းသနည်း။
နတ်ဆိုးဝံပုလွေစစ်တပ်သည် မြို့နှင့် ၁၀
ကီလိုမီတာကျော်ဝေးနေသေးသော်လည်း
၎င်းမှထွက်ပေါ်လာသော အော်ရာများဟာ
လှုတိုင်းထံကျရောက်လာပြီး
မြို့တွင်းရှိလူအများအပြား
ကိုအသက်ရှုကြပ်မတတ်ဖြစ်သွားစေသည်
။

အချိန်အတော်ကြာပြီးနောက်
နတ်ဆိုးဝံပုလွေစစ်တပ်ဟာ မြို့နှင့် ၁
ကီလိုမီတာအောက်သာ ဝေးတော့၏။

ယန်ယဲ့က "ငါ့ကိုယ်စား နောက်ထပ်
မြို့တံခါး ၃ ခုကို တစ်ရက်လောက်
ခဏကာကွယ်ပေးထားပါဦး။
မင်းအဲ့လိုလုပ်လို့ရနိုင်လား"

ရှန်ချင်းယင်က “ငါ အကောင်းဆုံးကြိုးစားပါ့မယ်” ဟု လေးနက်စွာပြောခဲ့သည်။

"ကျေးဇူးတင်ပါတယ်" စကားပြောပြီးသည်နှင့် ယန်ယဲ့က ယုဝူရှမ်ကို လှည့်ကြည့်ကာ ကိုကြည့်ကာ "မြို့ကို မထားခဲ့နဲ့။ မင်းတို့အားလုံး မြို့တံတိုင်းပေါ်မှာ တပ်ဆင်ထားတဲ့ စွမ်းအင်အမြောက်တွေနဲ့ ဝက်ပါအစီအရင်တွေကို အသုံးပြုနိုင်တယ်"

ထိုစကားပြောပြီးသည်နှင့် ယန်ယွဲ့သည်
မြို့တော်နံရံအထက်မှ
အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲသွားသည်။ ထို့နောက်တွင်
ကောင်းကင်ယံအထက်၌ ဓားအရှည်နှင့်အတူ
မီတာ ၃၀၀ နီးပါးရှည်လျားသော
ဓားစွမ်းအင်အလင်းတန်းတစ်ခု
ထွက်ပေါ်လာသည်။

ဘမ်း!

ဓားစွမ်းအင်က နတ်ဆိုးဝံပုလွေစစ်တပ်ထံ ကျဆင်းသွားပြီးနောက် ရာချီသော နတ်ဆိုးဝံပုလွေများကို အပိုင်းပိုင်းခွဲကာ အောက်ခြေမသိတွင်းကြီးတစ်ခုပင်ပေါ်လာစေခဲ့သည်။

အာဝူး!

မရေတွက်နိုင်သော နတ်ဆိုးဝံပုလွေများက တညီတညွတ်တည်း ဒေါသတကြီး အူလိုက်ကာ ယန်ယဲ့ကို ပြင်းစွာ

စိုက်ကြည့်နေကြသည်။ ထို့နောက်
သူတို့သည် လေထဲကို ခုန်တက်လာကာ
ယန်ယဲ့ဆီသို့တိုက်ခိုက်ရန်
ပြေးဝင်လာကြတော့သည်။

တခဏအတွင်းမှာပင် ယန်ယဲ့ဟာ
မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများ၏
ဝိုင်းရံထားခြင်းခံလိုက်ရသည်။ သို့သော်
အထက်ကောင်းကင်ယံတွင်
အလင်းတန်းများ
တလက်လက်တောက်ပလာပြီးနောက်

နတ်ဆိုးဝံပုလွေခေါင်းပြတ်များ
အဆက်မပြတ် ပြုတ်ကျလာတော့သည်။

ရှန်ချင်းယင်သည် ဒီမြင်ကွင်းကို
မြို့ရိုးအထက်ကနေ
အချိန်အတော်ကြာ ကြည့်နေပြီးနောက်မှ
ရုတ်တရက် နောက်လှည့်ကာ
ထွက်သွားခဲ့သည်။

"မိန်းကလေးဝူရှွမ်! ငါတို့ကြည့်ဖို့ပဲလား"
ပေါင်ရှုအိုင် နှင့်

အပြင်စည်းကျောင်းသားများအားလုံး
မြို့ရိုးအပေါ်သို့ တက်လာကြသည်။
သူတို့၏မျက်နှာက
လေးနက်သောအမူအရာအပြင်
မျက်လုံးထဲ၌လည်း  စိုးရိမ်စိတ်များ
ရှိနေပါသည်။

ယန်ယဲ့သည် သံသယမရှိ
သန်မာသော်လည်း သန်းချိသော
နတ်ဆိုးဝံပုလွေစစ်တပ်ကို

တစ်ယောက်တည်း တိုက်ခိုက်နေသည်က

လက်တွေ့မဆန်ပေ။

ယုဝူရှမ်က မပြောခင်

အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေခဲ့ပြီးမှ ပြောလိုက်၏

"ငါတို့တစ်ရက်တော့ စောင့်ရမှာ။ ရဲယန်ကိုပဲ

အားကိုးလို့မရဘူး”

ဤအချက်ကို ပြောရင်း

လေးလေးနက်နက်တွေးတောလိုက်ကာ

“ပေဟာင်ရှုအိုင်! ဟဲ့ရှာနဲ့ တခြားကျောင်းသား အယောက် ၂၀ လောက်ကို ခေါ်  ပြီး ငါ့အမိန့်ကိုမြို့ထဲထုတ်ပြန်လိုက်။ မြို့ကိုကာကွယ်ဖို့ လာကူညီပေးတဲ့ ဘယ်သူမဆို တစ်ရက်ကို အဆင့်လွှန် စွမ်းအင်ကျောက်တုံး (၅၀၀၀) ဆုချမယ်လို့ ပြောလိုက်ပါ။ ဒါ့အပြင် ဒုတိယအစ်မ၊ လီချင်ကျင်းနဲ့အတူတူမြို့ထဲမှာရှိတဲ့ မျိုးနွယ်စုတွေကို သွားလည်လိုက်။ ငါတို့ကို ခွန်အားကို ချေးငှားနိုင်တယ်ဆိုရင် သူတို့ရဲ့ တပည့်တွေအတွက် အပြင်စည်းခြံဝန်း

ဝင်ခွင့်နေရာ ၅ နေရာ ပေးနိုင်တယ်လို့
သူတို့ကို ပြောပါ”

ဒီစကားကို ကြားသောအခါ ဟောင်ရှုအိုင်နှင့်
ဟဲရှာ တို့က အပြင်စည်းကျောင်းသား
အယောက် ၂၀ ကို ခေါ်ကာ ချက်ချင်းပင်
မြို့ထဲသို့ ထွက်သွားခဲ့ကြသည်။

ယုဝူကျားက မျက်မှောင်ကြုတ်ကာ
ပြောလိုက်သည် "ဝူရှမ်၊
ငါကြားတဲ့အတိုင်းဆိုရင် မျိုးနွယ်စုတွေနဲ့

အင်အားစုအသီးသီးက
မြို့ကိုကာကွယ်ဖို့ပညာရှင်တွေစေလွှတ်ပေး
ထားတယ်မဟုတ်လား။ အခု သူတို့မှာ
အင်အားတွေ အပိုရှိလို့များလား”

ယုဝူရှမ်က အေးစက်စွာ ရယ်မောလိုက်ပြီး
"လူတိုင်းက ငါတို့လိုမဟုတ်ဘူး၊
အများအားဖြင့်
တစ်ကိုယ်ကောင်းဆန်တယ်။ အဲဒီ
မျိုးနွယ်စုတွေနဲ့ အင်အားစုတွေက
ပိုဆိုးတယ်။ ကူညီဖို့ ပညာရှင်တွေ

စေလွှတ်ထားပေမယ်လို့ သူတို့ရဲ့
အဓိကအင်အားကိုစေလွှတ်မှာမဟုတ်ဘူး
လေ။ အခုတော့ မြို့ကိုကာကွယ်ဖို့
သူတို့အကူအညီလိုတယ်၊ ပြီးတော့ သူတို့ကို
မြို့ပြင်ထွက်ပြီး နတ်ဆိုးဝံပုလွေတပ်ကို
တိုက်ခိုက်ဖို့ တောင်းဆိုနေတာမဟုတ်ဘူး။
ဒါ့အပြင် ဒီလိုလုပ်တာကလည်း
တစ်ရက်ပဲလေ။ သူတို့ရဲ့သက်ဆိုင်ရာ
မျိုးနွယ်စုတွေနဲ့ အင်အားစုတွေက
အပြင်စည်းခြံဝန်းမှာ ဝင်ခွင့် ၅ နေရာ

ရနိုင်မယ်မဟုတ်လား။ ဒီကမ်းလှမ်းမှုကို သူတို့က ငြင်းနိုင်မှာမဟုတ်ဘူး”

"ဝူရှမ်! နင့်မှာ သူတို့ကို အပြင်ခြံဝန်းမှာ နေရာပေးဖို့ အာဏာမရှိဘူး" ယုဝူကျားက ထပ်ပြောလိုက်ပါသည်။

ယုဝူရှမ်က ကောင်းကင်ယံအထက်၌ အရူးတစ်ယောက်လို တိုက်ခိုက်နေသော ယန်ယဲ့ကို မော့ကြည့်လိုက်ရင်း "သူရှိနေတာပဲလေ"

ယုဝူကျားက
ထပ်ပြောဖို့ပြင်လိုက်သော်လည်း
လီချင်ကျင်းက သူမကို
ဆွဲခေါ်သွားပါတော့သည်။ ဒီအချိန်မှာ
စက္ကန့်တိုင်းက လုံးဝကို
အဖိုးတန်လှသည်မဟုတ်ပါလား။

ယုဝူရွှမ်က ရုတ်တရက် "အဲဒီဝံပုလွေဖြူကို
ဒီကို သယ်လာခဲ့"

သူမ၏စကားကို ကြားလိုက်ရာ
အပြင်စည်းကျောင်းသားများက
ခေါင်းညိတ်ပြီး
ချက်ချင်းထွက်သွားကြသည်။

ယန်ယဲ့ အပြင် ယုဝူရှမ်က
အပြင်စည်းခြံဝန်း၌ အလေးစားရဆုံး
လူတစ်ယောက်ဟု ဆိုနိုင်သည်။ သူမ၏
ခွန်အားကြောင့် မဟုတ်ပါ။ သူမ၏
ဉာဏ်ရည်ကြောင့်ပင်ဖြစ်သည်။ သူမ၏
ဉာဏ်ရည် နှင့် စွမ်းရည်က

လူတိုင်းယုံကြည်လက်ခံထားသော
အရာတစ်ခုဖြစ်သည်။ ထို့ကြောင့် မည်သူမျှ
သူမ၏စကားကို မကန့်ကွက်ကြပေ။

အချိန်အနည်းငယ်ကြာပြီးနောက်တွင်
အပြင်စည်းကျောင်းသားများက
ဝံပုလွေဖြူကို ယုဝူရှမ် ရှေ့သို့
ခေါ်ဆောင်လာကြသည်။ ဝံပုလွေဖြူအပြင်
အဝါရောင်ဝတ်လူငယ်ကိုပါ
တစ်ခါတည်းခေါ်လာကြ၏။

ဒီအချိန်မှာ သူတို့နှစ်ယောက်လုံးက
အရင်ကထက် အများကြီး
ပိုကောင်းလာခဲ့သည်။ အထူးသဖြင့်
ဝံပုလွေဖြူ၊ ၎င်း၏ အရှိန်အဝါသည်
အနည်းငယ် ပြန်လည်ကောင်းမွန်လာပြီး
၎င်း၏ မျက်လုံးများတွင် ပြင်းထန်သော
တောက်ပမှုပင် ထွက်ပေါ်နေသေးသည်။

ဆူး!

ကောင်းကင်အထက်၌ အလင်းတန်းတစ်ခု ဖျတ်ခနဲ လင်းလက်သွားပြီးနောက် ထောင်ချီသော နတ်ဆိုးဝံပုလွေများစွာ၏ အလောင်းများသည် ကောင်းကင်မှ ပြုတ်ကျသွားသည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ"
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးဝံပုလွေတစ်ကောင်က ဒေါသတကြီးအော်ဟစ်ကာ ကောင်းကင်ထက်သို့ခုန်တက်လာပြီး

ငှင်း၏ပါးစပ်ကြီးကိုဟကာ ယန်ယဲ့ကို
အရှင်လတ်လတ်မျိုချဖို့ ပြင်လိုက်သည်။

သို့သော်လည်း ယန်ယဲ့သည် နေရာတွင်ပင်
ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။

ဆူး!

ကောင်းကင်ယံအထက်တွင်
အလင်းတန်းတစ်ခု လင်းလက်လာပြီး
နတ်ဆိုးဝံပုလွေစစ်တပ်ဟာ

ထိုအဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးဝံပုလွေ၏ခန္ဓာကိုယ်
ပြုတ်ကျလာသည်ကို မြင်လိုက်ကြသည်။

အာဝူး!

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးဝံပုလွေက နာကျင်စွာဖြင့်
ဒေါသတကြီး အူလိုက်သည်။
နောက်အခိုက်အတန့်မှာတော့
နတ်ဆိုးဝံပုလွေများက

၎င်း၏ခြေထောက်တစ်ဖက်ကို ဖမ်းဆွဲပြီး
မြေပြင်ပေါ် ဆွဲချကြသည်။

အုန်း!

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးဝံပုလွေက မြေပြင်ပေါ်
ပြုတ်ကျလာပြီးနောက် ဝံပုလွေပုံစံ
တွင်းနက်ကြီးတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

အလင်းတန်းတစ်ခု

လင်းလက်လာပြီးနောက် ယန်ယွဲ့၏ပုံရိပ်က

၎င်း၏ခေါင်းပေါ်သို့ ဆင်းသက်လာခဲ့သည်။

ထို့နောက်တွင် သူ့ဆီကနေ

ကောင်းကင်အဆင့် ၃

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်

ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒက

ကြောက်မက်ဖွယ်ကောင်းသော

ဖိအားတစ်ခုအသွင်ဖြင့် ရှုးသွပ်စွာ

ထွက်ပေါ်လာသည်။ ဖိအားက

နတ်ဆိုးဝံပုလွေစစ်တပ်မှ

ထုတ်လွှတ်ထားသည့် ဖိအားကို ချက်ချင်း
ချေဖျက်လိုက်ကာ အဆင့်နိမ့်
နတ်ဆိုးဝံပုလွေများအပြား မြေပြင်ပေါ်သို့
ပြားပြားဝပ်သွားကြတော့သည်။

ထိုအချိန်မှာပင် မရေမတွက်နိုင်သော
နတ်ဆိုးဝံပုလွေများသည် မြို့ရိုးများဆီသို့
ပြေးလွှားနေကြဆဲဖြစ်၏။
သန်းချီရှိသောနတ်ဆိုးဝံပုလွေစစ်တပ်ကြီး
တစ်ခုလုံး

ပြေးတက်လာသော အရှိန်က
မြို့ရိုးတစ်ခုလုံးအား အဆုံးမရှိ ပြင်းထန်စွာ
လှုပ်ခါသွားစေသည်။

ယန်ယဲ့၏မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်သောအမူအရာများ
ထွက်ပေါ်လာပြီး သူ့ညာခြေကို
ဆောင့်နင်းချလိုက်၏။

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးဝံပုလွေက မြေကြီးထဲသို့

နစ်ဝင်သွားသဖြင့် နာကျင်စွာ
အူလိုက်လေသည်။
ထိုအချိန်တွင် ယန်ယဲ့သည်
တန်ပြန်အားကိုယူကာ
ကောင်းကင်အထက်သို့ ခုန်တက်သွားပြီး
အလင်းတန်းတစ်ခုအသွင်ဖြင့်
နတ်ဆိုးဝံပုလွေစစ်တပ်ထံ
ဝင်ရောက်သွားသည်။

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုက
နောက်တစ်ကြိမ်စတင်ခဲ့သည်ဟုပင်
ဆိုနိုင်၏။

အလင်းတန်းများသည် အဆက်မပြတ်
လင်းလက်နေပြီး
အလင်းတန်းတစ်ခုစီတိုင်းဟာ ရာချီသော
နတ်ဆိုးဝံပုလွေနတ်များကို
သတ်ပစ်ခဲ့သည်။
တစ်ချိန်တည်းမှာပင်
ယန်ယွဲ့၏ဆံပင်များသည်

အဆုံးမရှိသည့်အလား နီမြန်းလာခဲ့သည်။
သူ့ဆံပင်များသာမကပေ၊
ယန်ယဲ့၏မျက်လုံးများသည်
နဂိုကြည်လင်နေရာမှ
ကြက်သွေးရောင်သမ်းလာခဲ့၏။ လက်ရှိ
သူ့အသွင်အပြင်က လုံးဝကို
ကြောက်စရာကောင်းနေပါသည်။

တွမ်...

သိပ်မကြာလိုက်ပေ၊ စစ်မြေပြင်တွင်
အနီရောင်အလင်းလှိုင်းကြီး ပေါ်လာသည်။
အနီရောင်အလင်းလှိုင်းကြီးက
တဖြည်းဖြည်းနှင့် ကျယ်ပြန့်ကာ
နောက်ဆုံးတွင် ၁ ကီလိုမီတာခန့် ဧရိယာကို
လွှမ်းခြုံသွားပါတော့သည်။
အနီရောင်အလင်းလှိုင်းအောက်
ဖိနှိပ်ခံရသော နတ်ဆိုးဝံပုလွေများအားလုံး
ချက်ချင်းပင်သေဆုံးသွားကြသည်။

မြို့ရိုးအထက်တွင်....။

ဖုန်းဝူချောင်တို့အဖွဲ့က အောက်ဖက်ရှိ
မြင်ကွင်းကို စူးစူးစိုက်စိုက်ကြည့်နေကြရင်း
"မိန်းကလေးဝူရှမ်! အခု ငါတို့
ဘာလုပ်သင့်လဲ" မြို့ရိုးအထက်၌
ခုခံရေးဝက်ပါအစီအရင်များ
ရှိနေသောကြောင့်
အဆင့်လွန်စွမ်းအင်ကျောက်တုံးများ
အသုံးပြုနေသရွေ့ အတော်လေး
စိတ်ချလက်ချနေနိုင်ပါသည်။
သို့သော်လည်း ဤအရာသည်
ဆက်လက်တည်ရှိနေပါက

မြို့မကျခင်အထိသာဖြစ်ကြောင်း သူတို့အားလုံး ရှင်းရှင်းလင်းလင်း သိထားကြသည်။

၁၁၃၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၃၅ - နတ်ဆိုးဝံပုလွေတပ်မှူး

"ငါတို့အချိန်စောင့်ရမယ်" ယုဝူရှမ်က
မြို့ရိုးအပြင်ဖက်ရှိ
အနီရောင်အလင်းလွှာကြီး
လွှမ်းခြုံထားသော ဧရိယာကို စိုက်ကြည့်ကာ
"နတ်ဆိုးဝံပုလွေစစ်တပ်က ရဲယန်ကို
တကယ်အလေးအနက်မထားမချင်း
ငါတို့စောင့်နေရမယ်။ အဲ့အချိန်ကျမှ ငါတို့
ရှေ့ထွက်တိုက်ခိုက်တာပေါ့"

ဖုန်းဝူချောင်က "သူတို့က နည်းပြဆရာရဲ ကို
ဘယ်အချိန်မှ
အလေးအနက်ထားတိုက်ခိုက်မှာလဲ"

ယုဝူရှမ်က  "ဒီစစ်တပ်ရဲ့တပ်မှူး
ထွက်လာတဲ့အချိန်"

"အူး!" ရုတ်တရက်ပင် ကောင်းကင်
ယံအထက်၌ အူသံထွက်ပေါ်လာသည်။

"အူး!" ထိုအူသံကိုကြားသောအခါ
နတ်ဆိုးဝံပုလွေစစ်တပ်တစ်ခုလုံးရှိ
နတ်ဆိုးဝံပုလွေများအားလုံး
တညီတညွတ်တည်း အူကြသည်။

"သူ ဒီကိုရောက်လာပြီ"
ယုဝူရှမ်၏မျက်လုံးများတွင် အနည်းငယ်
လေးနက်သော အမူအရာပေါ်လာခဲ့သည်။

ဝှစ်။

ထိုအချိန်တွင်

နတ်ဆိုးဝံပုလွေစစ်တပ်၏နောက်ကျောဖက်

မှ အပြာရောင်အလင်းတန်းများ

ထွက်ပေါ်လာသည်။

အပြာရောင်အလင်းတန်းက

အလွန်လျင်မြန်ပြီး

အချိန်အနည်းငယ်အတွင်းမှာပင်

အနီရောင်အလွှာဖြင့် လွှမ်းခြုံထားသော

နေရာကို ရောက်လာခဲ့လေ၏။

ဘမ်း!

ပေါက်ကွဲသံကြီး ရုတ်ချည်း
ထွက်ပေါ်လာပြီးနောက် အားလုံးက
ကောင်းကင်ယံအထက်မှာ ပုံရိပ်တစ်ခု
လွင့်ပျံနေပြီး မြို့တံတိုင်းအထက်
ပြန်ပြုတ်ကျလာသည်ကို
မြင်လိုက်ကြရသည်။

ပြုတ်ကျလာသော ပုံရိပ်က ယန်ယဲ့ ပါ။

သို့သော် ထိုအရာက အဆုံးတော့ မဟုတ်ပေ။

ဘမ်း!

ယန်ယဲ့ရှေ့တွင် အပြာရောင်လက်သည်းကြီးတစ်ဖက်ပေါ်လာပြီး သူ့ဝမ်းဗိုက်ကို ကုတ်ဆွဲသွားသည်။

ဖူး!

ယန်ယဲ့၏ပါးစပ်က သွေးများ ဖြန်းခနဲ
ထွက်လာသည် ။

ထို့အပြင် ယန်ယဲ့၏နောက်မှ မြို့ရိုးသည်
ပြင်းထန်စွာ တုန်ခါသွားကာ
အက်ကြောင်းများက ပင့်ကူမျှင်ကဲ့သို့
ပြန့်နှံ့သွားခဲ့သည်။

အချိန်အနည်းငယ်အတွင်းမှာပင်
မြောက်ပိုင်းမြို့တံတိုင်း၏နံရံတစ်ခုလုံးသည်
အက်ကြောင်းများဖြင့် ဖုံးလွှမ်းသွားခဲ့သည်။

"လူသား၊ မင်းလက်မြှောက်ပြီး ငါ့ဆီမှာ လက်အောက်ခံလိုစိတ်ရှိရင် ငါလုံးချောင်က မင်းနဲ့ မင်းဘေးနားကလူတွေကို မသတ်ဘဲလွှတ်ပေးမယ်"

ရုတ်တရက်ဆိုသလို ဝံပုလွေဦးခေါင်းနှင့်လူသားတစ်ယောက် ပေါ်လာပြီး ပြောခဲ့သည်။ "ငါက လူသားတွေကို သနားညှာတာတာရှားတယ်။ ဒါပထမဆုံးအကြိမ်ဖြစ်သလို နောက်ဆုံးဖြစ်မှာပါ။ ဒီအခွင့်အရေးကို ကောင်းကောင်းအသုံးချသင့်တယ်"

ယန်ယဲ့၏ပါးစပ်ထောင့်က
အပြုံးအနည်းငယ် ပေါ်လာသည်။ သူက
"မင်းက ငါ့ကို အခုလက်နက်ချခိုင်းပြီး
အစေခံဖြစ်စေချင်တာလား။ ဒါဆို ငါလည်း
မင်းကို အခွင့်အရေးပေးဖို့ ဆန္ဒရှိနေတယ်။
မှန်တယ်၊ ငါလည်း တခြားသူတွေကို
သနားတာကခဲယဉ်းပါတယ်”

"မင်းကြည့်ရတာ သေခြင်းတရားကို
ရွေးလိုက်ပုံပဲ" လုံရှောင်က

အေးစက်စက်ပြောလိုက်၏။ သို့သော်လည်း
သူစကားပြောပြီးရုံပင် ရှိသေး၊
ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက်
လုံရှောင်က နောက်သို့ ခြေလှမ်း ၁၀
လှမ်းအထိ ဆုတ်သွားလိုက်ရသည်။

ပတ်ဝန်းကျင်ရှိ နတ်ဆိုးဝံပုလွေများအားလုံး
အံ့အားသင့်သွားကြသည်။
အဘယ်ကြောင့်ဆိုသော် ယန်ယွဲ့သည်
နေရာတွင် ရပ်နေပြီး
လုံးဝမလှုပ်ရှားသေးသောကြောင့်ဖြစ်သည်။

လုံရှောင်က သူ့လက်ကို ဆန့်ထုတ်ပြီး သူ့လည်ချောင်းကို ထိကိုင်လိုက်သည့်။ ဒီအချိန်မှာ သူ့လည်ပင်းက အနည်းငယ်သွေးစီးကျနေ၏။ သူက ယန်ယဲ့ကို ပြန်ကြည့်လိုက်ရာ ယန်ယဲ့ကလည်း သူ့ကို စိုက်ကြည့်နေသည်။ နှစ်ယောက်စလုံး၏မျက်လုံးများတွင်တော့ လေးနက်သော အမူအရာများ ရှိနေခဲ့သည်။

လုံရှောင်က "ဉပဒေသရဲ့စွမ်းအင်"
ဒီတစ်ကြိမ်မှာတော့
သူ၏နက်ပြာရောင်မျက်လုံးများက
ငြိမ်သက်မနေတော့ဘဲ လှိုင်းအချို့နှင့်
တုန်ခါသွားသည် ။

ယန်ယဲ့သည် သူ၏တိုက်ခိုက်မှုကို
ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒနှင့်ပါ
ပေါင်းစပ်ထားခြင်းဖြစ်သည်။

သို့သော်လည်း ဒီတိုက်ခိုက်မှုက
လုံရှောင်၏အရေပြားကို
ဖြတ်သွားရုံလောက်သာ ဖြစ်ခဲ့သည်။

"မင်းလို သိုင်းကျောင်း တစ်ယောက်က
ငါ့ကို တကယ် ဒဏ်ရာရစေခဲ့တာကို
စိတ်ကူးကြည့်ဖို့ တကယ်ကို ခက်ခဲပါတယ်"
လုံရှောင်က ယန်ယဲ့ ဆီသို့ ဖြည်းညှင်းစွာ
လျှောက်သွားကာ "မင်းလို လူသားပါရမီရှင်
တစ်ယောက်ကို ချေမှုန်းပစ်တာက
ပိုကောင်းမယ်ထင်တယ်။ ဒါမှ

ငါ့ဝံပုလွေမျိုးနွယ်က အနာဂတ်မှာ
နောက်ထပ် ကြောက်စရာကောင်းတဲ့ ရန်သူ
မရှိတော့မှာ" သူစကားပြောပြီးသည်နှင့်
လုံရှောင်က
နက်ပြာရောင်အလင်းတန်းတစ်ခုအဖြစ်
ပြောင်း၍ ယန်ယွဲ့ဆီသို့ ခုန်ဝင်လာခဲ့သည်။

လူသားနှင့် ဝံပုလွေတို့က
အပြင်းအထန်တိုက်ခိုက်နေခဲ့လေသည်။

သူတို့၏တိုက်ပွဲက
တော်တော်လေးထူးဆန်းနေခဲ့သည်။
အဘယ်ကြောင့်ဆိုသော် ပတ်ဝန်းကျင်ရှိ
နတ်ဆိုးဝံပုလွေများသည် ယန်ယဲ့ နှင့်
လုံရှောင်တို့၏ပုံရိပ်များကို
မမြင်နိုင်သောကြောင့်ပင်။

ပေါက်ကွဲသံများ ကျယ်လောင်စွာ
ထွက်ပေါ်လာသလို ခန္ဓာကိုယ်ချင်း
တိုက်မိသံများကို သာ ကြားနေရသည်။

တိုက်ပွဲက ပိုပိုပြီး ပြင်းထန်လာပုံရ၏။
ပတ်ဝန်းကျင်ရှိအာကာသဟင်းလင်းပြင်သ
ည် ပြင်းထန်စွာ လှုပ်ခါစပြုလာပြီး
ရံဖန်ရံခါပင် ကွဲအက်သွားပါသည်။
တစ်ချိန်တည်းမှာပင် အောက်မြေပြင်သည်
ကွဲအက်ပြီး ပြိုကျသွားတော့၏။

အုန်း!

မိုးချိန်းသံအလား ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက် တိုက်ခိုက်နေသူ

နှစ်ယောက်စလုံးက ဤနေရာရှိ
ပေါ်လာကြသည်။

ယန်ယဲ့၏မျက်နှာနှင့်
ခန္ဓာကိုယ်တစ်ခုလုံးဟာ လက်သည်းရာများ
ဖုံးလွှမ်းသွားပြီး သွေးများ အဆက်မပြတ်
စီးကျလာသည်။

သူ့ဝတ်ရုံတစ်ခုလုံးလည်း
အနီရောင်ဖြစ်နေသည်။ သူ့ဆံပင်နှင့်
မျက်လုံးများဟာ သွေးရောင်အတိဖြစ်ကာ
ယန်ယဲ့ကို

သွေးဆာရက်စက်ပုံပေါက်စေသည်။သို့သော်လည်း သူ့မျက်နှာတွင် စိတ်လှုပ်ရှားမှုနှင့် ရှုံးသွပ်မှု အရိပ်အယောင်များ ရှိနေသည်။

အပြန်အလှန်အားဖြင့် လုံရှောင်၏အခြေအနေက လုံးဝပြေသနာမရှိခဲ့ပေ။ သူ့ဝတ်ရုံ ပျက်စီးသွားရုံကလွဲလို့ မည်သည့်ဒဏ်ရာမှ ရှိမနေပေ။

“မင်း….” လုံရှောင်က

တစ်ခုခုပြောတော့မည်ဖြစ်သော် လည်း ယန်ယဲ့က စကားဖြတ်ပြောလိုက်၏ "မင်း ငါ့ကို အပိုင်းပိုင်းဖြစ်အောင် တိုက်ခိုက်စမ်း"

စကားပြောပြီးသည်နှင့် ယန်ယဲ့သည် ရုတ်ချည်းဆိုသလိုပင် ပျောက်ကွယ်သွားပြန်သည်။

ဘမ်း!

ကျယ်လောင်သောပေါက်ကွဲသံကြီး
တစ်ကြိမ် ထပ်မံ ထွက်ပေါ်လာသည် ။

ယန်ယွဲ့ နှင့် လုံရှောင် တို့၏ တိုက်ပွဲသည်
အလွန်ရိုးရှင်းသည်။
မည်သည့်နည်းစနစ်မျှမပါဘဲ
ထိပ်တိုက်ရင်ဆိုင်သည့် တိုက်ပွဲဖြစ်သည်။
လုံရှောင်၏အရှိန်သည်
အလွန်လျင်မြန်သော်လည်း
အမြန်နှုန်းဥပဒေသကို နားလည်ထားသော

ယန်ယဲ့နှင့် မယှဉ်နိုင်ဘဲ လုံးဝ
ပြန်လည်တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ပေ။

သို့သော်လည်း ယန်ယဲ့၏ရုပ်ခန္ဓာက
လုံရှောင်ထက်ပို၍နိမ့်ကျခဲ့သည်။ ထို့ကြောင့်
ယန်ယဲ့၏အရှိန်က မြန်နေသော်လည်း
လုံရှောင်၏တစ်ချက်တစ်ချက်တိုက်ခိုက်မှု
များက ယန်ယဲ့ကို အပြင်းအထန်
ဒဏ်ရာရစေသည်။

သို့တိုင် ယန်ယဲ့သည် တိုက်ပွဲဝင်လိုစိတ်များ
ပိုပြင်းပြလာပြီး
ရှုးသွပ်စွာပင်တိုက်ခိုက်ခဲ့သည်။

သူ့အမြင်က တိုက်ပွဲဟာ သူ့ခွန်အားကို
မြှင့်တင်ဖို့
အကောင်းဆုံးနည်းလမ်းဖြစ်သည်။
ကျင့်ကြံခြင်းဖြင့် ခွန်အားကို
မြှင့်တင်နိုင်သော်လည်း သေခြင်းရှင်ခြင်း
တိုက်ပွဲထက် အခြေခံ နိမ့်ကျပါသည်။

သေခြင်း၊ရှင်ခြင်းတိုက်ပွဲကို
ရင်ဆိုင်ရမှသာလျှင် စစ်မှန်သောခွန်အားကို
ထုတ်ဖော်နိုင်မည်ဖြစ်သည်။

"မိန်းကလေးဝူရှမ်! နည်းပြဆရာရဲ
အနိုင်ရပါ့မလား"
အပြင်စည်းကျောင်းသားတစ်ဦးက
အသံတိုးတိုးဖြင့် ပြောသည်။

ယုဝူရှမ်က "သေချာတာပေါ့"

ထိုကျောင်းသားက “ဘာလို့လဲ” ဟုအံ့သြသွားသည်။

"ဘာလို့လဲဆိုတော့ သူ မနိုင်ရင် ထွက်ပြေးမှာလေ" ယုဝူရှမ်က ဆက်ပြောလိုက်သည် “ဒါပေမဲ့ သူထွက်မပြေးဘူး။ ဒါကြောင့် သူက အနိုင်ရဖို့ယုံကြည်မှုရှိတယ်ဆိုတာ သက်သေပြလိုက်တာပဲမဟုတ်လား”

ထိုကျောင်းသားက

စကားမပြောနိုင်သလိုပင်ဖြစ်သွားတော့၏။

ဘုန်း!

ရုတ်တရက်ဆိုသလို ကောင်းကင်အထက်၌

ကြောက်မက်ဖွယ်ကောင်းသော

အရှိန်အဝါတစ်ခု ထွက်ပေါ်လာသည်။

၎င်းသည် ရုပ်ဝတ္ထုပစ္စည်းဟုပင် ထင်ရပြီး

အနီးအနားမှ အာကာသဟင်းပြင်ကို

တုန်ခါသွားစေခဲ့သည်။

"အဆင့်မြင့်သိုင်းကောရာဇ်အဆင့်...."

ဤနေရာရှိ လူသားပညာရှင်များနှင့်
နတ်ဆိုးဝံပုလွေများအားလုံး
ထိတ်လန့်သွားကြသည်။

လုံရှောင်က
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်ရာ သူ့အတွက် အဆင့်ချိုးဖျက်ဖို့က
သဘာဝအားဖြင့် မဖြစ်နိုင်ပေ။ သူ

မဟုတ်သောကြောင့်
အဆင့်ချိုးဖျက်သွားသူက
ယန်ယဲ့သာဖြစ်နိုင်သည်။

"သူသည် တိုက်ပွဲမှာ
အဆင့်တက်နေသလား..."

ဘုန်း!

ပုံရိပ်တစ်ခု လွင့်ပျံသွားသလို
ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

သို့သော်လည်း ထိုပုံရိပ်က
မီတာရာနည်းငယ်သာ လွင့်ထွက်သွားပြီး
လေထဲမှာပင်ရပ်လိုက်သည်။ ဒီတစ်ကြိမ်
လွင့်ထွက်သွားသူကလည်း ယန်ယဲ့
သာဖြစ်၏။

ဒီအချိန်မှာ ယန်ယဲ့၏အသွင်အပြင်က
ယခင်ကထက်
ပိုကြောက်စရာကောင်းလာသည်။
သူ့ဝတ်ရုံများက

စုတ်ပြဲနေကာ အပေါ် ပိုင်းဗလာနှင့်

ဒဏ်ရာများက သွေးများ မပြတ်စီးကျနေ၏။

ထို့အပြင် သူရခဲ့သော

ဒဏ်ရာတစ်ခုစီတိုင်းဟာ

အရိုးထိအောင်ကိုနက်ရှိုင်းလှသည်။

ကံကောင်းစွာပဲ ယန်ယွဲ့၏ဒဏ်ရာများက

လျင်မြန်စွာဖြင့် ပျောက်ကွယ်လာခဲ့သည်။

လုံရှောင်က "မင်းက ငါ့ကို လေ့ကျင့်ရေး

ပစ်မှတ်အဖြစ် သုံးနေတာလား"

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး
သူ၏အဆင့်ချိုးဖျက်မှုကနေ
ထွက်ပေါ်လာသော အရှိန်အဝါကို
ဖိနှိပ်လိုက်ကာ လုံရှောင်ကို မော့ကြည့်ပြီး
"မင်းဘယ်လိုထင်လဲ"

လုံရှောင်၏မျက်လုံးများတွင်
ရက်စက်ကြမ်းကြုတ်သောအမူအရာများ
ချက်ချင်းပေါ်လာသည်။ "လူသား၊
မင်းတကယ်မဆိုးဘူးဆိုတာ ငါဝန်ခံရမယ်။
အနည်းဆုံးတော့ မင်းရဲ့အမြန်နှုန်းက

ငါ့အတွက် ကြီးမားတဲ့ပြဿနာတစ်ခုပဲ။
တကယ်လို့ မင်းသာ
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်နေရင်
ငါ့ကိုတစ်ချက်တည်းနဲ့သတ်နိုင်တယ်။
ဒါပေမဲ့ အခု မင်းက ငါ့ပြိုင်ဖက်မဟုတ်ဘူး"

စကားပြောပြီးသည်နှင့် လုံရှောင်ထံမှ
အပြာရောင်အလင်းတန်းများ ရုတ်တရက်
ပေါက်ကွဲထွက်လာပြီးနောက်

ရောမအပြာရောင်ဝံပုလွေကြီးတစ်ကောင်ဟာ ယန်ယဲ့ရှေ့တွင် ပေါ်လာခဲ့သည်။

ရောမဝံပုလွေကြီးသည်
တောင်ကြီးတစ်လုံးကဲ့သို့ ကြီးမားပြီး
၎င်း၏လက်သည်းတစ်ဖက်တည်းအရွယ်အစားကပင် ယန်ယဲ့ နှင့် နှိုင်းယှဉ်နိုင်သည်။

၎င်း၏ချွန်ထက်သောလက်သည်းရှည်ကြီးများကအာကာသဟင်းလင်းပြင်
တစ်လျှောက် ဆုတ်ဖြဲသွားကာ

အနက်ရောင်အက်ကြောင်းများ
ဆက်တိုက်ပွင့်သွားခဲ့တော့သည်။

ယန်ယဲ့သည်
သူ့လက်ကိုတစ်ချက်ယမ်းလိုက်ရာ
ရှေးဟောင်းဓားအိမ်က သူ့လက်ထဲတွင်
ပေါ်လာသည်။ တစ်ချိန်တည်းမှာပင်
သူ့ပတ်ပတ်လည်၌ ဓားအစင်း ၁၀၀
ပေါ်လာသည်။ ဓားများက
အရှိန်ပြင်းပြင်းဖြင့်
လှည့်ပတ်သွားပြီးနောက်

အလင်းတန်းများစွာဖြာထွက်လာပြီး

ယန်ယွဲ့ကို ဖုံးလွှမ်းသွားပါတော့သည်။

၁၁၃၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၃၆ - အရေးပေါ်အခြေအနေ

အလင်းလုံးအတွင်းမှ

အေးစက်စက်အသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာ၏ " ဒါကို အဆုံးသတ်ဖို့ အချိန်ကျပြီ"

အောင်း!

ကောင်းကင်ယံအထက်၌ စူးရှသော ဓားအူသံကြီး ပဲ့တင်ထပ်လာပြီးနောက် အလင်းတန်း ၁၀၀ ခန့် ရှေ့သို့ ပေါက်ကွဲထွက်လာသည်။ ထိုအချိန်တွင် လုံရှောင်က ခုန်ထွက်လာပြီး

အလင်းတန်းများဆီသို့ ပြေးဝင် လိုက်သည်
။

လုံရှောင်၏ရှေ့မှ လမ်းကြောင်းက ထိတ်လန့်တုန်လှုပ်ဖွယ်အခြေအနေသို့ ပြောင်းလဲသွားသည်။

သူက အလင်းတန်း ၁၀၀ ကိုပင် ထိတွေ့နိုင်ခြင်း မရှိခဲ့ပေ။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ
ပတ်ဝန်းကျင်ရှိ နတ်ဆိုးဝံပုလွေများသည်
ချက်ချင်းပင် အော်ဟစ်ငိုကြွေးကြသည်။

ယုဝူရှမ် နှင့် မြို့ရိုးပေါ်တွင် ရပ်နေသော
လူသားပညာရှင်များကတော့ စိုးရိမ်စိတ်များ
မြင့်တက်လာကြ၏။

အချိန်အနည်းငယ်အကြာမှာပဲ
လုံရှောင်၏ခန္ဓာကိုယ်ကြီးက ယန်ယဲ့ကို
ပစ်တိုက်သွားခဲ့သည်။

အုန်း!

ကြောက်မက်ဖွယ်ရာပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီးနောက်
မရေမတွက်နိုင်သော
စွမ်းအင်လှိုင်းလုံးများသည်
ပတ်ဝန်းကျင်ဆီသို့ပြင်းထန်စွာ
ရိုက်ခတ်သွားခဲ့လေသည်။

ထို့နောက်တွင် ပုံရိပ်တစ်ခုဟာ
ကောင်းကင်ယံအထက်ကနေ
ပြုတ်ကျလာပြီး
အောက်မှမြို့နံ့ရံကိုရိုက်ချသွားကာ
မြို့တံတိုင်းနှင့် မြေပြင်သည်ပင်
အဆက်မပြတ် တုန်ခါသွားခဲ့ရသည်။

"ယန်ယဲ့ ပါ"

ထိုအချိန်တွင် မရေမတွက်နိုင်သော
နတ်ဆိုးဝံပုလွေများသည် ရှုးသွပ်စွာ

အူလိုက်ပြီး မြို့ထဲသို့
စတင်ဝင်ရောက်လာသည်။

“မဟုတ်ဘူး”
ယုဝူရှမ်း၏ထိတ်လန့်တုန်လှုပ်ဖွယ်
အသံလေးဟာ မြို့ရိုးအထက်မှ ရုတ်တရက်
ထွက်ပေါ်လာသည်။ သူမက
နတ်ဆိုးဝံပုလွေစစ်တပ်ကိုလျစ်လျူရှုကာ
မြို့ရိုးအထက်မှ ခုန်ချပြီး ယန်ယွဲ့ဆီသို့
အပြေးသွားတော့သည်။

ယုဂူရှမ်း မြို့ရိုးအထက်မှ
ခုန်ဆင်းလိုက်သည့်အခိုက်တွင် အခြား
အပြင်စည်းကျောင်းသားများလည်း
အလားတူပင် လိုက်ပါခုန်ချလာခဲ့သည်။

မြို့ရိုးပေါ် ရှိ ဝက်ပါအစီအရင်များ
ထိန်းချုပ်မှုကနေ လွတ်သွားသည်နှင့်
တပြိုင်နက် နတ်ဆိုးဝံပုလွေစစ်တပ်ကို
ပြန်လည်တိုက်ခိုက်ဖို့ စွမ်းရည်မရှိတော့ပေ။
ထိုအချက်ဟာ လူတိုင်း ရှင်းရှင်းလင်းလင်း
သိရှိထားသည့်အရာဖြစ်သည်။ သို့သော်

အားလုံး မဆိုင်းမတွဘဲ
ခုန်ဆင်းသွားကြသည်။

ဤအခိုက်အတန့်တွင် အားလုံး သူတို့၏
သေခြင်း၊ရှင်ခြင်းကိုပင်
မေ့လျော့ထားကြသည်။

နတ်ဆိုးဝံပုလွေစစ်တပ်သည် ရှေ့သို့
တဟုန်ထိုး ပြေးတက်လာပြီး ဒေါသတကြီး
အူကြသည်။

နတ်ဆိုးဝံပုလွေအုပ်ကြီး မြို့နှင့်

ပိုနီးကပ်လာသည်နှင့်အမျှ မြို့သည်

မည်သည့်အချိန်တွင်မဆို

ပြိုပျက်သွားတော့မည်ဟုပင် ထင်ရ၏။

မြို့သာ ကျသွားလျှင်

နတ်ဆိုးဝံပုလွေစစ်တပ်ဟာ မြို့ထဲရှိ

လူတိုင်းကို တစ်ယောက်မကျန်

သတ်ဖြတ်ပစ်ပါလိမ့်မည်။

ထိုအခိုက်မှာ လုံရှောင်က သူ့လက်ကို
ရုတ်တရက် မြှောက်ပြီး
ဝှေ့ယမ်းလိုက်သည်။

လက်ဝှေ့ယမ်းရာမှ ထွက်ပေါ်လာသည့်
အရှိန်အဝါကြောင့် သန်းနှင့်ချီသော
နတ်ဆိုးဝံပုလွေများ ချက်ချင်းပင်
ရပ်တန့်သွားကြ၏။

ထိုအချိန်တွင် ယန်ယွဲ့သည်
ယုဝူရှမ်၏ဖေးမမှုဖြင့်

ဖြည်းညှင်းစွာထရပ်လာသည်။ လက်ရှိ
ယန်ယွဲ့၏ အခြေအနေဟာ
ထိတ်လန့်တုန်လှုပ်ဖွယ် အခြေအနေမှာ
ရှိနေသည်ဟုပင် မဖော်ပြနိုင်ပေ။
သူ့လည်ပင်းမှ ဝမ်းဗိုက်အထိ
ဆန့်ထွက်လာသော
လက်သည်းရာကြီးရှိနေသည်။
လက်သည်းရာကြီးက သူ၏ဗိုက်နှင့်
ရင်ဘတ်ကို လှီးဖြတ်လိုက်သကဲ့သို့
ဖြစ်နေကာ အတွင်းအင်္ဂါများကိုပင်
ရှင်းရှင်းလင်းလင်းမြင်နိုင်သည်။

ဒီမြင်ကွင်းကို မြင်မြင်ချင်း ယုဝ္ဝရှမ် ဟာ မူးမေ့လဲလုနီးပါးဖြစ်သွား၏။

အခြား အပြင်စည်းကျောင်းသားများလည်း အလားတူ ခံစားလိုက်ရသည်။

ယုတ္တိရှိရှိပြောရလျှင်
သာမန်လူတစ်ဦးသာဆိုပါက
ဤမျှပြင်းထန်သော ဒဏ်ရာများကြောင့်
ချက်ချင်း သေဆုံးသွားပြီ ဖြစ်သည်။

သို့သော်လည်း ယန်ယဲ့သည်
သူ့ခန္ဓာကိုယ်အနှံ့ပြန့်နှံ့နေသော
မူလခရမ်းရောင်စွမ်းအင်ဖြင့်
ပြန်လည်သန့်စင်မှုအောက်တွင်
သူ၏ဒဏ်ရာများက တဖြည်းဖြည်း
သက်သာလာခဲ့သည်။
မူလခရမ်းရောင်စွမ်းအင်က သူ
မသေဆုံးသေးသရွေ့
ဒဏ်ရာမည်မျှပင်ပြင်းထန်ပါစေ
ပြန်လည်ကုသနိုင်၏။

"ငါ မင်းကို လျှော့တွက်မိခဲ့တယ်"

လုံရှောင်က ရုတ်တရက်ပြောလာသည်

"အဲဒီ ထိပ်သီးပါရမီရှင် ၅ ယောက်ကလွဲရင်

လူသားမျိုးနွယ်ရဲ့မျိုးဆက်သစ်တွေထဲမှာ

ငါ့အတွက် ပြိုင်ဖက်ဖြစ်နိုင်တဲ့ ဘယ်သူမှ

မရှိတော့ဘူး လို့ ထင်ခဲ့တာ။ ဒါပေမဲ့…

ငါမှားသွားပြီ။ မင်းက သန်မာတယ်၊

အရမ်းသန်မာတယ်၊ ငါ မင်းကို

လျှော့တွက်မထားရင်တောင်

ငါသေသွားနိုင်သေးတယ်”

"ငါ မင်းကို လျှော့တွက်တာ မဟုတ်ဘူး"
ယန်ယဲ့က သက်ပြင်းချကာ
"ကံဆိုးလိုက်တာ၊ ငါ မင်းလက်ထဲမှာ
သေလုနီးပါးဖြစ်နေတုန်းပဲ"

လုံရှောင်က "ငါတို့သာ
အဆင့်တူပညာရှင်တွေ ဖြစ်နေရင် မင်းကို ငါ
သေချာပေါက် ယှဉ်နိုင်မှာ မဟုတ်ဘူး"

ယန်ယဲ့က ခေါင်းညိတ်ကာ "ဒါက
ငါ့အတွေးနဲ့အတူတူပဲ"

လုံရှောင်က အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက် သူ့ခေါင်းကို
မော့ပြီး တိမ်ပင်လယ်မြို့ကို စိုက်ကြည့်ကာ
"လူသား၊ မင်းက အရမ်းသန်မာတယ်။
ဒါပေမဲ့ မင်း ဒီမြို့ကို ကာကွယ်နိုင်မှာ
မဟုတ်ဘူး”

စကားဆုံးသည်နှင့်
လုံရှောင်၏ခန္ဓာကိုယ်အတွင်းပိုင်းကနေ
ဓားစွမ်းအင်များ ရုတ်တရက်

ထွက်ပေါ်လာသည်။ အစပိုင်းတွင်
တစ်ခုတည်းသာဖြစ်သော်လည်း
မကြာခင်မှာပဲ မရေမတွက်နိုင်သော
ဓားစွမ်းအင်များ ဖြာထွက်လာပါတော့သည်။

အပြင်စည်းကျောင်းသားများသည်
ဒီမြင်ကွင်းကို
မြင်သောအခါ ဖြစ်ပျက်ခဲ့သည်များကို
ချက်ချင်း နားလည်လိုက်ကြသည်။ လုံရှောင်
ရှုံးနိမ့်သွားပြီဖြစ်ကြောင်း သိလိုက်ရသည်။

ယန်ယဲ့၏ဒဏ်ရာက ပြင်းထန်သော်လည်း လုံရှောင်က ရှုံ့နိမ့်ခဲ့သည်။

အာဝူး!

ပတ်ဝန်းကျင်ရှိ နတ်ဆိုးဝံပုလွေများသည် လုံရှောင်၏ ခန္ဓာကိုယ်အတွင်းမှ ထွက်ပေါ်လာသော ဓားစွမ်းအင်ကို တွေ့လိုက်သောအခါ ချက်ချင်းပင် အူသံများ ထုတ်လွှတ်ကြသည်။
နတ်ဆိုးဝံပုလွေများက လုံရှောင်ကို

ကူဖို့ကြိုးပမ်းသော်လည်း လုံရှောင်က
လက်ကာပြလိုက်သည်။

"ပြန်သွားပြီး ဒုတိယမင်းသားကို လာခိုင်းပါ
…. မဟုတ်ဘူး၊ အိမ်ရှေ့မင်းသားကို
လာခိုင်းပါ…" ထိုစကားပြောပြီးသည်နှင့်
လုံရှောင်က
သူ့ခန္ဓာကိုယ်ထဲရှိပေါက်ကွဲထွက်နေသော
ဓားစွမ်းအင်ကို မထိန်းနိုင်တော့ဘဲ
ခန္ဓာကိုယ်တစ်ခုလုံး ကွဲထွက်သွားသည်။
မရေမတွက်နိုင်သော ဓားစွမ်းအင်များသည်

ပတ်ဝန်းကျင်ဆီသို့ ဖြန်းခနဲ ဖြန်းခနဲ
လွင့်စင်လာခဲ့၏။ ဓားစွမ်းအင်များ
ဖြတ်သွားတိုင်း
အာကာသဟင်းလင်းပြင်သည်ပင်
အပိုင်းပိုင်း ဆုတ်ဖြဲခံလိုက်ရလေသည်။

အာဝူး!

နတ်ဆိုးဝံပုလွေများသည်
ဤမြင်ကွင်းကိုတွေ့မြင်လိုက်သောအခါ
ဝမ်းနည်းပူဆွေးစွာ အူလိုက်ကြသည်။

လုံရှောင်၏ညွှန်ကြားမှုကို
ငြင်းဆန်သည့်အလား
၎င်းတို့၏မျက်လုံးများသည်
ချက်ချင်းနီရဲသွားကြသည်။

"သတ်" နတ်ဆိုးဝံပုလွေများသည်
၎င်းတို့ဆီသို့ဦးတည်နေသည်ကို
မြင်သောအခါ ဖုန်းဝူချောင်တို့တစ်သိုက်
ဆန်းကြယ်ချီစွမ်းအင်များ မြင့်တက်လာပြီး
တိုက်ခိုက်ဖို့ပြင်လိုက်ကြသည်။

သို့သော်လည်း ယန်ယဲ့က သူ့ကို
ဖမ်းကိုင်လိုက်ပြီး "ငါ့ဖင်ကို သတ်လိုက်ပါ!
လောလောဆယ် ပြန်ဆုတ်ကြ” သူ့လက်ရှိ
အခြေအနေသည်
သတ်ဖြတ်ဖို့ကိုအသာထား၊
လမ်းလျှောက်ဖို့ပင် အတော်လေးခက်ခဲ၏။

ဖုန်းဝူချောင်က ယန်ယဲ့ကို ပြန်ကြည့်ရင်း
ရှက်ရွံ့စွာ ပြုံးလိုက်၏။
သူ၏အကြံအစည်မှာ ယန်ယဲ့ကိုကူညီပြီး

နတ်ဆိုးဝံပုလွေစစ်တပ်ကို
တရကြမ်းတိုက်ခိုက်ဖို့ပါ။

ယန်ယဲ့နှင့်
အပြင်စည်းကျောင်းသားများသည်
နတ်ဆိုးဝံပုလွေစစ်တပ်
စတင်တိုက်ခိုက်ချိန်မှာပဲ မြို့တွင်းသို့
ပြန်ဆုတ်လာခဲ့ကြသည်။
ဒီတစ်ကြိမ်မှာတော့
နတ်ဆိုးဝံပုလွေစစ်တပ်၏တိုက်ခိုက်မှုဟာ
ယခင်ထက်ပို၍ပင်ပြင်းထန်လာခဲ့လေသည်။

အားလုံး မြို့ရိုးများကို ပြင်းပြင်းထန်ထန်
တိုက်ခိုက်နေကြပြီး ၎င်းတို့၏
အသက်ကိုပင် လစ်လျူရှုထားကြ၏။
ဒီအချိန်မှာ မြောက်ပိုင်းမြို့တံခါးက
နတ်ဆိုးဝံပုလွေစစ်တပ်၏
တိုက်ခိုက်မှုများကို
ခုခံကာကွယ်ရုံသာတတ်နိုင်သည်။
တန်ပြန်တိုက်ခိုက်ခြင်းမပြုနိုင်သော ကြောင့်
မြောက်ပိုင်းမြို့တံခါးတွင် ဝက်ပါအစီရင်များ
အထပ်ထပ်လွှမ်းခြုံနေ၏။

ကံကောင်းထောက်မစွာ

ယုဝူရှမ်၏ခါနည်းဗျူဟာသည်

ထိရောက်ခဲ့သည်။ မြို့တော်မှ

မရေတွက်နိုင်သော ကျင့်ကြံသူများ

ရောက်လာပြီး မြို့ရိုးအထက်တက်ကာ

တိုက်ခိုက်ခဲ့ကြသည်။ ထိုအရာက

မြောက်ပိုင်းမြို့တံခါး ကြုံတွေ့နေရသော

လက်ရှိအခြေအနေကို အတော်လေး

လျော့ကျသွားစေသည်။

ယန်ယဲ့သည် သူ့အခန်းထဲပြန်မသွားပေ၊
ထိုအစား မြို့ရိုးပေါ်တွင်
တင်ပျဉ်ခွေလျက်ထိုင်ကာ နေရာတွင်ပင်
သူ၏ဒဏ်ရာများကို ကုသလိုက်သည်။
ယုဝူရှမ်က အရာရာတိုင်းကို
ကောင်းမွန်စွာစီစဉ်ထားသော် လည်း
မြို့ရိုးအထက်ရှိလူအများစုမှာ
အားနည်းသောကြောင့်
သိပ်အသုံးဝင်ခြင်းမရှိပေ။ မြို့ကို
အပြင်းအထန် ကာကွယ်နေရရုံသာမကဘဲ

တန်ပြန်တိုက်ခိုက်မှုပင်
လုံးဝမလုပ်ဆောင်နိုင်ခဲ့ပေ။

ရိုးရိုးရှင်းရှင်းပြောရလျှင် ယုဝူရှမ် နှင့်
လူတိုင်းက အားနည်းနေသည်ဖြစ်ရာ
ယန်ယဲ့ဟာ
စိတ်ချလက်ချထွက်မသွားနိုင်ပါ။

“ငါ သတင်းအချက်အလက်တချို့ရပြီ"
တစ်ချိန်တည်းမှာပဲ ယုဝူရှမ်က ယန်ယဲ့ ဆီကို
ရုတ်တရက် လျှောက်လာပြီး

"စောစောတုန်းက နင်နဲ့ တိုက်ခိုက်ခဲ့တဲ့ လုံရှောင်က ရွှေနတ်ဆိုးဝံပုလွေဘုရင်ရဲ့ တတိယမြောက်သားတော်။ ဝံပုလွေဘုရင်ရဲ့ သားတော်တွေထဲမှာ သူ့ခွန်အားက အဆင့် (၃)ရှိတယ်။ ဒါပေမဲ့ ရွှေနတ်ဆိုးဝံပုလွေဘုရင်က လုံရှောင်ကို အတော်လေးချစ်မြတ်နိုးတယ်ဆိုပဲ။ ပြီးတော့ သူက နတ်ဆိုးဘုရင်သာမကဘူး၊ တောင်တန်းတစ်ခုလုံးမှာရှိတဲ့ တခြား နတ်ဆိုးဝံပုလွေတွေကတောင် ချစ်ခင်လေးစားကြတယ်။ ဒါဆို အခု နင်က

ပျားအုံကို တုတ်နဲ့တိုးလိုက်တာလို့
ပြောလို့ရတယ်”

ယန်ယဲ့က မျက်လုံးဖွင့်ပြီး မြို့ရိုးအောက်ကို
ကြည့်လိုက်သည်။ မရေမတွက်နိုင်သော
နတ်ဆိုးဝံပုလွေများသည်
ရှူးသွပ်သွားဟန်တူပြီး မြို့ရိုးကို
အဆက်မပြတ်တိုက်ခိုက်နေကြသည်။
အစောပိုင်းတွင် နတ်ဆိုးဝံပုလွေများသည်
မြို့ရိုးများပေါ်မှ
စွမ်းအင်အမြောက်များရှိနေ၍

ကြောက်ရွံ့ကာ

ထိုအမြောက်များမှပစ်လွှတ်လာသော

တိုက်ခိုက်မှုများကို ရှောင်တိမ်းခဲ့ကြသည်။

သို့သော်လည်း ယခုအချိန်တွင်

လုံးဝအကြောက်အလန့်မရှိသည့်အလား

ခန္ဓာကိုယ်အကာအကွယ်များကို

လစ်လျူရှုကာ တရကြမ်း

တိုက်ခိုက်နေကြသည်။

နတ်ဆိုးဝံပုလွေစစ်တပ်၏ အပြင်းအထန် တိုက်ခိုက်မှုကြောင့် မြို့ရိုးများတစ်လျှောက် အက်ရာများ ထပ်လာတော့သည်။

“အနည်းဆုံး နောက် ၂ နာရီအတွင်း မြို့တံတိုင်း ပြိုကျသွားနိုင်တယ်" ယုဝူရှမ်က နတ်ဆိုးဝံပုလွေစစ်တပ်ကို စူးစိုက်ကြည့်ကာ "ရှေးဟောင်းဓားကျောင်းတော်ရဲ့ ပညာရှင်တွေ ရောက်ဖို့ဆိုရင် အနည်းဆုံး ၈ နာရီလောက်တော့ ကြာဦးမယ် "

၁၁၃၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၃၇ - မြို့တံခါးတွေဖွင့်လိုက်

"၈ နာရီ လောက်ကြာဦးမှာလား"

ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားကာ မျက်နှာက

အနည်းငယ်မှိန်ဖျော့သွားသည်။

နတ်ဆိုးဝံပုလွေများ ရှူးသွပ်သွားသည်ဖြစ်ရာ
သူ့ခွန်အားပြန်ပြည့်လာလျှင်ပင်
သိပ်အသုံးဝင်မှာမဟုတ်ပေ။

မည်မျှပင် အားကောင်းနေပါစေ
သန်းချီသောစစ်တပ်ကို
နာရီအနည်းငယ်အတွင်း သတ်ပစ်ဖို့က
မဖြစ်နိုင်ပေ။

ယန်ယွဲ့သည် အချိန်အတော်ကြာ
လေးလေးနက်နက် တွေးတောနေပြီး

ရုတ်တရက်မေးလိုက်သည် "မြို့ထဲမှာ
လူဘယ်နှစ်ယောက်လောက်ရှိလဲ"

ယုဝူရှမ်က "သန်း ၁၀၀
နီးပါးလောက်ရှိမယ်"

ယန်ယွဲ့က “အဲဒီတော့ မြို့ကို ကာကွယ်ဖို့
ငါတို့ ဘယ်နှစ်ယောက် ကူညီပေးနေတာလဲ”

ယုဝူရှမ်က ခေါင်းခါလိုက်သည် " ၁
သိန်းတောင်မရှိဘူး"

ယန်ယဲ့၏မျက်လုံးထောင့်များ မှိတ်သွားကာ
“မြို့တံတိုင်းတွေ ဖြိုချခံရမှာကို
မကြောက်ဘူးလား၊
နတ်ဆိုးဝံပုလွေတပ်ဖွဲ့တွေ မြို့ထဲ
ဝင်လာမှာကို မကြောက်ဘူးလား”
ဟုပြောလိုက်သည်။

ယုဝူရှမ်က အကူအညီမဲ့စွာရယ်ပြီး
“လူတိုင်းက တစ်ကိုယ်ကောင်းဆန်တယ်။
သူတို့ စိုးရိမ်သလောက် ဆိုရင်

ကောင်းကင်ကြီး ပြိုကျလာရင်တောင်
တားဆီးဖို့ တစ်စုံတစ်ယောက် ရှိလိမ့်မယ်။
အဆင့်မြင့်ပညာရှင်တွေက သဘာဝအတိုင်း
တိမ်ပင်လယ်အကယ်ဒမီပါပဲ။
မြို့ကိုကာကွယ်ဖို့ ဒီနေရာမှာ
အကယ်ဒမီရဲ့တပ်ဖွဲ့တွေနဲ့
မြို့တော်ဝန်ရဲ့စစ်တပ်နဲ့ဆိုတော့ သူတို့က
မြို့ကိုကာကွယ်ဖို့
လှုပ်ရှားလာဦးမှာမဟုတ်ဘူး။ ငါတို့က
တစ်ခုခုမလုပ်ရင်…”

ယန်ယဲ့သည် သူ့လက်များကို
နံရံပေါ်ထောက်ကာ အောက်ဖက်ရှိ
စစ်တပ်ကို ငုံ့ကြည့်လိုက်ရင်း "
ပုံမှန်လို့ထင်ရတဲ့လူတိုင်း
ကျင့်ကြံသူတွေဖြစ်နိုင်တယ်။
ကျင့်ကြံလို့မရနိုင်တဲ့လူတွေရှိရင်တောင်
လူတိုင်းက ကျင့်ကြံဖို့ကြိုးစားကြတယ်။
တစ်နည်းပြောရရင် မြို့သူမြို့သား
အရေအတွက် သန်း ၁၀၀ နီးပါးရဲ့၉၀
ရာနှုန်းလောက်က ကျင့်ကြံသူတွေချည်းပဲ။
ဒါပေမဲ့ သူတို့ထဲက (၁၀၀,၀၀၀) အောက်ပဲ

မြို့ကိုကာကွယ်နေကြတယ်။ အများစုက
ငါတို့ပေးထားတဲ့ ဆုလာဘ်တွေကို
မက်မောလို့ပဲ..."

စကားပြောပြီးသည်နှင့်
ယန်ယဲ့၏အကြည့်သည် တဖြည်းဖြည်း
အေးခဲသွားလေသည်။

"ဒါက မတတ်နိုင်ဘူး" ယုဝူရှမ်က
အကူအညီမဲ့စွာသာ ရယ်မောလိုက်သည်။
သူမက “တိမ်ပင်လယ်မြို့တော်က

တိမ်ပင်လယ်အကယ်ဒမီရဲ့နယ်မြေလေ။ သူတို့စိုးရိမ်သလောက်တော့ ဒီလိုပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းဖို့က အကယ်ဒမီပဲဖြစ်သင့်တယ်။ အကယ်ဒမီက ဒီလိုအခြေအနေမျိုးမှာလည်း အကူအညီမဲ့နေတယ်ဆိုတာ သတိမထားမိကြဘူး။ ဒီလိုမှမဟုတ်ရင် မြို့ကိုကာကွယ်ဖို့ တစ်မြို့လုံးက တပ်ဖွဲ့တွေကို အသုံးချနိုင်ရင် ငါတို့ရဲ့ အရေးအတွက်က

နတ်ဆိုးဝံပုလွေစစ်တပ်ထက်
နိမ့်ကျမှာမဟုတ်ဘူး။ ကံမကောင်းစွာပဲ….”

"ကံမကောင်းစွာပဲ၊ သူတို့က လာဖို့
ငြင်းဆန်တယ် မဟုတ်လား" ယန်ယွဲ့က
ဆက်ပြောလိုက်သည် “သူတို့
တွေးနေတာကို ငါ နားလည်ပါတယ်။
မင်းပြောသလိုပဲ၊ သူတို့စိုးရိမ်သလောက်
မြို့ကို နတ်ဆိုးဝံပုလွေစစ်တပ်က
ဖျက်ဆီးခဲ့ရင် အကယ်ဒမီနဲ့
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းတို့ကြားက

ကိစ္စလေ။ ဒါကြောင့် တိုက်ခိုက်သင့်တာက
အကယ်ဒမီလို့ပဲ သူတို့ကယူဆနေတာ။
ဒါပေမဲ့ အကယ်ဒမီက မြို့ကို
မကာကွယ်နိုင်ရင်
နတ်ဆိုးဝံပုလွေစစ်တပ်က
မြို့တံတိုင်းတွေကိုဖြိုချပြီးတာနဲ့
ဘာဖြစ်မယ်ဆိုတာ သူတို့ ဘယ်တော့မှ
မစဉ်းစားမိဘူး။ အဲဒါကို သူတို့
တွေးကောင်းတွေးနိုင်ပေမဲ့
နတ်ဆိုးစစ်တပ်ကို ကိုယ်တိုင်
မရင်ဆိုင်ရသေးတော့ ဘယ်လောက်ထိ

ကြောက်စရာကောင်းတယ်ဆိုတာ လုံးလုံး မသိဘူးကြဘူး။ ဒီတော့ သူတို့ မသိစိတ်က အဲဒီအကြောင်းကို မတွေးဘဲနဲ့ မြို့ထဲက တိုက်ပွဲကို ဆက်ကြည့်ဖို့သာ ရွေးချယ်ထားတာဖြစ်ရမယ်"

"နင်ဘာလုပ်ဖို့စီစဉ်နေတာလဲ" ယုသူရွှမ်က တစ်ခုခုလွဲနေပြီကို သတိထားမိသွားပြီး "နင်.. အခု နင် အရမ်းကာရော လုပ်လို့မရတော့ဘူး။ တခြားသာမန်အချိန်မျိုးမှာဆိုရင်

မြို့တော်ရဲ့အခြေအနေကို ပြောင်းလဲပြီး
အကယ်ဒမီရဲ့အင်အားစုတွေဖြစ်လာအောင်
လုပ်နိုင်တယ်"

"ပရမ်းပတာအခြေအနေက ပိုကောင်းလား
ဒါမှမဟုတ် လူတိုင်းသေတာက
ပိုကောင်းလား" ယန်ယဲ့က
ဒီစကားပြောနေရင်း ယုဝူရှမ်ကို
လှည့်ကြည့်လိုက်သည်။

ယုဝ္ဂူရှမ်က ဘာပြောရမှန်းမသိတော့ပေ။ တိတ်ဆိတ်သွား၏။

ယန်ယဲ့က ပြုံးပြီး သူ့လက်ကို ဆန့်ကာ သူမ၏ခေါင်းကို ပွတ်သပ်ရင်း "မင်း ငါ့ကို အခြေအနေ လှည့်စေချင်တာ ငါသိတယ်။ ဒါပေမဲ့ ငါက သူတော်စင်မဟုတ်ဘူးဆိုတာကို မင်းသဘောပေါက်ရမယ်၊ ဒါကြောင့် ဒီလောက်ကြီးမားတဲ့ စစ်တပ်ကြီးရှေ့မှာ ငါလည်း ဘာမှမတတ်နိုင်ဘူးလေ"

ယုဝူရှမ်က "ဒါပေမဲ့ သူတို့ပုန်ကန်မှာကို မကြောက်ဘူးလား"

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး “တကယ်တော့ ငါဒါကို သူတို့အကျိုးအတွက် လုပ်နေတာ။ မြို့သာကျသွားရင်

အကယ်ဒမီကလူတိုင်း

ထွက်ပြေးနိုင်တယ်။နောက်ဆုံးတော့ ငါတို့မှာ အဲဒီလိုလုပ်ဖို့ ခွန်အားရှိတယ်လေ။ ဒါပေမဲ့ မြို့ထဲမှာရှိတဲ့ ပြည်သူတွေက

ထွက်ပြေးနိုင်ပါ့မလား။ သူတို့က
သေချာပေါက် မတတ်နိုင်ဘူး။ဒါကြောင့်
မြို့ကျသွားရင် ငါတို့က သေမဲ့သူ မဟုတ်ဘူး၊
အဲဒီအစား သူတို့ပဲ ဖြစ်လိမ့်မယ် ဆိုတာ
သူတို့ သဘောပေါက်စေချင်တယ်”

ယုဝူရှမ်က ယန်ယဲ့ကို ကြည့်လိုက်ပြီး
"နင်ပြောတဲ့အတိုင်း ငါလုပ်မယ်။ ဒါဆို
ငါတို့ဘာလုပ်သင့်လဲပြော"

“အတင်းအကြပ်မလုပ်ခင် သူတို့နဲ့
စကားပြောကြည့်ရအောင်” ယန်ယဲ့က
“အားလုံး ဒီကို ချက်ချင်းလာပြီး
မြို့ကိုကာကွယ်ဖို့ တစ်မြို့လုံးကို
ချက်ချင်းအကြောင်းကြားပါ။ မြို့ပျက်ရင်
လူတိုင်းသေရလိမ့်မယ်၊ ဒါကြောင့်
မသေချင်ဘူးဆိုရင် လာကာကွယ်သင့်တယ်
”

ယုဝူရှမ်က "ဒါက ဘာမှမထူးခြားမှာကို
ငါစိုးရိမ်မိတယ်"

ယန်ယဲ့က ခေါင်းညိတ်ကာ

“ငါလည်းသိပါတယ်။

ငါသူတို့ကိုအခွင့်အရေးပေးချင်တယ်ဆိုတဲ့

သဘောပဲ၊

အသက်ရှင်ဖို့အခွင့်အရေးပေးချင်တယ်။

ဒါကို တန်ဖိုးမထားရင် ငါ့ကို

ရက်စက်တဲ့လူကို အပြစ်ပြောလို့မရဘူး”

ယုဝူရှမ်က ယန်ယဲ့ကို စိုက်ကြည့်ပြီး

ခေါင်းညိတ်ပြလိုက်သည် "ငါနားလည်ပြီ"

...

ယုဝ္ဍရှမ်၏ကြိုးစားအားထုတ်မှုဖြင့်
ယန်ယဲ့၏စကားများက
တိမ်ပင်လယ်မြို့တော်တစ်ခုလုံး
ပြန့်နှံ့သွားသည်။ သို့သော်….

"သူတို့က ငါတို့မြို့ကို
ကာကွယ်ချင်နေတာလား။ ပြီးတော့
သူတို့က ငါတို့ကို

ဘာဆုလာဘ်မှမပေးဘူးလား။ရဲယန်က
သူ့ကိုယ်သူ ဘယ်သူထင်လို့လဲ။
နည်းပြဆရာတစ်ယောက်လို့ မပြောဘဲ
ဗျာနမ့်မူးဆီက တောင်းဆိုလာရင်တောင်
ဒီတောင်းဆိုချက်ကို ငါ ဂရုမစိုက်ဘူး။”

"သောက်ကျိုးနည်း၊ မြို့ကိုကာကွယ်မလား..
အဲဒါ ငါတို့နဲ့ ဘာဆိုင်လဲ။ သူ့မှာ လုပ်စရာ
ဘာမှ မရှိဘူးလား။ ဆက်ပြီး
မောက်မာနေလိုက်လေ”

“ဆုလာဘ်တစ်ခုခုရရင် သူတို့ကို
နည်းနည်းလောက် ကူညီတာမျိုး
ဖြစ်နိုင်တယ်။ ကံမကောင်းစွာပဲ၊
သူကဘယ်လိုပြုမူရမှန်းမသိဘူး။ သူက
မြို့ကို အလကား
အကာအကွယ်ပေးစေချင်တာလား။
သူ့ခေါင်းထဲမှာ တစ်ခုခုမှားနေပြီလား"

"မြို့ကို ကာကွယ်မလား၊
ငါ့ဖင်ကိုကာကွယ်ပါ။

အသက်ရှင်ရတာပျင်းနေမှာလား၊ ငါတို့က ဘာလို့ မြို့ကိုကာကွယ်ရမလဲ။ ငရဲကို သွား"

...

မြို့တော်တံတိုင်းအထက်တွင် ယုဝူရှမ်က ယန်ယဲ့ရှေ့မှာ နောက်တစ်ကြိမ် ပေါ်လာသည်။

ယန်ယဲ့က "ဘယ်သူမှမလာဘူးလား"

ယုဝ္ဂူရှမ်က ခေါင်းညိတ်ပြီး "သူတို့က ငွေရှင်းရုံတင် မဟုတ်ဘူး။ ငါတို့လုပ်ရပ်က လူအများကိုတောင် မကျေမနပ်ဖြစ်စေတယ်”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး “ကောင်းပြီ” ဟုဆိုလိုက်သည်။

ယုဝ္ဂူရှမ်က "အခု ငါတို့ ဘာလုပ်သင့်လဲ"

ယန်ယဲ့၏အကြည့်သည် မြို့တံခါးဆီသို့ ရောက်သွားပြီးနောက် “တံခါးဖွင့်ချလိုက်” ဟုပြောလိုက်၏။

"မြို့တံခါးတွေဖွင့်ရမှာလား"

ယုဝူရှမ်က အံ့အားသင့်သွားသည်။

"မြို့သားတွေကို သတ်ဖို့ နတ်ဆိုးစစ်တပ်ကို အထဲလွှတ်ဖို့ စီစဉ်နေတာလား..."

"...သေချာလား" ယုဝ္ဂူရှမ်က ယန်ယဲ့ကို
သံသယမျက်လုံးများနှင့် ကြည့်လိုက်သည်။
ယန်ယဲ့သည် လုံး၀
ရက်စက်ကြမ်းကြုတ်တော့မည်ကို
သိနေသော်လည်း
ထိုကဲ့သို့လုပ်ဆောင်လိမ့်မည်ဟုတော့
မထင်ထားခဲ့ပေ။ နောက်ဆုံးတွင် သူတို့သည်
မြို့တံခါးကိုဖွင့်ပြီး
နတ်ဆိုး၀ံပုလွေစစ်တပ်ကို
၀င်ခွင့်ပြုလိုက်ပါက
အနည်းငယ်သောအမှားသည်ပင်

မြို့သူမြို့သားများကို
လုံးဝသေဆုံးသွားစေနိုင်၏။

ယန်ယဲ့က ပြုံးပြီး
"ငါနောက်နေတာထင်လို့လား"

ယုဂူရွှမ်က အသက်ပြင်းပြင်းရှူပြီး
“နားထောင်ပါ။မြို့တံခါးတွေအကုန်ဖွင့်၊
နတ်ဆိုးဝံပုလွေစစ်တပ်ကို
မြို့ထဲပေးဝင်ခိုင်းလိုက်" ဟု
အမိန့်ပေးလိုက်သည်။

ထို့နောက် သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ
"ဒီလိုလုပ်တာဟာ လူတိုင်းအတွက်
အန္တရာယ်ဖြစ်စေမှာတော့ သေချာတယ်။
ဒါပေမဲ့... ဒါပေမဲ့ ငါတို့က ဒါကို
ကောင်းကောင်းမထိန်းနိုင်ရင် ငါတို့
ပေးဝင်ထားတဲ နတ်ဆိုးစစ်တပ်က
အပြင်မှာရှိတဲ့ နတ်ဆိုးဝံပုလွေတွေနဲ့
ပူးပေါင်းနိုင်တယ်ဆိုတာ
နင်သတိထားမိသင့်တယ်မဟုတ်လား။
အဲဒီအချိန်မှာ မြို့က

တကယ်ကျသွားနိုင်တယ်။ ပြီးတော့ ငါတို့ဒီလိုလုပ်လိုက်တာက အတော်လေးလွန်ကဲသွားလိမ့်မယ်။ မြို့ထဲမှာရှိတဲ့လူတိုင်းကို ဒေါသထွက်သွားစေနိုင်တယ်။ ဒီအခါမှာ ငါတို့က အပြင်ကနတ်ဆိုးစစ်တပ်အပြင် အတွင်းရေးပဋိပက္ခနဲ့ပါ ရင်ဆိုင်နေရမှာပေါ့။ ဒါဆို ငါတို့တကယ်ပြီးသွားလိမ့်မယ်"

ယန်ယဲ့က ပြုံးပြီး "မင်းကိုကြည့်ရတာ ငါ့မိတ်ဆွေတစ်ယောက်ကိုတောင်

သတိရမိတယ်။ မင်းက သူမလို
ညဏ်ကောင်းပြီး သူမလိုပဲ
ထူးခြားတဲ့ပါရမီရှင်တစ်မယောက်ပါ။
အတိတ်တုန်းက ငါတိုက်ပွဲတွေပြီးလို့
ပြန်ရောက်တော့ သူမအတွက်
အရာအားလုံးကို ဖြေရှင်းပေးခဲ့တယ်။ အခု
ငါ စဉ်းစားကြည့်တော့ သူမကို
တကယ်ကျေးဇူးတင်သင့်တယ်။ သူမ
ငါ့အတွက် အများကြီးတွေးပေး၊
လုပ်ပေးခဲ့တာပဲ"

"ခေါင်းစဉ်မပြောင်းနဲ့" ယုဝူရှမ်က ယန်ယဲ့
စကားလမ်းကြောင်းပြောင်းလိုက်သဖြင့်
ဒေါသထွက်သွားပြီး ပြောလိုက်သည်။
တစ်ချိန်တည်းမှာပဲ သူမက
“နင့်ရဲ့မိတ်ဆွေက  မိန်းကလေးပဲလား” ဟု
ဆက်မေးလိုက်သည်။

ယန်ယဲ့ဟာ သူ့မျက်လုံးထဲတွင်
အတိတ်ပုံရိပ်များပြန်ပေါ်လာပြီး
ခေါင်းညိတ်လိုက်သည်။

ယုဝ္ဝရှမ်က ယန်ယဲ့ကို မော့ကြည့်ပြီး "အိုး" ဟုသာ တစ်လုံးတည်း ရေရွတ်လိုက်သည်။

ထို့နောက် သူမ ခေါင်းကို အနည်းငယ်ငုံ့ကာ ဘာတွေတွေးနေမှန်း ဘယ်သူမှမသိပေ။

ယန်ယဲ့က "ဝ္ဝရှမ်! မင်းရဲ့စိုးရိမ်ပူပန်မှုတွေက အဓိပ္ပာယ်ရှိပါတယ်လေ။
မြို့တံခါးတွေဖွင့်ပြီး နတ်ဆိုးစစ်တပ်တွေ ဝင်လာဖို့ ခွင့်ပြုလိုက်တာနဲ့
ကောင်းကောင်းမစီမံနိုင်ရင် ငါတို့ကိုယ်တိုင်

သေတွင်းတူးသလိုပဲဖြစ်လိမ့်မယ်။ ဒါအပြင် ဒီမြို့သူမြို့သားတွေ ဒေါသဖြစ်မှာကလည်း မှန်ပါတယ်။ မင်းအရာရာတိုင်းကို ကောင်းကောင်းစဉ်းစားပြီးပြီ၊ မင်းရဲ့စိုးရိမ်ပူပန်မှုတွေက လုံးဝအဓိပ္ပါယ်ရှိတာပေါ့။ ဒါပေမဲ့ အခုအချိန်မှာ ငါတို့က နောက်ထပ်ရွေးချယ်စရာတစ်ခုရှိမရှိကို မင်းစဉ်းစားပြီးပြီလား"

###Book.66